# စကားပုံ အလင်းပြကျမ်း

## ကြည်ဦး

ကံ့ကော်ဦး
ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

# မာတိကာ


– စကားလက်မွန်
– အမိကိုရှိသေမှ လိုရာကိုရောက်သည် ၃၁
– ကျီးကိုဘုတ်ရှိသေ၊ ဘုတ်ကိုကျီးရှိသေ ၃၆
– ဗိုနေမြဲ ကျားနေမြဲ ၃၇
– မစူးမစမ်း အပြစ်မတင်ရာ ၃၉
– အကြံကုန် ဂဠုန်ဆားချက် ၄၂
– ကျေးဇူးကန်း လမ်းမမြင် ၄၃
– သံကိုကြွက်စား သားကိုစွန်ချီ ၄၄
– တန်ဆေးလွန်ဘေး ၄၆
– ဖွတ်မရ၊ ဓားမဆုံး ၄၇
– သူခိုးဓားရိုးကမ်း ၄၉
– ဆင်ကန်းတောတိုး ၅၄
– ကြွက်သေတစ်ခု အရင်းပြု ၅၆
– ဆင်ဖြူတော်ဝင်မယ့်ကိန်း ချည်တစ်ခင်နှင့် ကျိန်းကြေ ၆၀
– မလျော့မတင်း စောင်းကြိုးညှင်း ၆၁
– ခြေနှစ်ချောင်းလည်းမကယ်နှင့် မင်းလေ့မြောလည်းမဆယ်နှင့် ၆၈
– ငရဲပန်းကို ရွှေပန်းထင် ၇၁
– အဖထက် သားတစ်လကြီး ၇၄
– သမင်မွေးရင်း ကျားစားရင်း ၇၆
– အရင်းစစ်က အမြစ်မြေက ၇၈
– သေတူရှင်ဘက် ၇၉
– မမေးဘဲ မဆိုရ ၈၂
– ကျားသေကို အသက်မသွင်းရ ၈၄

– အလိုကြီး၍ အရနည်းသည် ၈၅
– ပတ္တမြားမှန်လျှင် ညွှန်မနစ် ၈၇
– မြိန်ရာဟင်းကောင်း ၈၈
– သမုဒ္ဒရာရေကို တစ်ယောက်တည်းသောက်၍ မကုန်နိုင် ၉၀
– အတုမြင်အတတ်သင် ၉၂
– သူတော်ကောင်းကို နတ်ကောင်းမ ၉၄
– လိပ်ခဲတန်းလန်း ၉၆
– မရွယ်ဘဲ စော်ကဲမင်းဖြစ် ၉၉
– တောင်ငူလဲတောင်ငူ မောင်းထောင်လဲမောင်းထောင် ၁၀၁
– ဗူးလုံး နှာမထွင်း ၁၀၄
– ကြမ္မာဆောင် သားကောင်ဆိတ်ဖြစ် ၁၀၇
– ခွာရာချင်းတိုင်းသည် ၁၁၁
– သူ့ဆန်စားရဲမှ ၁၁၂
– ကမ္ဘာရန် ၁၁၄
– နှုတ်ကြောင့်သေ လက်ကြောင့်ကျေ ၁၁၆
– ခွေးစကားယုံသည့် ပုဏ္ဏား ၁၁၈
– ကျည်ပွေ့အတက်ပေါက် ၁၂၀
– ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက် ၁၂၂
– ကျီစားသန်ရန် ၁၂၅
– ကြက်လည်းမောစေ ယာလည်းညက်စေ ၁၂၈
– ကျွမ်းကျင်ရာလိမ္မာ ၁၂၉
– ပျားရည်တစ်စက်ကြောင့် ပြည်ပျက် ၁၃၃
– မြွေပါလည်းဆုံး သားလည်းဆုံး ၁၃၄
– ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ၁၃၆
– အိုးတော်လုပ် ဖုတ်ရင်းကမကျက် ၁၃၈
– ဘုမသိ ဘမသိ ၁၄၀
– နိဂုံး ၁၄၅

# စကားလက်မွန်

ရှေးမြန်မာကြီးများသည် တရားနာယူ ဆွေးနွေးခြင်းများ၌ ဖြစ်စေ၊ အပေါင်းအသင်း ရင်းနှီးခင်မင်သူများနှင့် စကားဝိုင်းဖွဲ့၍ ပြောဆိုကြရာ၌ ဖြစ်စေ၊ သားသမီးမြေးမြစ် စသူတို့အား ဆုံးမစကားပြောကြားရာ၌ ဖြစ်စေ၊ သင်ခန်းစာရစေမည့် ပုံတိုပတ်စ၊ ဥပမာ ဥပမေယျ၊ စကားပုံစသည် တို့ဖြင့် သူ့နေရာနှင့်သူ အကြောင်းသင့်ရာ အကွက်ဆိုက်ရာတို့၌ ထည့်သွင်း ခိုင်းနှိုင်းကာ သင့်ရာတို့ကို ပြောကြတတ်သည်မှာ မြန်မာတို့၏ ဓလေ့ထုံး ဟောင်းတစ်ခုကဲ့သို့ပင် ဖြစ်လေ၏။ ထိုသို့သော စကားဟောင်းစကားပုံပြင် စသည်တို့ကိုလည်း ဆရာသမားဘုန်းတော်ကြီးများ စသည်တို့ထံမှ တစ်ဆင့် စကား တစ်ဆင့် နားဖြင့် မှတ်မှတ်ရရ ထုပ်ထုပ်ပိုက်ပိုက် စုဆောင်းသိမ်း ဆည်းလာကြရင်း မြတ်နိုးစွာ လက်ခံသုံးစွဲပြောဆိုလာကြခြင်း ဖြစ်၏။

ဗုဒ္ဓဝင်မဟာဝင် ငါးရာ့ငါးဆယ် အစရှိသော နိပါတ်တော်လာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည့် စကားတော်များ မှာလည်း ဘုရားရှင်သည် အကွက်ဆိုက်ရာ ဆိုက်ရာတို့၌ ဥပမာ ဥပမေ ယျတို့ဖြင့် သံဝေဂဖြစ်ဖွယ် နောင်တ တရားရစေဖွယ် အတုယူလိုက် နာ

စေဖွယ် စသည့် စကားပုံပြင်များကို အလျဉ်းသင့်ရာ၌ ဟောကြားတော်မူသွားသည်များကို တွေ့မြင်ရလေသည်။ ထိုနည်းအတူ ရာဇဝင်အစောင်စောင်တို့၌လည်း သင်ခန်းစာယူရန် မှတ်သားနာယူရန်များကို စကားပုံအမျိုးမျိုးနှင့် ခိုင်ခိုင်ရေးသားကာ မှတ်တမ်းပြုသွားသည်များကိုလည်း တွေ့ရလေသည်။ ဤသို့ဖြင့် ကာလရှည်ကြာစွာ သုံးစွဲပြောဆိုလာကြသည့် စကားဟောင်းများစွာတို့သည် နှောင်းလူများအတွက် စကားပုံပြင် (သို့မဟုတ်) စကားပုံများအဖြစ် အသုံးပြုတွင်ကျယ်လာတော့၏။ သို့သော် ထိုစကားပုံများသည် အကြောင်းမဲ့ ပြောဆိုသုံးနှုန်းလာကြခြင်းကား လုံးဝမဟုတ်ချေ။ စကားပုံတစ်ခုတိုင်း၌ သူ၏ အကြောင်းရင်း ဇာတ်ပွတ် စသည့် အချက်များ ပါစမြဲ ဖြစ်သည်။

မြန်မာတို့၏ ဓလေ့တွင် စကားနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာများစွာရှိခဲ့သည်။ စကားပြောဆိုရာ၌ လိုက်နာကျင့်သုံးနိုင်ရန်အတွက် 'စကားအရာ အင်္ဂါလေးတန်'ရှိရမည်ဟု ရှေးပညာရှိကြီးများက ပြဋ္ဌာန်းခဲ့၏။

| | | | |
|---|---|---|---|
| * ၁။ | သုဘာသိတ | – | ကောင်းစွာပြောဆိုရခြင်း၊ |
| ၂။ | ပိယဝါစာ | – | ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုရခြင်း၊ |
| ၃။ | သစ္စာ | – | ဖြောင့်မတ်တည်ကြည်စွာ ပြောဆိုရခြင်း၊ |
| ၄။ | ဓမ္မ | – | သဘာဝကျ၍ လိုက်နာကျင့်ဆောင်နိုင်ရန် ပြောဆိုရခြင်း။ စသည်တို့ ဖြစ်၏။ |

ဘုရားရှင်ဟောပြော ဆုံးမညွှန်ပြတော်မူထားသည်မှာလည်း စကား ပြောခြင်းနှင့် ပတ်သက်၍ 'စကားခြောက်ခွန်း၊ လူ၌ထွန်း။ လေးခွန်း ရှောင်ခွာ၊ နှစ်ခွန်းသာ'ဟု ဆိုတော်မူလေသည်။ ဤသည်တို့ကား–

* ၁။ ဟုတ်မှန်၍ အကျိုးရှိရမည်၊ သူလည်း နာလိုသောစကား ဖြစ်ရမည်။

၂။ ဟုတ်မှန်၍ အကျိုးရှိသော်လည်း သူမနာလိုသောစကား။

၃။ ဟုတ်မှန်၏ သို့သော် အကျိုးလည်းမရှိ၊ သူလည်း မနာလိုသောစကား။

၄။ မဟုတ်မမှန်သော်လည်း အကျိုးရှိ၍ သူနာလိုနှစ်သက်သောစကား။

၅။ မဟုတ်မမှန်အကျိုးမရှိ၊ သူလည်း မနာလို၊ မနှစ်သက်သောစကား။

၆။ မဟုတ်မမှန်၊ အကျိုးလည်းမရှိ၊ သူလည်း မနာလို မနှစ်သက်သောစကား။

ဘုရားရှင်သည် ဤစကားခြောက်ခွန်းတွင် (ဟုတ်မှန်၍ အကျိုးရှိရမည်။ သူလည်း နာလိုသောစကားကိုသာ ပြောဆိုရမည်။ ဟုတ်မှန်၍ အကျိုးရှိစေလျှင် သူမနာလိုသောစကားဖြစ်သော်လည်း ပြောဆိုရမည်။) ဟု ဆုံးမညွှန်ကြားတော်မူလေသည်။

ထို့ပြင် ရှေးပညာရှိကြီးများသည် စကားအရာနှင့် ပတ်သက်၍ စကားပြောထုံးနည်းဥပဒေကြီး ၁၀ မျိုး ဟူ၍ ‘စကားကြီး (၁၀) မျိုး’ စကားပုံကို အလင်းပြဆိုဆုံးမခဲ့လေသည်။ ထိုစကားကြီး (၁၀) မျိုးသည်ကား (ရေကူးညာတင်၊ ကောက်ပင်ရိတ်လှီး၊ ရေစီးဖောင်ဆန်၊ အိုးတန်ဆန်ခတ်၊ ဆီပွတ်ကျည်ပွေ့၊ ဆင်ဖွေ့ရန်ရှောင်၊ တောင်သူယာခုတ်၊ ကြက်ဆုတ်ခွပ်ပစ်၊ ရေစစ်ကရား၊ ခက်တင်မောင်းနင်း) စသည့် (၁၀) မျိုး ဖြစ်၏။ ဤသည်ကိုပင် စကားပုံ (၁၀) မျိုးဟုလည်း ဆိုကြသည်။

## ရေကူးညာတင်စကား

ရှေးသောအခါ ကုဋေရှစ်ဆယ်ကြွယ်ဝသည့် သူဌေးကြီးတွင် သား တစ်ယောက်ရှိ၏။ ထိုသားသည် ကျွမ်းထိုးကစားရင်းဖြင့် အူထုံးသွား၍ အစားအသောက်မဝင်လျှင် ဆရာသမားများပင့်၍ ရောဂါကိုကု၏။ သို့သော် မည်သူမျှ မကုသနိုင်သောအခါ နောက်ဆုံး၌ ဆရာဇီဝကကို ပင့်ခေါ်၍ ပြ၏။ ဆရာဇီဝကသည် ရောဂါကို စစ်ဆေးကြည့်လျှင် အူထုံးနေသည် ကိုသိ၍ ဤရောဂါသည် ဝမ်းကိုခွဲ၍ အူထုံးနေသည်ကို ဖြည်မှ ပျောက် ကင်းလိမ့်မည်။ ဝမ်းကိုခွဲလျှင် လူနာအား ခုနစ်ရက်အိပ်စေတတ်သောဆေး ကို ပေးပြီးမှ အိပ်ပျော်နေခိုက်တွင် ဝမ်းကို ခွဲရမည်ဖြစ်သောကြောင့် လူနာ သည် ခုနစ်ရက်အိပ်နိုင်ပါမှ ဤဝေဒနာကို ကုသနိုင်မည့်အဖြစ်အား သိ၍ လူနာအား ခုနစ်ရက်အိပ်နိုင်မည်လားဟု မေးရာတွင် ဆရာဇီဝကသည် ဉာဏ်နှင့် တွေးဆ၍ 'ရောဂါပျောက်စေမည်။ သို့သော် ခုနစ်လ အိပ်နိုင်မည် လား'ဟု လူနာကို မေး၏။ လူနာသည် 'ခုနစ်လမအိပ်နိုင်ပါ'ဟု ဖြေ၏။ ဆရာဇီဝကသည် 'ခြောက်လအိပ်နိုင်မည်လား၊ ငါးလအိပ်နိုင်မည်လား၊ လေးလအိပ်နိုင်မည်လား' စသည်ဖြင့် တရွေ့ရွေ့ဆုတ်ကာ၊ ဆုတ်ကာ မေး ၏။ နောက်ဆုံးတွင် ဆရာဇီဝကအလိုရှိသည့်အတိုင်း 'ခုနစ်ရက်အိပ်နိုင် ပါမည်'ဟု လူနာကဖြေလျှင် ဆရာဇီဝကသည် ခုနစ်ရက်အိပ်ပျော်စေသော ဆေးကို ပေးကာ ဝမ်းကို ခွဲ၍ ကုလေ၏။ ခုနစ်ရက်ပြည့်၍ လူနာနိုးလာလျှင် အကောင်းပကတိဖြစ်သွားတော့၏။

(ဆရာဇီဝကသည် ဤကဲ့သို့ ခုနစ်ရက်အလိုရှိသည်ကို ခုနစ်လ ဟု တင်ကူး၍ ပြောဆိုခြင်းသည် 'ရေကူးညာတင်ပြောဆိုခြင်း' ဖြစ်သည် ဟု စကားပုံတွင်လာရ၏။)

မြစ်တစ်ဘက်မှနေ၍ မိမိအလိုရှိသော ရေဆိပ်သို့ ကူးလိုလျှင် မြစ်ညာကတင်၍ ကူးမှ လိုရာဆိပ်သို့ ရောက်နိုင်သကဲ့သို့ စကားပြောဆိုရာ၌လည်း အလိုရှိသည့်အချက်ကို ရောက်အောင် သင့်လျော်သောစကားဖြင့် တင်ကြို၍ ပြောဆိုထားခြင်းသည် 'ရေကူးညာတင်စကားပြောနည်း' ပင်မည်၏။

## ကောက်ပင်ရိတ်လှီးစကားပြောနည်း

ရှေးသောအခါက သူဌေးသားတစ်ယောက်သည် ဖျိုင်းတစ်ကောင်ကို လေးနှင့်ပစ်ကာယူလာ၏။ လမ်းတွင် အခြားသောသူဌေးသားတစ်ယောက်နှင့် တွေ့လျှင် ထိုသူဌေးသားသည် ဖျိုင်းအသေကောင်ကို ကြည့်ကာ သူ့ရင်ကို ထု၍ ရှိုက်ကြီးတငင်ငို၏ 'ငါ့ဖျိုင်းသည် သာမညဖျိုင်း မဟုတ်ပါ၊ တစ်နေ့ကို ရွှေစင်တစ်ကျပ်သား အမြဲအန်ထုတ်ပေးနိုင်သည့် ဖျိုင်းဖြစ်ပါသည်။ ကျွန်ုပ်၏ အဖိုးတန်ဖျိုင်းကို သင် ယခု သတ်လိုက်ပြီ၊ သင့်အား အလျော်တောင်းမည်'ဟု ဆိုလျက် ဖျိုင်းကို လေးနှင့်ပစ်လာသည့် သူဌေးသားအား ခုံသမာဓိရုံး၌ တရားစွဲဆို၏။

ထိုအခါ ဖျိုင်းကို သတ်မိသော သူဌေးသားက ခုံမင်းရှေ့တွင် 'သင့်အား ဤဖျိုင်းသည် ရွှေစင်တစ်ကျပ်သား နေ့စဉ် အန်ထုတ်ပေးခဲ့သည်မှာ နှစ်ကာလ အဘယ်မျှကြာခဲ့ပြီနည်း'ဟု မေး၏။ ဖျိုင်းရှင်သူဌေးသားသည် 'တစ်နှစ်ရှိခဲ့ပြီ'ဟု ဆို၏။ ထိုအခါ ဖျိုင်းကို သတ်သည့်သူဌေးသားသည် 'ဤဖျိုင်းသည် ငါ့အိမ်ရှေ့မှာ စုပုံထားသည့် ရွှေစင်ကို နေ့စဉ်လာ၍ တစ်ကျပ်သားစီ ခိုးယူနေသည်မှာ ကြာပြီ။ နေ့စဉ်ပင် ငါ ချောက်လှန့်၍ ဖမ်းသော်လည်း မရခဲ့။ ယခုမှ ခိုးသားဖျိုင်းကို ရတော့သည်။

သင်သည်လည်း သူခိုးလက်ခံဖြစ်သည်။ ထို့ကြောင့် တစ်နှစ်အတွက် ရွှေစင် သုံးပိဿခြောက်ဆယ်သားကို ငါ့အား ပြန်ပေးရမည်’ဟု ထုချေလျှင် ဗျိုင်းရှင်ဆိုသူ သူဌေးသားသည် ဗျိုင်းပစ်သူ သူဌေးသားအား အလျော်ပေးရ လေ၏။

(ကောက်ပင်ရိတ်သူသည် ကောက်ပင်တို့ကို လက်တစ်ဖက်ဖြင့် ကြပ်တည်းမြဲမြဲစွာ ဆုပ်ကိုင်ပြီးမှ ကောက်ပင်အရင်းကို ရိတ်ဖြတ်ရသကဲ့ သို့ စကားပြောဆိုရာ၌ သူတစ်ပါး၏ စကားကို မြဲမြဲစွာ ချည်နှောင်သကဲ့ သို့ ပြုပြီးသောအခါမှ မိမိ၏စကားဖြင့် အရင်းက ဖြတ်ပိုင်းပြောဆိုခြင်း သည် ‘ကောက်ပင်ရိတ်လှီး စကားပြောနည်း’ပင်မည်၏။

## ရေစီးဘောင်ဆန်စကားပြောနည်း

ဟံသာဝတီပြည် ရာဇာဓိရာဇ်မင်းလက်ထက်တွင် ဒွာရာဝတီ (ထိုင်း)မင်းသည် စစ်သည်များစွာဖြင့် တနင်္သာရီအထိ ချီတက်လာရာ တိုင်းနိုင်ငံအလုံး မငြိမ်မသက်ဖြစ်လာလျှင် ဘုရင်ရာဇာဓိရာဇ် ကြားသိ၍ သံတမန်အရာ၌ လိမ္မာသော အမတ်တစ်ယောက်ကို ချိပ်တံဆိပ် နှိပ်ထားသည့်အိတ်၌ ရွှေပေစာကို ထည့်၍ ထိုင်းမင်းထံ လွှတ်လိုက်၏။ ထိုစာကို ထိုင်းမင်းကြည့်ရှုလျှင်–

“အဆွေတော် ဒွာရာဝတီမင်း မြိတ်၊ တနင်္သာရီနယ်များသည် အဆွေတော်၏ လက်နက်နိုင်ငံ ဖြစ်ပေသည်။ ရေး၊ ဝါးခရု၊ ဓားကျိုး၊ ကလိန်အောင်စုတို့သည် ဟံသာဝတီ၏ လက်နက်နိုင်ငံ ဖြစ်ပေသည်”

ဟု တွေ့ရသောအခါ ထိုင်းမင်းက ‘ဟံသာဝတီမင်းပြောသည့် အတိုင်း ရေး၊ ဝါးခရု၊ ဓားကျိုး၊ ကလိန်အောင်စုတို့သည် သူ၏လက်နက်

နိုင်ငံဖြစ်သည်မှာ မှန်စေတော့၊ ငါသည် ဘေးဘိုးက ဆင်းသက်ပြီး ယခု တိုင် ဒွာရာဝတီ ထီးရိုးနန်းရိုးအစစ် ဖြစ်သည်။ ရာဇာဓိရာဇ်သည်ကား မုတ္တမကနေ ဟံသာဝတီမှာ မင်းပြုရ၍ ပဝတ္တိမင်းဖြစ်သည်။ သို့ပါလျက် ငါ့ကို အဆွေတော်ဟု ဆိုသည်မှာ ဆိုရအံ့လော ဟံသာဝတီသံတို့ ဖြေကြစမ်း၊ မဖြေနိုင်လျှင် ဆီအိုးကင်းမှာထည့်ကြော်မည်’ဟု ဆို၍ ဟံသာဝတီသံတို့က ဖြေသည်မှာ–

“ရှေးရှေးသော ပွင့်တော်မူကုန်ကြသည့် ယခုထက်တိုင် ဘုရားရှင်တို့သည် သဗ္ဗညုတဉာဏ်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ဆွေတော်မျိုးတော်များကို ညီတော်နောင်တော်ဟု ခေါ်ဆိုသောထုံးတမ်းမရှိပါ။ ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားရှင်အချင်းချင်းသာလျှင် ခေါ်ဆိုသောထုံးရှိပါသည်။ ဘုရား၏တပည့်များဖြစ်သော သံဃာတော်တို့မှာလည်း လူအဖြစ်က တော်စပ်ခဲ့သည့် ဆွေမျိုးသားချင်းများအား ညီတော်၊ နောင်တော်ဟု ခေါ်ဆိုထုံးမရှိပါ။ ကျောင်းနေသံဃာအချင်းချင်းသာ နောင်တော်ဟု ခေါ်ဆိုထုံး ရှိပါသည်။ ထိုနည်းအတူ တိုင်းပြည်ကို အစိုးရသော မင်းများမှာလည်း ရွှေထီးရွှေနန်း မစံရသေးသည့် ဆွေတော်မျိုးတော်များကို အဆွေတော်၊ အကြည်တော်ခေါ်ပြီး ချိပ်တံဆိပ်နှင့် ရွှေအိတ်မှာ ပေစာသွင်းပြီး ပေးပို့ရိုးထုံးစံမရှိပါ။ နိုင်ငံအချင်းချင်း ရွှေထီးရွှေနန်းကို စိုးစံရသူအချင်းချင်းဖြစ်၍သာ ဟံသာဝတီမင်းသည် အကြည်တော်၊ အဆွေတော်ဟု ရွှေစာအိတ်ပေစာကို ဆက်သရခြင်း ဖြစ်ပါသည်’ ဟု လျှောက်ထားသည်။

ဒွာရာဝတီမင်းထံမှာ ရှိနေကြသည့် မှူးမတ်၊ ရဟန်း၊ ပုဏ္ဏားစသည်များက ‘ဟံသာဝတီမင်း၏ သံတို့ချေဆိုသော စကားသည် ထီးဆောင်းနန်းနေချင်းဖြစ်၍ အဆွေတော်ဟု ရွှေပေစာပေးသည်မှာ သင့်မြတ်

ပေ၏။ အဆွေတော်ဟူသော ရွှေပေစာကို တိုက်ရိုက်ချေဆိုခြင်း မပြုဘဲ၊ လောကသုံးပါးတွင် အတုမရှိသော ဘုရားရှင်များကို ဥပမာပြု၍ ချေဆို လျှောက်ထားသည်မှာလည်း ထုံးစံဥပဒေပြုထိုက်ပါပေ၏ ’ဟု ချီးကျူးစကား ဆိုကြလေ၏။ ထိုအခါမှ ဒွာရာဝတီမင်းသည် စကားချေဆိုလျှောက်တင် ပုံကို ကျေနပ်ကာ သံတို့အား ဆုလာဘ်များစွာ ပေးသနားတော်မူလေ၏။

(ဘောင်ကြီးသည် မြစ်ညာသို့ ဆန်တက်သည့်အခါ လိုအပ်သော ပစ္စည်းကိရိယာများကို ပြည့်စုံအောင် ယူဆောင်၍ ဘောင်ကို တဖြည်းဖြည်း ဆန်တက်သွားလျှင် လိုရာခရီးသို့ ဆိုက်ရောက်ကာ ကိစ္စအဝဝတို့ကို ဆောင်ရွက်အောင်မြင်နိုင်သကဲ့သို့ စကားပြောဆိုရာ၌လည်း ခြေသိမ်းခေါင်း ပိုက် ဥပမာ ဥပမေယျတို့နှင့် မိမိဆန္ဒရှိရာသို့ ရောက်အောင် ဖြည်းဖြည်း ခြင်း ပြောဆိုသည်ကို ‘ရေစီးဘောင်ဆန်စကားပြောနည်း’ဟု မည်ပေ၏။)

## အိုးတန်ဆန်ခတ် စကားပြောနည်း

အရှင်ဒုကူလနှင့် ပါရိကတို့သည် ဝေဘူလတောင်ခြေရင်း၌ ရသေ့ ပြု၍နေကြစဉ် တောင်ပို့၌ ခွေအောင်းနေသည့် မြွေဟောက်က နှာမှုတ်လိုက် သောကြောင့် မျက်စိနှစ်ကွင်းအလင်းမရဖြစ်ကာ ကွယ်လေ၏။ ထိုအခါ သားတော် သုဝဏ္ဏသာမသည် မျက်မမြင်မိဘနှစ်ပါးအား လုပ်ကျွေးပြုစု လေ၏။ တစ်နေ့သောအခါ ပြုနေကျဝတ်အတိုင်း သုဝဏ္ဏသာမသည် မိဘ များအတွက် မြစ်ဆိပ်သို့သွား၍ ရေသယ်လေ၏။

ထိုအခါ တောလည်ထွက်၍ သမင်လိုက်လာသော ဗာရာဏသီ မင်းသည် သုဝဏ္ဏသာမကို သားကောင်အမှတ်ဖြင့် လေးနှင့်ပစ်မိလေ၏။ သုဝဏ္ဏသာမသည်လည်း မြားဒဏ်ရာဖြင့် မြေပေါ်လဲလေ၏။ ထိုအခါ

အပါးသို့ရောက်လာသည့် ဇာရာဏသိမင်းသည် မိမိပစ်မိသည်မှာ သားကောင်မဟုတ်ဘဲ လူသားတစ်ဦးဖြစ်နေသည်ကို သိရလျှင် 'သင် ဘယ်သူဖြစ်သနည်း ' ဟု မေးသည်။ သုဝဏ္ဏသာမသည် သူမည်သူဖြစ်သည်ဟု ဖြေရင်း ဇာရာဏသိမင်းကို 'သင်သည် လူတို့အား ကာကွယ်စောင့်ရှောက်ရမည့်လူတို့၏ အရှင်ဖြစ်ပါလျက် ကျွန်ုပ်အား အဘယ့်ကြောင့် လေးနှင့်ပစ်ဘိသနည်း ' ဟု မေးပြီးလျှင် 'ကျွန်ုပ်သည် မျက်မမြင်မိဘနှစ်ပါးကို ရှာဖွေလုပ်ကိုင်ကျွေးမွေးနေသူဖြစ်၍ ကျွန်ုပ်သေသွားလျှင် မျက်မမြင်မိဘနှစ်ပါးတို့သည်လည်း လုပ်ကိုင်ကျွေးမွေးသူမရှိတော့၍ သေဆုံးခြင်းသို့ မလွဲမသွေ ရောက်ရတော့မည်ဟု ညည်းညူပြောဆိုလေ၏။

ဇာရာဏသိမင်းသည် ထိုစကားများကို ကြားရသောအခါ 'ငါသည် အပြစ်မရှိသူကို လေးနှင့်ပစ်မိလေပြီ။ သူသေဆုံးသွားလျှင် ငါသည်လည်း ငရဲသို့ရောက်ကာ ကြီးစွာသော ဆင်းရဲခြင်းကို ခံရချေတော့မည်'ဟု တွေး ကာ အလွန်ထိတ်လန့်သောစိတ်ဖြင့် 'ငါ့ကို ခွင့်လွှတ်ပါ၊ သင့်ကိုသားကောင် အမှတ်ဖြင့် ပြုမိပါသည်။ ငါ့အပြစ်အတွက် သင်မရှိလျှင် သင့်မိဘများ ကို သင့်ကိုယ်စား ငါပြုစုစောင့်ရှောက်ပါမည်။ သင့်မိဘများ ဘယ်အရပ် မှာ ရှိသလဲ၊ ကျွန်ုပ်သွားရောက်လိုပါသည် ' ဟု ပြောသည်။

"မင်းကြီး ကောင်းလေပြီ။ ငါဦးခေါင်းပြုထားသည့်အရပ်သို့ တည့်တည့်သာသွားလေ "

ဟု ပြောလျှင် ဇာရာဏသိမင်းသည် ညွှန်လိုက်သည့်အတိုင်း သွားလေရာ သုဝဏ္ဏသာမ၏ မိဘနှစ်ပါးဖြစ်ကြသည့် အရှင်ဒုကူလနှင့် ပါရိကတို့ကိုတွေ့လျှင် အကျိုးအကြောင်းကို ပြောပြ၍ 'သင်တို့အား ကျွန်ုပ်သည် သုဝဏ္ဏသာမကဲ့သို့ လုပ်ကျွေး ပြုစုပါမည်'ဟု ပြောကြားလိုက်၏။ ထိုအခါ အရှင်ဒုကူလ၊ ပါရိကတို့က 'ငါတို့အား လုပ်ကျွေးရန်

အတွက် အလိုမရှိပါ။ ငါတို့သားရှိရာအရပ်သို့သာ ငါတို့အား ပို့ဆောင်ပေးပါတော့ ’ဟု ဆိုသဖြင့် ဗာရာဏသီမင်းသည် သုဝဏ္ဏသာမ လဲလျောင်းနေရာ သောင်ပြင်သို့ တွဲ၍ ခေါ်ဆောင်သွားလေ၏။ ရောက်လျှင် အရှင်ဒုကူလက သား၏ ဦးခေါင်းရင်း အမိပါရိကရသေ့မက သား၏ ခြေရင်း စသည်တို့၌ ထိုင်ကာ မိဘတို့အား လုပ်ကျွေးပြုစုခဲ့သည့် သား၏ ဂုဏ်ကျေးဇူးများကို ချီးမွမ်းတသကာ ငိုကြွေးလျက်ရှိစဉ် သိကြားမင်းသည် အနီးသို့ရောက်လာ၍ ‘အရှင်ရသေ့တို့ သင်တို့သည် မျက်စိနှစ်ကွင်းပင် အလင်းရလိုသလော၊ သားသုဝဏ္ဏသာမ အသက်ကိုလည်း ရှင်လိုသလော၊ အလုံးစုံသော ဆန္ဒကို ပြည့်စုံနိုင်သည့် ရွှေအိုးကြီးရတနာကိုလည်း ရလိုသလော အလိုရှိရာတစ်ခုကို တောင်းဆိုလော့ ’ဟု ဆိုလေ၏။

(သုဝဏ္ဏသာမဇာတ်တော်ကြီးတွင် ဤသို့ပြောဆို၍ ကယ်တင်လာသူသည် သုဝဏ္ဏသာမ၏ ဘဝဟောင်း၌ မိခင်တော်စပ်ခဲ့ဖူးသည့် ‘ဗဟုသုန္ဒရီနတ်သမီးဖြစ်သည်’ဟု တွေ့ရလေသည်။)

ဒုကူလနှင့် ပါရိကတို့သည် သိကြားမင်းအား ‘ငါတို့သည် ရွှေအိုးကြီးရတနာအား သားကိုယ်တိုင်ထမ်းယူလာသည်ကို မြင်လိုပါ၏’ဟု တောင်းဆိုလေ၏။ စကားတစ်ချက်တည်းဖြင့် ဆန္ဒအားလုံး ပြည့်စုံရရှိအောင် တောင်းဆိုလိုက်သောကြောင့် မျက်စိလည်းမြင်၊ သားလည်း အသက်ရှင်၊ ရွှေအိုးရတနာကိုလည်း ရလိုက်သည့်အတွက် ဒုကူလပါရိကတို့သည် အလိုရှိသည့် အားလုံးကို ပြည့်စုံအောင် ရရှိသွားလေ၏။

(ထို့ကြောင့် အိုးနှင့် ဆန် တန်အောင်ထည့်၍ ချက်လျှင် ကောင်းမွန်နူးနပ်သောထမင်းကို သုံးဆောင်စားသောက်ရသကဲ့သို့ အကြောင်းနှင့်တန်ရုံပြောဆို၍ ကောင်းမြတ်သောအကျိုးကို ဖြစ်စေရစေအောင် ပြောဆိုနိုင်ခြင်းကို ‘အိုးတန်ဆန်ခတ်စကားပြောနည်း’ဟု မည်လေ၏။)

## ဆီပွတ်ကျည်ပွေ့စကားပြောနည်း

ရှေးသောအခါ ဘုရင်တစ်ပါးသည် ဘုရားစေတီတစ်ဆူတည်လို သောကြောင့် 'ပိန္နဲတိုင်ကို မန်ကျည်းသားနှင့် လုပ်ရမည်လား၊ ကျွန်းသား နှင့် လုပ်ရမည်လား 'ဟု မှူးမတ်များအား အမေးတော်ရှိလေ၏။

(အချို့စာတွင် မန်ကျည်းသားနှင့် ကောင်းသည်လား ရှားသားနှင့် ကောင်းသည်လားဟု မေးသည် ဆို၏။)

ထိုအခါ အမတ်တစ်ဦးက 'မန်ကျည်းလည်းကောင်းပါသည်။ ကျွန်းသားလည်း ကောင်းပါသည်'ဟု လျှောက်၏။ ဘုရင်မင်းမြတ်က နောက်တစ်ကြိမ် ထပ်၍ 'ရှားသားအနှစ်နှင့် လုပ်လျှင်လည်း ကောင်းမည် လား' မေးတော်မူပြန်၏။ စောစောက လျှောက်တင်သော အမတ်သည် လည်း 'ရှားသားအနှစ်လည်း ကောင်းပါသည်။ ကျွန်းသားလည်း ကောင်း ပါသည်'ဟု ထပ်လျှောက်ပြန်၏။ ထိုအခါ ဘုရင်မင်းမြတ်သည် ကျွန်းသား ကောင်းသည်ဟု အထပ်ထပ်တင်လျှောက်နေသည့် အမတ်ကြီးဘိုးရာဇာ အား အမတ်ကြီးသည် ကျွန်းသားကောင်းသည်ကိုချည်းသာ အကြိမ်ကြိမ် လျှောက်သည်မှာ ကျွန်းသားကိုသာ အသုံးပြုစေလို၍ ဖြစ်ပေမည်ဟု ဘုရား ပိန္နဲတိုင်ကို ကျွန်းသားနှင့်ပဲ လုပ်စေဟု အမိန့်တော် မှတ်လေ၏။

(အချို့စာတွင် အမတ်ကြီးဘိုးရာဇာမဟုတ်၊ ဦးပေါ်ဦးဖြစ်သည်ဟု လည်း တွေ့ရသည်။ အမတ်ကြီးဘိုးရာဇာဖြစ်ခဲ့လျှင် ဘုရင်မင်းမြတ်သည် မင်းကြီးစွာစော်ကဲ (သို့) အင်းဝပထမမင်းခေါင်လက်ထက်ဟု ဆိုရပေမည်။ ဆီကြိတ်သူသည် နှမ်းကို အထပ်ထပ် ထုထောင်း ပွတ်ကြိတ်၍ ဆီထွက် လာအောင် ပြုရသကဲ့သို့ စကားပြောဆိုရာ၌ မိမိအလိုရှိသော စကားကို အထပ်ထပ်ပြောဆိုကာ မိမိ၏ ဆန္ဒထင်ရှားပေါ်လွင်လာအောင် ပြောဆို

ခြင်းသည် အကျိုးတရားဖြစ်ပေါ်လာအောင် ပြောဆိုခြင်း ဖြစ်သည့်အတွက် ထိုစကားပြောနည်းကို 'ဆီပွတ်ကျည်ပွေ့စကားပြောနည်း'ဟု မည်ပေ၏။)

## ဆင်ဖော့ရန်ရှောင်စကားပြောနည်း

ကြာခဲ့သောကာလ လွန်လေပြီးသောအခါက ဘုရင်မင်းကြီးတစ်ပါး၏ ညီတော် အိမ်ရှေ့မင်းသည် နောင်တော်အား ခွင့်တောင်းကာ ကျောင်းတော်ကြီးတစ်ဆောင်ကို ဆောက်လုပ်၏။ လုပ်ဆောင်ပြီးသောအခါ ကျောင်းတိုင်များကို ယက်မအောက်မှ မြေကြီးသို့ ထိသည့်တိုင် ရွှေချထားစေ၏။ တစ်နေ့တွင် မြို့ဝန်သည် ရွှေချထားသည့်တိုင်များကို မြင်လျှင် 'အိမ်ရှေ့မင်းသည် မင်းဧကရာဇ်ကို တုပကာ တိုင်များကို မြေသို့ထိ ရွှေချထားသည်မှာ မသင့်'ဟု အိမ်ရှေ့မင်းကို မပန်ကြားဘဲ တိုင်မှ ရွှေများကို ဖျက်စေ၏။

ထိုအကြောင်းကို အိမ်ရှေ့မင်းသိသွားသောအခါ 'အဘယ်သူသည် ငါ၏ကောင်းမှုကို ဖျက်ဆီးလေသနည်း'ဟု မေး၏။ မင်းချင်းများက 'မြို့ဝန်မင်းအမိန့်ဖြင့် ဖျက်ဆီးသွားကြကြောင်းပါဘုရား'ဟု လျှောက်ကြ၏။ အိမ်ရှေ့မင်းသည် အမျက်ပြင်းထန်စွာထွက်၍ မြို့ဝန်မင်းကို ခေါ်ကာ မေးလေ၏။ 'မြို့ဝန် သင်သည် ငါ၏ ကောင်းမှုတော်ကို အဘယ့်ကြောင့် ဖျက်ဆီးဘိသနည်း ' မြို့ဝန်သည်လည်း ခွင့်မပန်ကြားဘဲ လုပ်လိုက်မိသည့်သူ၏အပြစ်ကို သိမြင်ကာ အမှန်အတိုင်း လျှောက်ထားလိုက်လျှင် ပိုမို၍ ပင် အမျက်ထွက်ချေဦးမည်ဟု တွေးမိသောကြောင့် နားခံသာ၍ အိမ်ရှေ့မင်း၏ နှလုံးသားနူးညံ့သွားအောင် ပြုပြီးမှ လျှောက်ထားမည်ဟု စိတ်ကူးလျက်–

'မှန်ပါ အရှင်အိမ်ရှေ့စံဘုရား နောင်တော်ရွှေနန်းရှင်ဘုရားသည် လူ့ပြည်ငြိး၍ နတ်ထီးစံတော်မူသောအခါ နောင်တော်ဘုရား၏ အရိုက်

အရာကို စံမြန်းရမည်မှာ အရှင်အိမ်ရှေ့စံဘုရား ဖြစ်ပါသည်။ သို့ပါ၍ အရှင်အိမ်ရှေ့စံဘုရားသည် ယခု အိမ်ရှေ့စံအရှင်ဘဝမှာ ကျောင်းတိုင်များကို မြေသားအထိ ရွှေချလိုက်လျှင် နောင် အထွတ်အမြတ်သို့ ရောက်တော်မူသောအခါ၌ ဤသို့ပင် ထပ်တူ လှူတော်မူပါလျှင် ရဟန်းရှင်လူတွေက အိမ်ရှေ့စံဘဝက လှူတာထက် မင်းဧကရာဇ်ဘဝကို ရောက်လာမှ လှူတာဘာမျှမထူးခြားဘူး။ အတူတူပါပဲလို့ မကွဲမပြား ခြားနားခြင်းမရှိလေဟု ဝေဖန်ပြောဆိုမှု မရှိကြရလေအောင် မြေသားအထိ ရောက်ရှိနေသည့်တိုင်မှ ရွှေများကို ဖျက်ဆီးလိုက်ရကြောင်းပါ။ အရှင်အိမ်ရှေ့စံဘုရား နောင် ရွှေထီးရွှေနန်းကို စိုးစံသောအခါသို့ရောက်မှ ဤသို့သော မြေကြီးထိ ရွှေချထားသည့် ကျောင်းတော်ကြီးကို ထူးခြားသော ကောင်းမှုတော်ကြီးအဖြစ် ဆောက်လုပ်လှူဒါန်းပါမှ ပြည်သူရှင်လူရဟန်းတို့ အံ့သြချီးကျူးဖွယ် ရှိရလေအောင် စီမံလိုက်ရခြင်း ဖြစ်ပါကြောင်း၊ ဖျက်ဆီးခြင်း ဆန္ဒဖြင့် ပြုလုပ်ခြင်း လုံးဝမဟုတ်ပါကြောင်း ’ဟု လျှောက်တင်လေ၏။

ထိုအခါတွင်မှ အိမ်ရှေ့မင်းသည် ‘သြော် မြို့ဝန်သည် ငါ၏ အကျိုးအတွက် ဆောင်ရွက်ခြင်း ဖြစ်ပေသည်’ ဟု သဘောတော်ရကာ အမျက်ပြေသွားလေတော့သတည်း။

(ဆင်သည် ဝှေ့မည်ဟု လိုက်လာလျှင် ရပ်လျက်နေ၍မရ၊ အားကြီးသော တိရစ္ဆာန်ဖြစ်၍ ဘေးရောက်မည်ဖြစ်၏။ ထို့ကြောင့် ရပ်လျက်ခံမနေဘဲ လွှဲဖယ်တိမ်းရှောင်၍ လွတ်ရာသို့ ကွေ့ကောက်လှည့်ပတ်ကာ ပြေးသောအခါမှ အသက်ချမ်းသာရာ ရကြဘိသကဲ့သို့ မိမိအား ဘေးရောက်စေမည့် စကားကို ရှောင်လွှဲ၍ ပြောဆိုခြင်းသည် ‘ဆင်ဝှေ့ရန်ရှောင်စကားပြောနည်း’ ဟု မည်ပေ၏။)

တောင်သူယာခုတ်စကားပြောနည်း

မိထိလာပြည် ဝိဒေဟရာဇ်မင်းကြီးသည် (သေနက၊ ဒေဝိန္ဒ၊ ပက္ကုသ၊ ကာမိန္ဒ)ဟူသော အမတ်ကြီးလေးဦးနှင့် မွေးစားသား မဟောသဓာတို့အား တစ်နေ့သောအခါတွင် 'အချင်းတို့ ဥစ္စာရှိသူနှင့် ပညာရှိသူနှစ်ဦးတွင် အဘယ်သူက မြတ်သနည်း 'ဟု မေးတော်မူ၏။

ထိုအခါ သေနကအမတ်က'ဥစ္စာရှိသူသာမြတ်ပါကြောင်း'ဟု ဆို၏။ မဟောသဓာက 'ပညာရှိသူသာ မြတ်ပါကြောင်း'ဟု ဆို၍ မင်းကြီးသည် ပြုံးတော်မူကာ 'ဘယ့်နှယ်လဲ သေနကအမတ်ကြီးရဲ့'ဟု ထပ်၍ မေးသော အခါ အမတ်ကြီးက 'မဟောသဓာသည် အမိနို့ရည်ပင် မစင်သေးသည့် သူငယ်မျှပင် ဖြစ်ပါသောကြောင့် နားမလည်၍ ပြောခြင်း ဖြစ်ပါသည်။ မဖြစ်နိုင်ပါ အရှင်မင်းကြီးလောက၌ ဥစ္စာရှိသောသူတို့ကိုသာ ပညာရှိသော သူများက ခစားနေကြသည်မှာ အများပင် ဖြစ်ပါ၍ ဥစ္စာရှိသောသူသာလျှင် မြတ်ပါကြောင်းဘုရား '

'ငါ့သားမဟောသဓာ အဘယ်သို့ဆိုမည်နည်း'ဟု မင်းကြီးက မေး ပြန်လျှင် မဟောသဓာက 'အမတ်ကြီးသည် အမှန်ကို မသိ၍ ပြောဆိုခြင်း ဖြစ်ပါသည်။ ဥစ္စာသာရှိ၍ ပညာမရှိသောသူတို့သည် နာဖျားမကျန်း ရှိသောအခါ ရောဂါပျောက်ကင်းရန်အတွက် ဆေးဟူးရားပညာတတ်ကျွမ်း သူ ပညာရှင်များကို ဆည်းကပ်ကာ ခစားရပါသည်။ ထို့ကြောင့် ပညာရှိ သူသာလျှင် မြတ်ပါကြောင်း'ဟု ဖြေဆို၏။ 'အသို့နည်းအမတ်ကြီး'ဟု မင်းကြီးက မေးပြန်၏။ 'မဟောသဓာသည် အတွေ့အကြုံနည်းပါ၊ အလိမ္မာ ရှားပါးသေး၍ ဆိုခြင်း ဖြစ်ပါသည်။ အသီးအပွင့်နှင့် ပြည့်စုံသည့် စားသုံး ပင်ကို ငှက်အပေါင်းတို့ မှီခိုရသကဲ့သို့ ဥစ္စာရှိသောသူကိုသာ လူခပ်သိမ်း

တို့ မှီခိုစားနေရပါသည်။ ထို့ကြောင့် ဥစ္စာရှိသူသာလျှင် မြတ်ပါကြောင်း ဘုရား ’ဟု အမတ်ကြီးက လျှောက်ပြန်၏။ ထိုအခါ ‘ငါ့သားမဟောသဓာ အသို့နည်း ’ဟု မင်းကြီးက မေးပြန်၏။

“မှန်ပါ ဥစ္စာရှိသူသာ မြတ်သည်ဟု ကြိမ်ဖန်များစွာ ပြောနေသည့် အမတ်ကြီးသည် ခွေးငတ်ကြီးနှင့် တူပါ၏။ ငတ်နေသောခွေးကြီးများသည် ထမင်းဆုပ်ရှိရာ အစာရှိရာတို့မှာ ဝိုင်းအုံနေကြသကဲ့သို့ တခဏမျှ ချမ်းသာ မှုကိုသာ မြတ်နိုးကြသကြ၏။ ဥစ္စာသာရှိ၍ ပညာမရှိသော လူမိုက်တို့ သည် ကုသိုလ်၊ အကုသိုလ်ကိုလည်း မသိ၊ အကုသိုလ်တရားကြောင့် အပါယ်သို့ ကျရောက်တတ်သည်ကိုလည်း မမြင်။ ပညာရှိသောသူတို့မှာ အကုသိုလ်တရားကို သိ၍ ကုသိုလ်တရားကို ကျင့်ကြ၏။ ကုသိုလ်တရား ကို ကျင့်သောကြောင့် ကောင်းရာသုဂတိသို့ လားကြသူများသည် ပညာရှိ သောသူများသာဖြစ်၍ ပညာရှိသူသာလျှင် မြတ်ပါကြောင်းဘုရား ’ဟု မဟောသဓာက လျှောက်၏။

‘သေနကအမတ်ကြီး အသို့နည်း မဟောသဓာဆိုသည်မှာ မှန် သလော ’ဟု မင်းကြီးက မေးပြန်၏။ ‘အရှင်မင်းကြီး မဟောသဓာသည် ဟုတ်မှန်ရာကို မသိ၍ မျက်မမြင်အကန်းကဲ့သို့ မမြင်မစမ်းပြောဆိုခြင်းသာ ဖြစ်ပါသည်။ လောက၌ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့သည် ရေ အစဉ်ပြည့်လျက်ရှိသည့် မဟာသမုဒ္ဒရာကြီးထဲသို့သာ စုပေါင်းလာကြရသကဲ့ သို့ လူအပေါင်းတို့သည်လည်း ဥစ္စာရှိသောသူတို့ထံ အမြဲခစားလာရောက် ကြရပါသည်။ ရှေးသောအခါက ဂေါဝိန္ဒသူဌေးဆိုသူသည် သူ၏ ခံတွင်း မှ မကောင်းသော အရည်များကျသည်ကို နတ်သမီးအဆင်းနှင့်တူသည့် မိန်းမငယ်တို့သည် ဝတ်ကောင်းတန်ဆာတို့ ဝတ်ဆင်ကာ ကြာညိုပန်းတို့ ဖြင့် အလှည့်ကျသုတ်ပေးရပါသည်။ ဤသည်ကို ထောက်၍ ဥစ္စာရှိသူသာ မြတ်ပါကြောင်းဘုရား ’ဟု အမတ်ကြီးက လျှောက်၏။

'အသို့နည်းသားတော်  'ဟု ဝိဒေဟရာဇ်မင်းကြီးက မေးပြန်၏။ ထိုအခါ မဟောသဓာကလည်း ဖြေပြန်၏။

"သေနကအမတ်ကြီးသည် လူကြီးဖြစ်ပါသော်လည်း လူကြီးမိုက်ဖြစ်ပါ၏။ မဟာသမုဒ္ဒရာရေသည် ကမ်းစပ်သို့ရောက်လျှင် ပျောက်၏။ ကမ်းကို မလွန်နိုင်။ ထို့အတူ ဥစ္စာသာရှိ၍ ပညာမရှိသူသည် သဘင်ပွဲလယ်သို့ ရောက်လျှင် သူတစ်ပါးတို့နောက်ကနေရ၏။ လျှာမရှိသောငါးကဲ့သို့ ဆိတ်လျက်သာနေရ၏။ ပညာရှိသူတို့သည် ပွဲလယ်မှာလည်း တင့်တယ်၏။ အနှစ်ရှိသောစကားကိုလည်း ပြောနိုင်၏။ လူတကာတို့သည်လည်း ချီးမွမ်းခြင်းကို ပြုကြ၏။ ဂေါဝိန္ဒသည် အရည်အရွဲ့ယိုတတ်သောကြောင့် ပွဲလယ်မှာနေခြင်းငှာမထိုက်၊ ပမာဆိုသော် ဥမင်တွင်း၌ ပစ္စည်းများစွာ ရှိပါသော် လည်း ဆိမိးဟူသော အလင်းကို ရမှသာ ရွေးချယ်ယူဆောင်နိုင်ပါသည်။ ဆိမိး၏အလင်းကို မရလျှင် မည်သို့မျှ မယူဆောင်နိုင်ပါ။ ဥစ္စာရှိ၍ပညာမရှိသူသည် ဆိမိးနှင့်တူသော ပညာနှင့် ကင်း၍ ချမ်းသာမှုကို မရနိုင်။ ထို့ကြောင့် ပညာရှိသောသူသာလျှင် မြတ်ပါကြောင်း"

'သေနကအမတ်ကြီး အသို့နည်း 'ဟု မင်းကြီးက မေးပြန်သောအခါ သေနကအမတ်ကြီးသည် အားထုတ်၍ ဥစ္စာသာလျှင် မြတ်သည်ဟု ထပ်ဆိုပြန်၏။

"အရှင်မင်းမြတ် မဟောသဓာသည် ဘာကိုမျှ မလေ့လာ မမြင်မသိ၍ မှားယွင်းစွာပြောသွားခြင်း ဖြစ်ကြောင်းပါ။ အရှင်မင်းကြီးသည် မိထိလာပြည်ကြီး၏ ရွှေထီးရွှေနန်းကို ပိုင်စိုးသည့် ဥစ္စာရှင်၊ စည်းစိမ်ရှင် ဖြစ်သောကြောင့် ကျွန်တော်မျိုးတို့ သုခမိန်ပညာရှိတို့သည် ဥစ္စာရှိသော အရှင်မင်းကြီးအား နေ့တိုင်းပင် လာရောက်၍ ခစားနေကြရပါသည်။ မဟောသဓာသည် ဤသည်ကို မသိ၍ သူယုတ်တို့၏ စကားကိုသာ ထပ်ကာ ထပ်ကာဖြင့် ပညာရှိတို့သည်သာ မြတ်သည်ဟု ပြောဆိုနေပါသည် "

'အသို့နည်း ငါ့သား မဟောသဓာ အဘယ်သို့ဆိုမည်နည်း'ဟု မင်းကြီးက မေးပြန်၏။

'အမတ်ကြီးသည် ဘာကိုမျှ မသိသူဖြစ်၍ ပြောနေခြင်းသာ ဖြစ်ပါသည်။ လောက၌ ပွင့်တော်မူကုန်ကြသည့် သဗ္ဗညုဘုရားရှင်တို့သည် တစ်ချင်ရွေးမျှသောဥစ္စာကိုမျှ မှီတော်မမူပါ။ သို့သော် ပြည်ထောင်ထီးဆောင်း၊ နန်းနေအပေါင်းတို့သည် ညွတ်တွားပူဇော်ကြရပါသည်။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်မှ စ၍ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခတို့သည်လည်း ထိုဘုရားရှင်နှင့်တကွသော ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ စသည့် ပညာရှိသူတော်မြတ်တို့အား ခစားပူဇော်နေကြပါသည်။ သို့ပါ၍ ပညာရှိသာလျှင် မြတ်ပါကြောင်း 'ဟု မဟောသဓာသည် ကေသရာဇာခြင်္သေ့မင်းဟောက်သည်သို့ လျှောက်တင်လျှင် 'အသို့နည်း အမတ်ကြီး'ဟု သေနကအမတ်ကြီးကို မေး၏။

သေနကအမတ်ကြီးသည် ရေကုန်၍ အိုးချည်းသာရှိနေသူကဲ့သို့လည်းကောင်း၊ စပါးကုန်သွားသည့် တင်းတောင်းကဲ့သို့ လည်းကောင်း၊ ပြန်လည်ချေဆိုရန် စကားမရှိတော့သဖြင့် ဦးခေါင်းကို ငိုက်ကာ မျက်လွှာကို ချ၍ ဆိတ်ဆိတ်နေလေတော့၏။ ထိုအခါ မင်းကြီးက 'ပညာရှိမြတ်သည်ဆိုသော သားတော်၏ စကားသည် မှန်ပေ၏။ ဤလောကသုံးပါးတွင် အတုမရှိ သဗ္ဗညုတဉာဏ်ကို ရတော်မူသောဘုရားရှင်တို့ထက် အဘယ်သို့သော ဥစ္စာရှိသူသည် မြတ်ပေအံ့နည်း၊ ထို့ကြောင့် ဥစ္စာရှိသူထက် ပညာရှိသူသာ မြတ်ပေ၏'ဟု ဆိုကာ မဟောသဓာအား များစွာသော ဆုလာဘ်တို့ကို ပေးတော်မူလေသတည်း။

(တောင်သူတို့သည် ယာခုတ်ကြသောအခါ ချုံနွယ်ပင်ငယ်များစွာတို့ကို ရှင်းလင်းသုတ်သင်ပြီးသောအခါမှ သစ်ပင်ကြီးများကို ခုတ်လှဲကြ

ရသကဲ့သို့ စကားပြောရာတွင်လည်း စကားငယ်များကို ဦးစွာပြောဆိုပြီး သည့်နောက်မှ စကားကြီးများကို နိုင်နင်းစွာပြော၍ မိမိလိုရာသို့ ရောက် အောင် ပြောဆိုတတ်ခြင်းသည် 'တောင်သူယာခုတ်စကားပြောနည်း'ဟု မည်ပေ၏။)

## ကြက်ဆုတ်ခွပ်ပစ်စကားပြောနည်း

မြန်မာ ရာဇဝင်တွင် အင်းဝနေပြည်တော်မှ အမတ်ပညာရှိနှင့် ရခိုင် နေပြည်တော်မှ ပညာရှိအမတ်တို့ စကားစစ်ထိုးကြသောအခါ ရခိုင် ပညာရှိက 'ဓညဝတီပြည်ကြီးသည် နတ်ပြည်ကဲ့သို့ သာယာ၏။ ဆန္ဒဟူသမျှ ပြည့်စုံသောကြောင့် ဓညဝတီပြည်သားတို့သည် အရာရာ၌ ပြည့်စုံကာ ဒါနသီလ စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခြင်း၌သာ မွေ့လျော်ကြ ကုန်၏။ ရွှေနန်းရှင်မင်းမြတ်မှာလည်း မင်းကျင့်တရားဆယ်ပါးနှင့် အညီ ကျင့်တော်မူသည်ဖြစ်၍ တိုင်းနိုင်ငံသားတို့သည် ရောဂါဘယမရှိဘဲ အေး ချမ်းစွာနေကြရ၏'ဟု ပြောလေ၏။ ထိုအခါ အင်းဝပညာရှိ အမတ်သည် မိမိအား ထိခိုက်ငြိစွန်းစေသော စကားတို့မဟုတ်၍ 'ဟုတ်ပါလိမ့်မည်၊ မှန်ပါလိမ့်မည် 'ဟု ဆိုလေ၏။

ထို့နောက် အင်းဝပညာရှိအမတ်က 'ကျွန်ုပ်တို့၏ အင်းဝနိုင်ငံတော် ကြီးသည် စည်ပင်သာယာ ဝပြောလွန်းပါ၍ ဆယ့်နှစ်ရာသီပတ်လုံး အလှူဒါနပွဲလမ်းသဘင် စသည် မပြတ်ပေါများလှသောကြောင့် မည်သူ တစ်ဦးတစ်ယောက်မျှ ပွဲမကြည့်ကြတော့ချေ 'ဟု ဆိုလျှင် ရခိုင်ပညာရှိ အမတ်က 'အမတ်ပညာရှိ ပြော၍ ကြားသိရပါသည်။ သို့ရာတွင် ကျွန်ုပ် အင်းဝရွှေပြည်သို့ ရောက်နေသည့်အတွင်း အင်းဝသူအင်းဝသားတို့သည်

ကျွန်ုပ်အား တိုးဝှေ့လာရောက်၍ ကြည့်နေကြသည်ကို မြင်ရလေသည်။ ဘယ်ကြောင့်ပါနည်း ’ဟု မေးလေ၏။ ထိုအခါ အင်းဝပညာရှိအမတ်က ပြန်ဆိုသည်မှာ အမတ်သုခမိန်လာစဉ်က အင်းဝသူအင်းဝသားများ တိုးဝှေ့လာရောက်ကြည့်ကြသည်ဟု အမတ်သုခမိန် ပြောသည်မှာ ဟုတ်ကောင်းဟုတ်ပါလိမ့်မည်။ အင်းဝသူ အင်းဝသားတို့၏ သဘောကား အင်းဝရွှေနန်းရှင်၏ မင်္ဂလာဆင်တော်ကို ရွှေကြိုးရွှေက တင်ပြီး အတီးအမှုတ်များနှင့် နေ့တိုင်းမပြတ် သုံးကြိမ် ရေချသည်ကိုပင် ကြည့်ကြရှုကြသူ တစ်ယောက်မျှမရှိ။ တောဆင်ရိုင်းကို ယူလာသည့်အခါမျိုးဆိုလျှင် ကြိတ်ကြိတ်တိုး၍ ကြည့်ရှုတတ်ကြသည်။ ယခုလည်း အမတ်သုခမိန်ကို လူအရိုင်းအစိုင်းဖြစ်သည်ဟု ထင်၍ လာရောက်တိုးဝှေ့ကြည့်ကြခြင်း ဖြစ်လိမ့်မည်’ဟုဆိုလျှင် ရခိုင်ပညာရှိအမတ်သည် ‘ငါ့ကို စကားတစ်ချက်စီးမိပေပြီ’ဟု ဆိုကာ အရှုံးပေးလိုက်လေ၏။

(ကြက်တို့သည် အချင်းချင်းခွပ်ကြသည့်အခါ ရှေးတိုးနောက်ဆုတ်ပြုလျက် စီးမိမှသာ ခွပ်သကဲ့သို့ စကားပြောဆိုရာ၌လည်း သူ့အလိုသို့ လိုက်တန်လျှင် လိုက်၍ စီးမိပြီဆိုသောအခါမှ မိမိအလိုသို့ ရောက်အောင် ပြောဆိုခြင်းမျိုးကို ‘ကြက်ဆုတ်ခွပ်ပစ်စကားပြောနည်း’ဟူ၍ မည်ပေ၏။

## ရေစစ်ကရား စကားပြောနည်း

ရှေးသောအခါက အဘိုးအိုတစ်ယောက်နှင့် သူငယ်လေးယောက်တို့သည် ‘ယုံတမ်းစကား’ပြောကြလေ၏။ ပထမဆုံးပြောသောသူငယ်က–

“သူသည် အမိဝမ်း၌ ပဋိသန္ဓေရှိနေစဉ် အမိသည် ချဉ်သီးစားချင်နေသည်ကို သိ၍ အမိဝမ်းမှ ခေတ္တထွက်လာကာ ချဉ်သီးကို ရှာ၏။

တွေ့လျှင် အမိကို ပေးပြီးမှ အမိဝမ်းထဲသို့ ပြန်ဝင်နေလိုက်၏။ ဤအဖြစ်ကို အမိသည် လုံးဝ မသိချေ ’ဟု ဆိုကာ ‘ငါပြောသည်ကို ယုံကြည်ကြပါသလား’ဟု မေး၏။ နားထောင်သူများက ‘ယုံကြည်ပါ၏’ဟု ဆိုကြလေသည်။

(ယုံတမ်းစကားပြောကြရာတွင် ‘မယုံကြည်’သူသည် ကျွန်ခံစတမ်းဟု ပြောထားသည်ဖြစ်၍ မယုံကြည်လောက်အောင် ပြောသော်လည်း ကျွန်ခံရမည်စိုး၍ ‘ယုံကြည်ပါ၏’ဟုသာ ပြောကြစမြဲဖြစ်၏။)

ထို့နောက် ဒုတိယသူငယ်က ဆက်၍ပြောလေသည်မှာ

‘ငါသည် တစ်ခုသောနေ့က မန်ကျည်းသီးစားချင်၍ မန်ကျည်းသီးခူးမည်ဟု မန်ကျည်းပင်ရှိရာသို့ သွားသည်။ သို့သော် မန်ကျည်းပင်ပေါ်သို့ မတက်နိုင်သောကြောင့် ခြေမကို ကိုင်၍ လွှင့်ပစ်လိုက်လျှင် မန်ကျည်းပင်ပေါ် ငါရောက်သွား၏။ မန်ကျည်းသီးများကို ငါခူးရာ ဆယ်တင်းခန့်ရလေ၏။ ထိုမန်ကျည်းသီးများနှင့် ဆင်းမည်ပြုသောအခါ မဆင်းနိုင်တော့၍ အိမ်ကလှေကားကို ပြန်ယူပြီး လှေကားထောင်ကာ ဆင်းတော့မှ ဆင်းလာနိုင်တော့သည်။ ငါပြောသည်ကို ‘ယုံကြည်ကြပါသလော ’ဟု မေး၏။ နားထောင်သူများက ‘ယုံကြည်ကြပါ၏’ဟု ဆိုကြသည်။

ထို့နောက် တတိယလူငယ်က ဆက်၍ ပြောလေ၏။

“သူသည် တစ်နေ့သောအခါက ငါးဟင်းစားချင်၍ မြစ်ရေထဲသို့ ငုပ်၍ ငါးဖမ်းလေရာ ငါးကြီးတစ်ကောင်မိလေ၏။ သို့ရာတွင် ထိုငါးကြီးကို ရေပေါ်သို့ မယူနိုင်သောကြောင့် ရေထဲ၌ပင် ငါးကို မီးဖုတ်၍ စားခဲ့ရ၏။ ‘ယုံကြည်ကြပါ၏လော’ဟု မေး၏။ အားလုံးက ‘ယုံကြည်ကြပါ၏’ဟု ဆိုကြလေသည်။

ထို့နောက် စတုတ္ထမြောက်သူငယ်က ပြောလေသည်မှာ—

'ငါတို့နေသောအိမ်သည် အလွန်မြင့်လေ၏။ ထို့ကြောင့် ငါတို့ အိမ်မှာနေသည့် ပြည့်ဝဆိုသော ကျွန်မသည် အိမ်ပေါ်၌ သားဖွားလေရာ ဖွားစသားသည် အိမ်ကြမ်းပေါက်မှ အောက်သို့ ကျသွားသောအခါ ထို ကလေး၏ ဆံပင်များ ဖွေးဖွေးဖြူသောအရွယ်သို့ရောက်မှ အိမ်အောက်သို့ ရောက်တော့၏။ သို့သော် ထိုကလေးသည် မကျိုးမပဲ့ မသေမကျေဘဲ အကောင်းပကတိရှိ၏။ 'ယုံကြည်ကြပါ၏လော'ဟု မေး၏။ အားလုံးက 'ယုံကြည်ကြပါ၏'ဟု ဆိုကြလေသည်။

သူငယ်လေးယောက်တို့ ပြောပြီးကြလျှင် အဘိုးအိုအလှည့်ဖြစ်၍ အဘိုးအိုသည် သူ၏ ယုံတမ်းစကားကို ပြောလေ၏။

အဘိုးက ယာသမားကွဲ့၊ အဘိုးယာထဲမှာ ဝါပင်တွေ စိုက်ထားတယ်။ ထူးထူးဆန်းဆန်းကွယ်။ ဝါပင်ကြီးတစ်ပင်ဟာ တခြားဝါပင်တွေထက် သန်စွမ်းကြီးမားတဲ့အပြင် အကိုင်းလေးကိုင်းထွက်လာပြီး အကိုင်းတစ်ကိုင်းစီမှာ ဝါသီးတစ်လုံးစီ သီးနေကြတယ်ကွယ့်။ ကြာတော့ အဲဒီဝါသီးတွေထဲက သူငယ်တစ်ယောက်စီ ပေါက်လာကြတယ်။ အဘိုးလဲ သူငယ်လေးယောက်ကို ချစ်လွန်းလို့ ကောင်းကောင်းမွန်မွန်စောင့်ရှောက်ကျွေးမွေးထားတယ်။ ဒါပေမဲ့ သူငယ်လေးယောက်ဟာ အရွယ်လဲရောက်လာရော အဘိုးဆီက ထွက်ပြေးသွားကြတယ်ကွယ်။ အဲဒါကြောင့် ဒီသူငယ်လေးယောက်ကို မနားမနေ အဘိုးလိုက်ရှာတာ အခုမှပဲ မင်းတို့လေးယောက်ကို တွေ့ရတော့တယ်။ မင်းတို့အားလုံး ငါ့ဝါသီးထဲက ပေါက်လာကြတဲ့ သူငယ်တွေဖြစ်လို့ ငါ့ကျွန်တွေချည်း ဖြစ်တော့တယ်။

သူတို့လေးယောက်ကို ငါအမည်ပေးထားတာက 'စိတ္တ၊ နန္ဒ၊ ကုမာရ၊ ဘာသိတ'တဲ့ ဒါကြောင့် မင်းတို့လေးယောက် ငါနှင့်လိုက်ခဲ့ကြ၊ ငါ့ယာထဲမှာ ကျွန်ခံကြရမယ်။ 'ကိုင်း အဘိုးပြောတာကို ယုံကြည်ကြ

ပါ၏လော’ဟု မေးလျှင် သူငယ်တို့မှာ ‘ယုံကြည်ပါ၏’ဆိုလျှင်လည်း အဘိုးအိုခေါ်ရာသို့လိုက်ကာ ကျွန်ခံရတော့မည်။ ‘မယုံကြည်’ဟု ဆိုပြန်လျှင်လည်း မယုံကြည်ဟုဆိုလျှင် ကျွန်ခံစတမ်းဟု ကတိပြုထားသည်ဖြစ်၍ စကားတစ်ခွန်းမျှပင် မတုံ့ပြန်နိုင်ကြတော့ဘဲ အဘိုးအိုနောက်သို့ ကျွန်အဖြစ်နှင့် လိုက်ပါသွားရလေတော့သတည်း။

(ရဟန်းတော်များ အသုံးပြုသည့် ‘ရေစစ်ဓမ္မကရိဏ်’ကို ရေတွင်နှစ်၍ ရေပြည့်လာသောအခါမှ လေပေါက်ကို လက်နှင့်ပိတ်ဆို့၍ ဆွဲယူလျှင် ရေမထွက်နိုင်တော့ဘဲ ရေအပြည့်ပါလာရဘိသကဲ့သို့ စကားပြောဆိုရာတွင်လည်း သူ့စကားကို ပိတ်မိအောင်ပြုပြီးမှ မိမိအလိုသို့ တစ်ခါတည်းဖြင့် ပါလာအောင် ပြောဆိုခြင်းသည် ‘ရေစစ်ကရားစကားပြောနည်း’ဟု မည်ပေ၏။)

## ခက်တင်မောင်းနှင်းစကားပြောနည်း

လွန်လေပြီးသောအခါက လူဆိုးတစ်ယောက်သည် မင်းမှုထမ်းများအား ရိုင်းပြစွာပြောဆိုသောကြောင့် သူ့အား ဖမ်းဆီးချည်နှောင်၍ ထုထောင်းရိုက်နှက်မည်ပြုလျှင် ထိုလူဆိုးက ‘ငါသည် အခြားသူမဟုတ်၊ မင်းဆရာတော်ဖြစ်သည့် တောင်ဘီလူးဆရာတော်၏ တူအရင်းဖြစ်၏’ ဟု ပြော၏။ မှူးမတ်များက ‘တောင်ဘီလူးဆရာတော်၏ တူဆိုလျှင် လက်မလွန်ကြစေနှင့် ဆရာတော်အား လျှောက်ထားပြသကြဦး’ဟု သတိပေးလျှင် မင်းမှုထမ်းများသည် လူဆိုးအား ဆရာတော်ကြီးထံမှောက်သို့ ခေါ်သွားပြီးကာ ‘ဆရာတော်ဘုရား ဤလူဆိုးက သူသည် ဆရာတော်၏ တူအရင်းဖြစ်သည်ဟု ဆိုပါသည်။ ဟုတ်သည် မဟုတ်သည်ကို အမိန့်ရှိတော်မူပါဘုရား ’ဟု လျှောက်ထားကြသည်။

ဆရာတော်ကြီးသည် ငါ့တူမဟုတ်ဟု ဆိုလိုက်လျှင် ထိုသူဒုက္ခတွေ့တော့မည်။ ငါ့တူမှန်၏ဟု ဆိုပြန်လျှင်လည်း မုသားမလွတ်ဟု ဆင်ခြင်တော်မူကာ စကားနှစ်ဖက်စွန်းမှ လွတ်ရလေအောင်ဟု 'ငါ့တူမဟုတ်ဟု ထိုသူကို မည်သူက ဆိုသနည်း'ဟု မိန့်တော်မူလိုက်လျှင် မင်းမှုထမ်းများမှာ နားမရှင်းသော်လည်း နောက်တဖန်ထပ်၍ မလျှောက်ဝံ့သောကြောင့် လူဆိုးကို ချမ်းသာပေးလိုက်လေ၏။

(မောင်းနင်းသောသူသည် တစ်ဖက်သို့ လိုက်ပါတိမ်းစောင်းလွန်းလျှင် အတင်ခက်၍ မတိမ်းမစောင်းနင်းရသကဲ့သို့ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စကားကို မတင်မကျပြောဆိုသည်ကို 'ခက်တင်မောင်းနင်းစကားပြောနည်း'ဟု မည်ပေ၏။)

စကားပုံနှင့်တကွ စကားပြောနည်းများကိုပါ ရှေးဆရာများသည် ဤသို့ အမှတ်ထင်ထင်ဖြင့် သွန်သင်ထားရစ်ခဲ့ကြသည့်အပြင် 'စကားအရာ အင်္ဂါဆယ်ပါး'ဟူ၍လည်း ပြဋ္ဌာန်းခဲ့လေ၏။

၁။ စကားကို ပြောခွင့်ရှိမှ ပြောရခြင်း (ကာလဝါဒီ)
၂။ ဟုတ်မှန်သည်ကိုသာ ပြောရခြင်း (ဘူတဝါဒီ)
၃။ တရားသဖြင့်သာ ပြောရခြင်း (ဓမ္မဝါဒီ)
၄။ အကျိုးစီးပွားရှိသည်ကိုသာ ပြောရခြင်း (အတ္ထဝါဒီ)
၅။ ချစ်ခင်ဖွယ်သောစကားကိုသာ ပြောရခြင်း (ပိယဝါဒီ)
၆။ ပြုံးရွှင်မှုရှေ့ထား၍ ပြောဆိုရခြင်း (မိဟိတပုဗ္ဗဘာဏီ)
၇။ မတိုမရှည် ချင့်ချိန်၍ ပြောဆိုရခြင်း (မိတဘာဏီ)
၈။ အဆောတလျင် မပြောရခြင်း (အ–တုရိတဝါဒီ)
၉။ ရပ်ကြီးသူတို့ အသုံးအနှုန်းကို ယူ၍ ပြောရခြင်း (ပေါရီ)
၁၀။ သန့်ရှင်းတိကျ၊ ပြတ်သားစွာ ပြောရခြင်း (ဝိဿဝါဒီ)

မြန်မာတို့၏စာ၊ မြန်မာတို့၏စကားကို လေးလေးနက်နက် တန်ဖိုးထားကြစေရန်အတွက် ရှေးပညာရှိကြီးများသည် ဤကဲ့သို့ လက်ဆင့်ကမ်းကာ တစ်ဆင့်မှတစ်ဆင့် ပညာအမွေပေးခဲ့ကြရာမှ စကားပုံများစွာတို့ကိုလည်း အကြောင်းရင်း ဇာတ်ပွတ်နှင့်တကွ သီးသီးသန့်သန့်ဖော်ပြပေးခဲ့ကြလေသည်။ ဤသို့ ဖော်ပြပေးခဲ့ရာတွင် 'ဝိဓိတြာလင်္ကာရ ဆုံးမစာ'နှင့် ဝိဓိတြာစကားပုံပေါင်းချုပ် ကျည်းကန်ကိုရင်ကြီးစကားပုံ၊ အတုလဆရာတော်စကားပုံ၊ ပေါက်ကန်မောင်ချိုစကားပုံ၊ ဘိုးသူတော်ဦးနုစကားပုံ၊ နှစ်ထပ်ကြော့စကားပုံ' စသည်တို့မှာ ထင်ရှားခဲ့ပါသော်လည်း စကားပုံ၏ အကြောင်းရင်း 'ဇာတ်ပွတ်'များပါဝင်ခြင်းမရှိသည်က တစ်ကြောင်း လင်္ကာများနှင့် သီကုံးထားကြသည်ကလည်း တစ်ကြောင်းကြောင့် ထပ်ဆင့်ဖော်ပြခြင်း မပြုတော့ဘဲ ဤစာအုပ်တွင် မြန်မာတို့၏နားနှင့် စွဲနေပြီဖြစ်သော စကားပုံများ ထိုစကားပုံများ၏ 'ဇာတ်ပွတ်' စသည်များနှင့် နိပါတ်တော်လာ ရာဇဝင်လာ စသည့် စကားပုံများကိုသာ ရွေးချယ်၍ ဖော်ပြလိုက်ရပေသည်။

'သို့ပါ၍ မြန်မာစာပေကို အရေးထား လေးစားနိုင်ကြပါစေဟု ဆုတောင်းလိုက်ရပါသတည်း'။

ကြည်ဦး
၁၂–၈–၂၀၀၄

❑

# အမိကိုရှိသေမှ လိုရာကိုရောက်သည်

ဤစကားပုံသည် ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်း မင်းပြုနေချိန်တွင် အမိမျက်မမြင်ကို ရှိသေစွာလုပ်ကျွေးပြုစုနေသည့် လုလင်တစ်ယောက်သည် ဗာရာဏသီပြည်တွင်း၌ နေထိုင်၏။ ထိုလုလင်သည် နေ့စဉ်တောသို့ဝင်၍ ထင်းများ ရှာဖွေရောင်းချခြင်းဖြင့် အသက်မွေးလေသည်။ တစ်နေ့သောအခါ ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံလေ၏။ ထိုအခါ သားတော် သိရိကုမ္မာမင်းသားသည် ခမည်းတော်အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးလျှင် ဗာရာဏသီမင်း၏ ထီးနန်းအရိုက်အရာကို ယူကာ မင်းပြုလေ၏။ တိုင်းသူပြည်သားတို့သည်လည်း 'ငါတို့မင်းကြီး နတ်ရွာစံလေပြီ နတ်ရွာစံလေပြီ' ဟု အုတ်အုတ်ကျက်ကျက်ဖြင့် အော်ဟစ်ကုန်ကြ၏။

ထိုအသံများကို သားတော် သိရိကုမ္မာကြားရသောအခါ မှူးမတ်များကို ခေါ်ယူ၍ 'ခမည်းတော်သည် ပြည်သူတွေ အော်နေကြသလိုတကယ်ပင် နတ်ပြည်တွင် စံတော်မူရသလား' ဟု မေး၏။ မှူးမတ်များက 'အရှင်မင်းမြတ် ဘုရားရှင်သည် ယခုအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါသည်။ ထိုဘုရားရှင်သည် ခပ်

သိမ်းသော လောကကို အကြွင်းမရှိ သိတော်မူကြောင်းပါ။ အရှင်မင်းမြတ် သိလိုတော်မူသည်ကို ဘုရားရှင်အထံတော်မှာ မေးလျှောက်ပါက သိတော်မူပါလိမ့်မည် 'ဟု လျှောက်တင်ကြ၏။

သီရိကုမ္မာမင်းသည် မှူးမတ်များလျှောက်ထားသည့်အတိုင်း ဘုရားရှင်အထံတော်သို့ ကြွရောက်ကာ 'ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူပါသော မြတ်စွာဘုရား ကျွန်ုပ်၏ ခမည်းတော်သည် ဘဝတပါးသို့ ပြောင်းသွားကွယ်လွန်သွားလေရာ ပြည်သူအများက 'နတ်ရွာစံသည်'ဟု အုတ်အုတ်ကျက်ကျက်ပြောနေကြပါသည်ဘုရား ခမည်းတော်သည် သူတို့ပြောကြသလို အမှန်ပဲ နတ်ရွာမှာ စံနေရပါသလား။ သို့တည်းမဟုတ် အဘယ်သို့သောအရပ်သို့ ရောက်နေပါသနည်းဘုရား'ဟု နားတော်လျှောက်လေ၏။ ဘုရားရှင်တော်မြတ်သည် သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူလျှင် ဗာရာဏသီမင်းကြီးသည် ရောရုဝရဲသို့ ရောက်နေသည်ကို မြင်တော်မူ၍ 'ဒါယကာမင်းမြတ် ခမည်းတော်မင်းကြီးသည် ရောရုဝရဲမှာ ရောက်နေသည်'ဟု မိန့်တော်မူလေ၏။

သီရိကုမ္မာမင်းသည် စိတ်နှလုံး မသာယာစွာဖြင့် ဗာရာဏသီသို့ ပြန်လာသည်။ နန်းတော်သို့ရောက်သည်နှင့် မှူးမတ်များကို ခေါ်တော်မူကာ 'ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ရောရုဝရဲ၌ ဖြစ်သည် မဖြစ်သည်ကို ဧကန်သိလိုသည်။ ရောရုဝရဲသို့ သွားနိုင်သူများကို ရှာဖွေလော့၊ တွေ့လျှင် အသပြာထောင်ထုပ်ကို ပေး၍ ကျွန်ုပ်ထံမှောက်သို့ ခေါ်လာစေ 'ဟု မိန့်တော်မူ၏။ မှူးမတ်တို့သည်လည်း မင်းမိန့်အတိုင်း ကြေညာ၍ လိုက်လံရှာဖွေကြလျှင် မိခင်မျက်မမြင်ကို ထင်းခွေ၍ လုပ်ကိုင်ရှာဖွေကျွေးမွေးနေသည့် လုလင်၏ မိခင်နှင့် တွေ့ကြလေ၏။

မိခင်မျက်မမြင်သည် မောင်းကြေညာသည်ကို ကြားသည်နှင့် သူနေသည့် တဲရှေ့၌ ရပ်ကာ မောင်းသမားများကို ခေါ်၍ 'ကျွန်ုပ်၏သားသည် ရောရုဝေရဲသို့ သွားနိုင်ပါသည်။ ယခု ထင်းခွေသွားနေ၍ သူမရှိပါ။ အသပြာထောင်ထုပ်ကို ကျွန်ုပ်ထံ ထားခဲ့ပါ။ သားဖြစ်သူ ထင်းခွေမှ ပြန်ရောက်လျှင် နန်းတော်သို့ ပို့လွှတ်ပါမည် 'ဟု ပြောလေသည်။ မင်းချင်းတို့သည် အသပြာထောင်ထုပ်ကို ပေးခဲ့ကာပြန်၏။ နန်းတော်သို့ ရောက်လျှင် မင်းမြတ်အား အကျိုးအကြောင်း စုံလင်စွာ လျှောက်တင်၏။

ထင်းခွေလုလင်သည် အိမ်သို့ ပြန်ရောက်သည်နှင့် အသပြာထောင်ထုပ်ကို မြင်လိုက်ရလျှင် မိခင်ကို မေး၏။ မိခင်ကလည်း မှူးမတ်များအား ပြောလိုက်သည့်အတိုင်း သားဖြစ်သူအား ပြောပြလေ၏။ ထိုအခါ သားဖြစ်သူသည် အံ့သြစွာဖြင့် 'မိခင် လူသားစစ်စစ်ဖြစ်တဲ့သူက ရောရုဝေရဲကို ဘယ်လိုလုပ်ပြီးသွားနိုင်မှာလဲ 'ဟု ပြောရာ မိခင်သည် နေရာမှာပင် သတိလစ်ကာ လဲကျသွားတော့၏။ သားသည် မိခင် ဤသို့ ဖြစ်သွားသည်ကို မြင်ရလျှင် အကယ်ပင် သေတော့မည်ထင်၍ မိခင်မသေရအောင် သင့်လျော်ရာ ကြံဖန်၍ ပြောမှ ဖြစ်လိမ့်မည်ဟု တွေးကာ မိခင်ကို ပြုစုလေ၏။ မိခင် သတိရလာလျှင် 'မိခင် သားက ကြည်စယ်၍ ပြောပါသည်။ မိခင်စိတ်မပူပါနှင့် ရောရုဝေရဲဆိုသည်မှာ ထင်းခွေသွားရာ လမ်းဘေးမှာပဲ ရှိသည်'ဟု ပြောလိုက်သောအခါမှ အမိမျက်မမြင်သည် လှဲနေရာမှ ထထိုင်ကာ ဝမ်းသာစွာဖြင့် 'ငါ့သား ဒါဖြင့် ဘုရင့်ရှေ့တော်ကို ဝင်ပြီး သွားနိုင်ကြောင်းကို လျှောက်တင်ပါ 'ဟု ဆိုလေ၏။

သားသည်လည်း မိခင်ကို ရိုသေမြတ်နိုးသောစိတ်ဖြင့် ဖြစ်လိုရာ ဖြစ်စေတော့ဟု ဘုရင့်ရှေ့တော်သို့ ဝင်လေ၏။ ထိုအခါ ဘုရင်မင်းမြတ်က 'ငါ့ခမည်းတော်သည် ရောရုဝေရဲ၌ ရှိသည်ဟု ဆိုသည်။ အကယ်ရှိသည်၊

မရှိသည်ကို သင်သွား၍ ကြည့်ပါ။ ရှိသည်ဆိုလျှင် ငါ့ခမည်းတော်နှင့် တွေ့ခဲ့ပါ'ဟု မှာကြား၏။ လုလင်သည် အမိစိတ်ချမ်းသာစေရန်ဟူသော ဦးတည်ချက်တစ်ခုတည်းနှင့် စွန့်စားရတော့မည်ဟု တွေးကာ ရောရုဝရဲကို သွားမည်ဟု အမိကို ကန်တော့သည်။ အမိကလည်း မိခင်ကို လုပ်ကျွေးသောသား၊ အရာရာအောင်မြင်ပါစေဟု ဆုပေးသည်။

ထိုအခါ သိကြားမင်း၏နေရာဖြစ်သော ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် နူးညံ့ပျော့ပြောင်းစွာ ရှိနေရာမှ ချက်ချင်းပင် တင်းမာကြမ်းတမ်းလာသောကြောင့် အကြောင်းဘယ်သို့ ရှိသနည်းဟု လူ့ပြည်ကို ကြည့်လျှင် မိခင်ကို ရိုသေစွာ လုပ်ကျွေးသောသားသည် ရောရုဝရဲသို့ သွားလိုနေသည့်အဖြစ်ကို သိလိုက်ရသောကြောင့် ငါကူညီမှ ဖြစ်တော့မည်ဟု လှည်းတစ်စီးကို ဖန်ဆင်း၍ သိကြားမင်းကိုယ်တိုင်က လှည်းသမားအသွင်ဖြင့် တောထဲ၌ ယောင်လည်လည်ဖြစ်နေသည့် လုလင်အနီးသို့ လှည်းကို မောင်းသွား၏။ ရောက်လျှင် 'လုလင် အဘယ်ကိုသွားမည်နည်း 'ဟု မေး၏။ 'ရောရုဝရဲကို သွားမလို့'ဟု လုလင်က ဖြေ၏။ လှည်းသမားအဘိုးအိုကလည်း 'ငါ့လှည်းသည် ရောရုဝရဲအနီးသို့ ရောက်လိမ့်မည်၊ လိုက်ခဲ့ 'ဆို၍ လုလင်သည် လှည်းပေါ်သို့ ခုန်တက်လိုက်၏။ မကြာမီ 'ရောရုဝရဲကို ရောက်ပြီ၊ ဆင်းသွားတော့၊ ငါ့လှည်း ဒီနေရာမှာ စောင့်မည်'ဟု လှည်းသမားအဘိုးအိုက ပြော၍ လုလင်သည် လှည်းပေါ်မှ ဆင်းလာခဲ့သည်။

လုလင်သည် ရောရုဝရဲတွင် ငရဲသားတို့နှင့် တွေ့၍ 'ဗာရာဏသီမင်းကြီးကို တွေ့ချင်ပါတယ်၊ ပို့ပေးပါ 'ဟု ပြောလေသည်။ ငရဲသားများက လိုက်ပို့လျှင် ဗာရာဏသီမင်းနှင့် တွေ့ရလေ၏။ ထိုအခါ သားတော်က လွှတ်လိုက်ကြောင်းကို လုလင်က ပြောပြသည်။ ဗာရာဏသီမင်းကြီး

က 'သူသည် ရောရုဝရဲမှာ ခံစားနေရကြောင်းအပြင် သားတော်ကို ငါ မှာကြောင်း ပြောပါလေ ငါ၏ သံလျက်နှင့် ခြေနင်းကို ရာဇပလ္လင် အောက်မှာ မြှုပ်ထားသည်။ တူးဖော်၍ ယူပါ။ ထို့ပြင် ထိုပလ္လင်အနီးရှိ နန်းတော်တိုင်မှာ နဝရတ်လက်ဝတ်တော်ကို တိုင်ကို ထွင်းပြီး ထည့်ထား ခဲ့တာကို ပြောလိုက်ပါ။ ထို့ပြင် သားတော်ကိုယ်တိုင် ငါ့ကို ရည်စူးပြီး တစ်သိန်းတန်ပစ္စည်းကို ဘုရားရှင်အား ကပ်လှူပါ။ ရေစက်ချ အမျှဝေ ပေးပါ'ဟု မှာကြားလေ၏။

လုလင်သည် အားလုံးကို မှတ်သား၍ သိကြားမင်းမောင်းပို့သော လှည်းကိုစီးကာ ပြန်လာခဲ့လေသည်။ ဗာရာဏသီသို့ရောက်လျှင် မိခင် ထံသို့ အရင်ဝင်ကာ ပူဇော်ကန်တော့ပြီး အကြောင်းစုံကို ပြောပြကာ၊ နန်းတော်သို့ သွားလေ၏။ နန်းတော်တွင် သီရိကုမ္မာမင်းနှင့် တွေ့ရသော အခါ ခမည်းတော်မှာလိုက်သည်များကို ပြောပြလျှင် သီရိကုမ္မာမင်းသည် ချက်ချင်းပင် တူးဖော်စေရာ မှာလိုက်သည့်အတိုင်းပင် အားလုံးကို ရရှိ လေ၏။ လုလင်ကိုလည်း ရောရုဝရဲသို့ရောက်အောင် သွားနိုင်သည်ဟု အားရကျေနပ် ချီးကျူးတော်မူကာ 'အိမ်ရှေ့မင်းအရာကို ပေးအပ်လေ၏' ဘုရားရှင်နှင့် သံဃာတော်တစ်သောင်းကိုလည်း တစ်ပါးလျှင် တန်ဖိုး တစ်သိန်းထိုက်တန်သည့် ပစ္စည်းများကို ကပ်လှူပူဇော်ကာ ခမည်းတော် အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။ ဗာရာဏသီမင်းသည်လည်း ဤကောင်းမှုအစုစုကို သာဓုအနုမောဒနာခေါ်ရသော အကျိုးကြောင့် ရောရုဝ ငရဲမှ ကျွတ်လွတ်ကာ တာဝတိံသာ၌ အခြံအရံနတ်သမီးအပေါင်းတို့နှင့် ရွှေဗိမာန်တွင် နေရသော နတ်သား ဖြစ်သွားလေ၏။

(ဤသည်ကို ရည်ရွယ်၍ နှောင်းလူတို့သည် 'အမိကို ရိုသေမှ လိုရာကို ရသည်'ဟူသော စကားပုံကို သုံးစွဲလာကြခြင်း ဖြစ်၏။)

**(လောကပညတ္တိကျမ်း) မှ**

## ကျီးကိုဘုတ်ရိုသေ၊ ဘုတ်ကိုကျီးရိုသေ

တောင်ခြေတောအုပ် စသည်တို့တွင် 'တအီအီ' အသံပေးကာ မြည်ကြွေးနေတတ်သည့် 'ဘုတ်'ကို အချို့က 'ကျီး'နှင့် မှားတတ်ကြသည်။ သူတို့နှစ်ကောင်သည် အရွယ်ချင်းလည်းတူ၊ အသွေးအရောင်ချင်းလည်း ဝိုးတဝါးတူနေသောကြောင့် မှားကြခြင်းဖြစ်မည်။ သို့သော် ဘုတ်၏အသွေး အရောင်သည် အနက်ချည်းသက်သက်မဟုတ်။ အမှတ်တမဲ့ကြည့်လျှင် အနက်ရောင်ဟု ထင်နိုင်သော်လည်း သေချာစွာကြည့်လျှင် အနက်ရောင် အမွေးထဲ၌ နီဝါပြာရွှေ စသည့် ရောင်စုံမြူးနေသည့် တောက်ပသော အမွေးအတောင်တချို့ကို ဖြိုးခနဲ ဖျတ်ခနဲမြင်တွေ့ရသည်။ ထို့ပြင် ဘုတ်၏ နဖူးတည့်တည့်ထိပ်ပေါ်၌ အမောက်သဏ္ဌာန်တစ်ခု ရှိနေသည်ကလည်း ကျီးနှင့် ကွဲပြားစေခြင်း ဖြစ်၏။

ထို့ကြောင့် 'ကျီးကို ဘုတ်ရိုသေ၊ ဘုတ်ကို ကျီးရိုသေ'ဟူသော စကားပုံကို အလင်းဖွင့်ကြရာ၌ ထိုကျီးနှင့် ထိုဘုတ်ကို ခိုင်းနှိုင်းထားသည့် စကားပုံဖြစ်၏ဟု အမှတ်လွဲနေတတ်ကြ၏။ စကားပုံ၏ ဇျူပ္ပတ်ကား ဤသို့မဟုတ်ပါ။

ရှေးသောအခါက ရွာကြီးတစ်ခုတွင် သူဆင်းရဲလင်မယားတို့၌ သမီးနှစ်ယောက်ရှိသည်။ သမီးအကြီးကို 'ကျီး'ဟု အမည်ပေးသည်။ သမီး အငယ်ကို 'ဘုတ်'ဟု အမည်ပေးသည်။ ထိုသမီးနှစ်ယောက်တို့ အရွယ် သို့ ရောက်သောအခါ မိဘတို့ ကွယ်လွန်သွားကြသည်။ ထို့ကြောင့် ညီ အစ်မနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ချစ်ခင်တွယ်တာ စွာဖြင့် ညီညီညွတ်ညွတ်နေထိုင်လာကြသည်။ ကျီးကဘုတ်ကို ကြင်နာ

ယုယသလို ဘုတ်ကလည်း ကျီးကို အထက်နှင့် အောက်ဆိုသော်လည်း အလွန်ရှိသေစွာဖြင့် ဆက်ဆံသည်။ ကျီးနှင့် ဘုတ်တို့သည် ဇာတိရွာတွင် အလုပ်အကိုင် အဆင်မပြေသောအခါ အခြားရွာသို့ ပြောင်းရွှေ့ကြသည်။

ပြောင်းရွှေ့သွားသောရွာတွင်လည်း ကျီးနှင့် ဘုတ်တို့၏ အချင်းချင်း ရိုသေလေးစားစွာ ဆက်ဆံနေထိုင်ပြောဆိုကြပုံကို ကြည့်၍ ကြားသိမြင်တွေ့သူတိုင်းက သူတို့ညီအစ်မကို လေးစားမြတ်နိုးကြသည်။ သူတို့ညီအစ်မနှစ်ယောက်လုံးသည် ထိုရွာသား အမျိုးကောင်းသားများနှင့် အိမ်ရာထောင်ကြပြီးသည့်နောက် စီးပွားဥစ္စာများ တိုးတက်ကာ သားသမီး များပွားစီးလာသည်အထိ တစ်ယောက်နှင့်တစ်ယောက် ရှေးယခင်မူ အတိုင်း ရိုသေလေးစားစွာ ဆက်ဆံနေထိုင်ကြသည်မှာ အသက်အရွယ်များ အိုမင်း၍ ကွယ်လွန်သည်အထိပင် ဖြစ်လေ၏။

(ထိုညီအစ်မ ကျီးနှင့် ဘုတ်ကို အကြောင်းပြု၍ ဤစကားပုံပေါ်လာရခြင်း ဖြစ်သည်ဟု ဝိစိတြလင်္ကာရ စကားပုံဆုံးမစာမှာ ဆိုထားလေသည်။)

## ဗိုနေမြဲ ကျားနေမြဲ

ရှေးသောအခါက တောအုပ်တစ်ခုအနီးတွင် အဘိုးအိုနှင့် အဘွားအိုလင်မယားနှစ်ယောက်တို့သည် တဲကလေးထိုးကာ နေထိုင်ကြသည်။ တစ်နေ့တွင် အဘိုးအိုသည် တောထဲသို့ ဟင်းရွက်ရှာသွားရင်းဖြင့် မွေးကာစကျားကလေးတစ်ကောင်ကို တွေ့ရသောကြောင့် သနားချစ်ခင်စွာဖြင့် တဲသို့ ပြန်ယူလာကာ သားသမီးအမှတ် မွေးမြူထားလေ၏။ ထိုကျားကလေး အနည်းငယ် ကြီးလာသောအခါ တောစပ်အနီးတွင် သံလှောင်ချိုင့်တစ်ခုထဲသို့ သွင်း၍ အစာရေစာကျွေးကာ စောင့်ရှောက်ခဲ့၏။ ထိုသံလှောင်

ချိုင့်အနီးတွင် ယာခင်းတစ်ခုရှိသည်ဖြစ်ရာ မောင်ဗိုဟု အမည်ရှိသော လူတစ်ယောက်သည် ယာခင်း၏ အလုပ်များကို လုပ်ရင်းဖြင့် ကျားကလေးနှင့် ရင်းနှီးလာလေ၏။ ကျားကလေးသည် လူတို့နှင့် ယဉ်ပါးနေသည်ဖြစ်လေရာ လူတို့၏ အပြုအမူနှင့် လူတို့၏ စကားကိုလည်း အနည်းငယ် နားလည်၍ ပြောတတ်ဆိုတတ်လည်း ရှိလေသည်။

တစ်နေ့သောအခါတွင် မောင်ဗိုသည် ယာထွန်လျက်ရှိစဉ် ကျားက 'မောင်ဗို မောင်ဗို'ဟု အော်ခေါ်၏။ မောင်ဗိုက လှမ်းကြည့်လျှင် ကျားက ခေါင်းညိတ်၍ပြသည်။ မောင်ဗိုသည် ငါ့ကို သူ့အနားလာဖို့ ခေါ်နေတာဖြစ်မည်ဟု တွေးကာ ထွန်ကို ရပ်၍ ကျားလှောင်ချိုင့်အနီးသို့ ရောက်လာ၏။ ထိုအခါ 'မောင်ဗို တံခါးဖွင့်'ဟု ပြောသည်။ မောင်ဗိုက 'တံခါးဖွင့်လို့ ဘယ်ဖြစ်မလဲ၊ ကျားဆိုတဲ့ သတ္တဝါဟာ လူတို့ရဲ့ ရန်သူပဲ။ ကိုက်သတ်ရင် ဘယ့်နှယ်လုပ်မလဲ ’ဟု ပြော၏။ ကျားက 'မောင်ဗို ဒီထဲမှာနေရတာ ငါသိပ်ညှောင်းတယ်၊ အပြင်ထွက်ပြီး ငါလမ်းလျှောက်ချင်တယ်။ ဖွင့်ပေးပါ၊ မင်းကို ငါ ဘာမှမလုပ်ပါဘူး'ဟု ကျားက အတန်တန်ပြောသည်။

မောင်ဗိုသည် ကျားကလေးငယ်စဉ်ကတည်းက အတူဆော့ဘက်ကစားဘက်ဖြစ်၍ ကျားစကားကို ယုံကြည်ကာ လှောင်အိမ်တံခါးကို ဖွင့်ပေးလိုက်လျှင် ကျားသည် အပြင်သို့ ရောက်သည်နှင့် မောင်ဗိုကို တွန်းလှဲကာ ခြေထောက်ကို ခဲ၏။ ထိုအခါ မောင်ဗိုက 'မင်း ငါ့ကို ဘာမှမလုပ်ဘူးဆိုလို့ လှောင်အိမ်တံခါးကို ငါဖွင့်ပေးတယ်။ မင်းကတိမတည် ’ဟု ပြောစဉ် ယုန်ငယ်တစ်ကောင်က သူတို့အနားသို့ ရောက်လာကာ 'ဘာဖြစ်နေကြတာလဲ ’ဟု မေးသည်။ မောင်ဗိုက ကျားနှင့် သူ့အဖြစ်ကို အစအဆုံးပြောပြသည်။

ယုန်သည် မောင်ဗိုပြောပြသည်ကို နားစိုက်ထောင်ပြီးသည့်နောက် 'ကောင်းပြီ ငါအဆုံးအဖြတ်ပေးမည်။ ဒီလိုမဖြစ်ကြခင်က ကျားဘယ်မှာ နေသလဲ ငါ့ကိုပြပါ'ဟု ဆိုလျှင် မောင်ဗိုက ကျားကို လှောင်ချိုင့်ထဲသို့ သွင်းကာ တံခါးကို အပြင်မှ ပိတ်လျက် နေပြသည်။ မောင်ဗိုကလည်း ယာထဲသို့သွားကာ ယာထွန်နေသည့်ဟန်ကို ပြသည်။ ထိုအခါ ယုန်က တရားအဆုံးအဖြတ်ပေးသည်မှာ 'မောင်ဗိုသည်လည်း ယာကို ထွန်မြဲထွန်စေ၊ ကျားသည်လည်း လှောင်အိမ်ထဲ၌ပင် နေမြဲနေစေ'ဟု ဆုံးဖြတ်ကာ ထွက်သွားလေသတည်း။

(ဤပုံပြင်လာစကားကို ရည်မှတ်၍ 'ဗိုလည်းနေမြဲနေစေ၊ ကျားသည်လည်း နေမြဲနေစေ'ဟု ဆိုခဲ့ရာမှ 'ဗိုနေမြဲ ကျားနေမြဲ' ဟူသော စကားပုံဖြစ်ပေါ်လာရလေသည်ဟူ ဆိုသတည်း။)

**(ဝိစိတြာလင်္ကာရစကားပုံဆုံးမစာမှ)**

## မစူးမစမ်း အပြစ်မတင်ရာ

ရှေးသောအခါက လုလင်တစ်ယောက်သည် တက္ကသိုလ်ပြည်သို့ သွား၍ ပညာများသင်ယူရာတွင် နှစ်များစွာကြာသောအခါ အိမ်ကို လွမ်းဆွတ်သဖြင့် ပြန်ပါရစေဟု ဆရာကြီးထံမှာ ခွင့်တောင်းလေ၏။ ထိုအခါ ဆရာကြီးက ပြန်စေခွင့်ပြုပြီးလျှင် 'ငါ့တပည့်ကို ဆရာကြီး လက်ဆောင် ပေးလိုသည်။ ထိုလက်ဆောင်သည်ကား ငွေသုံးရာကို ယူမည်လား၊ စကားသုံးခွန်းကို ယူမည်လား ငါ့တပည့်လိုတာကို ဖြေပါ'ဟု ဆိုလေ၏။ တပည့်သည် 'ဆရာကြီးခင်ဗျာ စကားသုံးခွန်းကိုသာ လိုချင်ပါသည်'ဟု ဖြေလျှင် ဆရာကြီးသည် ကောင်းလှပြီ ငါ့တပည့်ဟုဆိုလျက် စကားသုံးခွန်းကို ပေးလေ၏။ ထိုစကားသုံးခွန်းသည်ကား–

(၁) မစူးမစမ်း၊ အပြစ်မတင်ရာ၊

(၂) မမေးမမြန်း၊ အမျက်မဆင်ရာ၊

(၃) အရာခပ်သိမ်းကို စဉ်းစားဆင်ခြင်ရာ

ဟူ၍ ဖြစ်လေ၏။ လုလင်သည် ဤစကားသုံးခွန်းကို ကျက်မှတ်၍ ဆရာကြီးကို ရိုသေစွာ ကန်တော့ပြီးလျှင် ပြန်လာခဲ့လေ၏။ အိမ်သို့ ရောက်လျှင် ရောက်ခြင်း ဤစကားသုံးခွန်းကို ကမ္ပည်းတင်လျက် အိမ်အဝင်ခြံတံခါးဝမှာ ချိတ်ဆွဲထားလိုက်၏။ လုလင်သည် အိမ်မှာ အတန်ကြာသည့်တိုင်အောင် နေပြီးသောအခါ ဥစ္စာပစ္စည်းရှာဖွေရန်အတွက် မယားနှင့် ခွဲကာ အရပ်တပါးသို့ ထွက်ခဲ့လေ၏။ ထိုအခါ မယားဖြစ်သူက 'အမောင်ကျွန်မမှာ ပဋိသန္ဓေ ရင့်မာလာပါပြီ။ ကြာကြာမနေပါနှင့်'ဟု မှာ၏။ လုလင်ကလည်း ကောင်းပြီဟု ဆိုခဲ့လေ၏။

ဤသို့ဖြင့် လုလင်သည် ဥစ္စာရှာဖွေရင်းဖြင့် အရပ်တပါးမှာ အနေကြာသွား၏။ ဆရာကြီးပေးလိုက်သော စကားသုံးခွန်းကိုလည်း အမြဲရွတ်ဆိုခြင်း မပြုသောကြောင့် မေ့ပျောက်သွားလေတော့၏။ နှစ်များစွာကြာ၍ ဥစ္စာပစ္စည်းများလည်း အတန်စုမိလာလျှင် လုလင်သည် ဥစ္စာထုပ်ကို ပိုက်၍ အိမ်သို့ ပြန်လာ၏။ လုလင်အိမ်ပြန်ရောက်သောအချိန်သည် တစ်ရွာလုံး အသံတိတ်ဆိတ်၍ အားလုံး အိပ်ကုန်ကြသောညဉ့်ဘက်အချိန်ကြီး ဖြစ်၏။

ထို့ကြောင့် သူပြန်ရောက်လာသည်ကို သူ၏မယားလည်း မသိချေ။ မယားသည်လည်း အိပ်ခန်းထဲ၌ အိပ်မောကျလောက်ပြီဟု သူထင်ကာ ခြေကို ဖွဖွနင်း၍ အိမ်ခန်းထဲသို့ ဝင်လာ၏။ ထိုအခါ သူ၏ မယားသည် လုလင်ငယ်တစ်ယောက်၏ လည်ကို ဖက်ကာ နှစ်ခြိုက်စွာဖြင့် ယှဉ်တွဲအိပ်လျက် ရှိသည်ကို မြင်လိုက်ရ၏။ မယားစိတ်ထိပ်တက်၏ ဆို

သကဲ့သို့ သူသည် ဒေါသအမျက်ချောင်းချောင်းထွက်လာ၏။ ငါ့မှာ သူ့အတွက် မနားမနေ ဥစ္စာရှာရသည်။ သူကမူ ငါ့အပေါ် သစ္စာဖောက်ကာ တစ်ယောက်သားနှင့် ဖောက်ပြားရက်လေခြင်းဟု လွယ်ထားသည့် ဓားကို ဖြုတ်၍ ခုတ်သတ်မည်ပြုတော့မှ ခါးဝမှာ ကမွည်းတင်ထားသည့် ဆရာကြီး သင်ကြားပေးလိုက်သောစကားကို အမှတ်ရကာ ဓားကို ဓားအိမ်သို့ ပြန်သွင်းပြီးလျှင် အိမ်ပေါ်မှ ပြန်ဆင်းပြီး ခါးဝမှ စာကို ပြေးဖတ်လိုက်၏။

ထိုအခါမှ 'သြော် ငါ့ဆရာမှာလိုက်သည်မှာ' မစူးမစမ်း အပြစ်မတင်ရာ' လို့ ဆိုပါကလား။ ငါ သူတို့ကို ခေါ်နှိုးပြီးမေးဦးမှပဲ၊ 'မမေးမမြန်း အမျက်မဆင်ရာ'လို့ ပါသေးတယ်။ ပြီးတော့ အရာခပ်သိမ်းကို စဉ်းစားဆင်ခြင်ရမတဲ့။ ငါမှားတော့မလို့ပါကလားဟု အိပ်မောကျနေသော မယားကို လှုပ်ကာ နှိုးလိုက်လေ၏။ မယားဖြစ်သူမှာလည်း ထိုအခါမှ ဖျတ်ခနဲ နိုး၍လာကာ 'ဟင် အမောင်ရောက်လာပြီ'ဟု ဝမ်းသာစွာ ဆိုလျက် အိမ်စေကျွန်များကိုလည်း လိုက်၍ နှိုးသည်၊ လည်ကိုဖက်ကာ အိပ်စက်နေသည့် သားငယ်ကိုလည်း ခေါ်နှိုးကာ 'အမောင့်သားလေ ကြည့်ပါဦး၊ မွေးလာကတည်းက ဒီကနေ့အထိ အမေကို မခွဲဘဲ အမြဲအတူအိပ်ခဲ့တာ'ဟု ပြောလျှင် လုလင်သည် သူ၏စိတ်ထဲ၌ ဆရာပေးလိုက်သော စကားသုံးခွန်းကြောင့်သာတို့ မိသားစု ဒုက္ခဆင်းရဲ မရောက်ရလေတယ် ဟု တွေးကာ ဆရာကြီးကို ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိနေတော့ သတည်း။

(ဤပုံပြင်ကို ရည်ရွယ်၍ 'မစူးမစမ်း အပြစ်မတင်ရာ'ဟူသော စကားပုံတစ်ခု ပေါ်ထွန်းလာရလေသတည်း။)

**(ဝိစိတြာလင်္ကာရစကားပုံဆုံးမစာ) မှ**

# အကြံကုန် ဂဠုန်ဆားချက်

ရှေးသောအခါက ရေနေနဂါးတစ်ကောင်သည် လူ့အသွင်ကို ဖန်ဆင်း၍ မဟာသမုဒ္ဒရာကြီးအနီးတွင် ပျော်မွေ့စွာ နေထိုင်၏။ ထိုအခါ ဂဠုန်တစ်ကောင်သည်လည်း လူ၏အသွင်ကို ဖန်ဆင်းကာ သမုဒ္ဒရာအနီး၌ပင် လွတ်လပ်စွာဖြင့် ပျော်ပါးကာနေလေ၏။ တစ်နေ့သောအခါ နဂါးနှင့် ဂဠုန်တို့သည် မထင်မှတ်ဘဲ ရင်ဆိုင်ဆုံမိကြလျှင် ဂဠုန်သည် သူ၏ အစာအဖြစ် နဂါးကို သုတ်ယူရန် လိုက်၏။ နဂါးသည်လည်း ရန်သူဖြစ်သော ဂဠုန်ကို တွေ့သည်နှင့် အန္တရာယ်ကို ကြောက်လန့်ကာ ထွက်ပြေးလေ၏။ ဂဠုန်ကလည်း နောက်ကလိုက်၏။

နဂါးသည် ပြေးရင်းဖြင့် အလွန်မောလာလျှင် သမုဒ္ဒရာထဲသို့ ငုပ် ဆင်း၍ နဂါးတို့ပြည်သို့ ပြန်သွားလေတော့၏။ ဂဠုန်သည် နဂါးကို လိုက်ရင်းဖြင့် ရှာမတွေ့တော့ဘဲ နဂါးပျောက်သွားလျှင် မည်သို့လုပ်ရမည်ဟု မကြံတတ်တော့ဘဲ သမုဒ္ဒရာအနီးရှိ ကမ်းစပ်မှာ လူအသွင်ကို ဖန်ဆင်း၍ သမုဒ္ဒရာမှ နဂါးတက်လာသည်ကို မြင်လျှင် ဖမ်းမည်ဟု စောင့်၏။ သို့သော် နဂါးက ပေါ်မလာတော့လျှင် ဂဠုန်သည် အကြံကုန်ကာ သမုဒ္ဒရာကမ်းစပ်၌ ဆားချက်နေကြသည့် လူတို့နှင့်ရောကာ ဆားချက်နေရရှာတော့သတည်း။

(ဤပုံပြင်ကို အကြောင်းပြု၍ လူတို့သည် အကြံအစည်တစ်ခုခု ပျက်စီးသွားလျှင် 'အကြံကုန် ဂဠုန်ဆားချက်စကားပုံ'ကို ခိုင်းနှိုင်းပြောဆိုလာကြခြင်း ဖြစ်လေသတည်း။ ။)

**(ဝိစိတြာလင်္ကာရစကားပုံဆုံးမစာ)မှ**

# ကျေးဇူးကန်းလမ်းမမြင်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် 'သသေနိယ' အမည်ရှိသော (ဒေဝဒတ်အလောင်း)မုဆိုးသည် သားကောင်များ ရှာဖွေဖမ်းဆီးရန်အတွက် တောအုပ်တစ်ခုထဲသို့ သွားရင်းဖြင့် တောင်စောင်းပေါ်မှ ခြေချော်ကာ ချောက်တစ်ခုထဲသို့ ကျသွားလေ၏။ မုဆိုးသည် ချောက်ထဲမှတက်ရန် လမ်းစရှာရင်းဖြင့် ကယ်ပါယူပါဟု အော်ဟစ်ငိုယိုလေ၏။ ထိုအသံကို (ဘုရားအလောင်း မျောက်မင်း) ကြားရလျှင် ခက်ခဲစွာဖြင့် ကြိုးစားကာ မုဆိုးကို ထမ်းခေါ်၍ ချောက်ထဲမှ ကယ်ယူလာလေ၏။

ကမ်းပေါ်သို့ရောက်လျှင် မျောက်မင်းသည် မောပမ်းလှသောကြောင့် မုဆိုး၏ ပေါင်ပေါ်သို့ ခေါင်းတင်၍ ခဏမျှ အိပ်ပျော်သွားလေ၏။ ထိုအခါ မုဆိုး၏စိတ်၌ 'သည်အတိုင်းဆိုလျှင် ငါသည် လက်ချည်းပင် ပြန်ရချေတော့မည်၊ မဖြစ်ချေ။ ငါ့ပေါင်ပေါ် အိပ်ပျော်နေသည့် မျောက်ကို သတ်ပြီး ယူသွားရလျှင် ကောင်းမည်ဟု တွေး၍ မျောက်မင်း၏ ဦးခေါင်းကို ကျောက်တုံးနှင့်ထုကာ သတ်လိုက်တော့၏။ မျောက်မင်းမှာလည်း အိပ်ပျော်ဆဲခဏမှာ ပြင်းထန်သောဒဏ်ချက်ကြောင့် အိပ်မောကျနေရာမှ ဖျတ်ခနဲ နိုးလာကာ ကြောက်လန့်ကြီးစွာဖြင့် အနီးရှိ သစ်ပင်ပေါ်သို့ တက်ပြေးလေ၏။ သွေးတို့သည်ကား မျောက်မင်း၏ဦးခေါင်းမှ တစ်စက်ပြီးတစ်စက် ကျဆင်းလျက် ရှိလေ၏။

မုဆိုးသည်လည်း မျောက်မင်းကို ဖမ်းမရသည့်အပြင် အိမ်သို့ပြန်ရန်လမ်းကိုလည်း မမြင်မတွေ့တော့သည့်အဖြစ်ကြောင့် ထိုင်မှိုင်လျက် ရှိနေသည်။ မျောက်မင်းမြင်ရလျှင် ငါမှ လမ်းမပြလျှင် ဤမုဆိုးသည် သူ

၏ အိမ်သို့ ပြန်ရတော့မည်မဟုတ်ဟု တွေး၍ သနားကာ 'အသင်မုဆိုး သင့်အနားကိုဖြင့် ငါမကပ်ဝံ့တော့ပြီ၊ ငါ့ဝေဒနာ သည်ဒဏ်ချက်က သွေး စက်စက်ကျရာလမ်းကို ကြည့်ပြီး သင်သွားပေတော့ 'ဟု ဆိုကာ မျောက် မင်းသည် လူတို့နေရာသို့ ရောက်သည်အထိ သစ်ပင်ထက်မှ တစ်ပင်ပြီး တစ်ပင်သို့ ခုန်၍ ခုန်၍ ကူးကာ လမ်းပြလေ၏။

မုဆိုးသည် မျောက်မင်းဒဏ်ရာမှ ကျလာသည့် သွေးစက်ကို ခံ ကာလိုက်သွားလျှင် လူတို့ရွာသို့ ရောက်လေ၏။ ထိုအခါမှ 'သင်သွား ပေတော့'ဟု ဆိုကာ မျောက်မင်းသည် မုဆိုးကို လွှတ်ပေးလိုက်လေ၏။ မျောက်မင်းသည်လည်း လာလမ်းအတိုင်း ပြန်၍ လှည့်ကာ မုဆိုးကို ကျော ပေးလိုက်လျှင် မဟာပထဝီမြေထုကြီးသည် သူယုတ်မာတို့၏ ခြေနင်းရာကို မခံနိုင်တော့သည့်အလား နှစ်ဖြာကွဲသွားလျှင် မုဆိုးသည်လည်း နှစ်ဖြာ သော မြေကြီးအကွဲထဲသို့ ကျဆင်းပျောက်ကွယ်သွားလေတော့သတည်း။

(ဤပုံပြင်ကို ထောက်၍ ကျေးဇူးမဲ့တတ်သူများအား 'ကျေးဇူးကန်း၊ လမ်းမမြင်'ဟူသောစကားပုံကို သုံးနှုန်းကြခြင်း ဖြစ်လေသတည်း။)

**(ဘုရားဟော သသေနိယဇာတ်)မှ**

## သံကို ကြွက်စား သားကို စွန်ချီ

ရှေးသောအခါ၌ ရွာသားကုန်သည်တစ်ယောက်သည် မိတ်ဆွေ ဖြစ်သည့် မြို့နေကုန်သည်ထံသို့ သွားကာ သူ၏သံထွန်သွားငါးရာကို ရောင်းပေးရန် အပ်နှံထားခဲ့၏။ မြို့နေကုန်သည်ကား စိတ်ထားကောက် ကျစ်၍ လောဘကြီးသူဖြစ်သောကြောင့် သံထွန်သွားများကို ရောင်း၍ ကုန်သွားလျှင် ထိုသံထွန်သွားများကို ထားသည့်နေရာ၌ ကြွက်ချေး အများအပြားကို ကြဲဖြန့်ကာထားလိုက်၏။

ရှာသားကုန်သည်ရောက်လာလျှင် သူ၏ သံထွန်သွားများကို မတွေ့၍ ရောင်းကုန်သွားပြီလားဟု မေး၏။ ထိုအခါ မြို့ကုန်သည်က သံထွန်သွားများကို ကြွက်တွေစားသွား၍ ကုန်ပြီဟု၊ ကြွက်ချေးများကို သက်သေပြကာ ဖြေသည်။ ရွာသားကုန်သည်ကား 'သံကို ကြွက်စားတယ်ဆိုတော့ ဘာတတ်နိုင်မှာလဲ'ဟု ဆိုကာ ရေချိုးသွားလို၍ မိတ်ဆွေ၏ သားငယ်ကို လမ်းပြအဖြစ် ခေါ်သွားပါရစေဟု ဆိုကာ ကလေးကို လက်ဆွဲ၍ ရေချိုးဆိပ်သို့ သွားလေ၏။

မကြာမီ ရွာသားကုန်သည် ရေချိုးသွားရာမှ ပြန်ရောက်လာ၏။ သို့သော် သူခေါ်သွားသည် မြို့နေကုန်သည်၏သား အတူပါမလာ၍ 'မိတ်ဆွေ ကျုပ်သား ဘယ်မှာလဲ'ဟု မေး၏။ ထိုအခါ ရွာသားကုန်သည်က 'မိတ်ဆွေရဲ့သားနှင့် ကျုပ် အတူပြန်လာရာမှာ ကောင်းကင်ပေါ်က စွန်ကြီးတစ်ကောင် ပျံဆင်းလာပြီး မိတ်ဆွေရဲ့သားကို ချီသွားလေရဲ့၊ ကျုပ်ခြောက်လှန့်မောင်းထုတ်ပါသေးတယ်၊ မရဘူး'ဟု ပြော၏။

မြို့သားကုန်သည်မှာ အလွန်စိတ်ဆိုးစွာဖြင့် 'ဟယ် သူခိုးပျက် လူလိမ်လူကောက် စွန်တစ်ကောင်က ငါ့သားကို ဘယ်လိုလုပ်ပြီး ချီယူသွားနိုင်မှာလဲ'ဟု ကြိမ်းမောင်းကာ တရားသူကြီးထံသွား၍ တိုင်သည်၊ တရားသူကြီးသည် တရားခံဖြစ်သူ ရွာသားကုန်သည်အား အမှုဖြစ်ပွားပုံအလုံးစုံအား မေးစစ်လျှင် ရွာသားကုန်သည်က ဖြစ်ခဲ့သမျှ အားလုံးကို အစစ်ခံ၍ပြီးမှ 'တရားမင်းခင်ဗျား သံကိုတောင် ကြွက်စားနိုင်သေးရင် သူ့သားကိုလည်း စွန်ချီနိုင်ပါတယ်ခင်ဗျာ 'ဟု ပြောလေ၏။

တရားသူကြီးသည်လည်း ဤအမှုသည် အကောက်ကို အကောက်ကြံခြင်းဖြင့် ပြန်လည်ကြံစည်ထားခြင်း ဖြစ်သည်ကို အမှန်သိသွားသည်ဖြစ်၍ သင့်လျော်ပါပေသည်ဟု ယူဆကာ 'တရားလိုသည် သူအပ်နှံထား

သည့် သံထွန်သွားများကို အလျော်ပေးစေ၊ တရားခံသည် စွန်ချီသွားသည် ဆိုသော တရားလို၏သားကို ပြန်အပ်စေ’ဟု ဆုံးဖြတ်လိုက်လေသတည်း။

**(ဒုကနိပါတ်၊ ကုဋဝါဏိဇဇာတ်တော်)မှ**

## တန်ဆေးလွန်ဘေး

လွန်လေပြီးသောအခါက လှည်းကုန်သည်များသည် လမ်းမှာ ရေပြတ်သောကြောင့် လှည်းများကို ခေတ္တရပ်နားပြီးလျှင် ရေရှာရန်သွားကြ၏။ ထိုအခါ ရေရှာကြရင်းဖြင့် တောနက်ကြီးထဲသို့ ရောက်သွားကြကာ၊ ရေမရှိ တော့သည့် ရေတွင်းဟောင်းကြီးတစ်ခုကို တွေ့ကြလေသည်။ လှည်းကုန်သည်များသည် ဤရေတွင်းဟောင်းကြီးကို ပြန်လည်တူးဖော်လိုက်လျှင် ရေထွက်လာမည်ထင်ကြ၍ စုပေါင်းအင်အားဖြင့် တွင်းဟောင်းကြီးကို တူးဖော်ကြလေသည်။

ဤသို့ တူးဖော်ကြရင်းဖြင့် ရွှေငွေရတနာများစွာတို့သည် တွင်းထဲမှ ထွက်ပေါ်လာကြသည်ကို မြင်ကြရလျှင် ဝမ်းသာစွာဖြင့် ရွှေငွေရတနာများကို ယူထုတ်လိုက်ကြကာ၊ ထပ်မံ၍ တူးဖော်ကြပြန်၏။ ရေကိုမရသော်လည်း ရွှေများကိုရသည်ဖြစ်၍ လောဘဇောများ တက်လာကြသည်။ ထိုအခါ လှည်းမှူးကြီးက ပြောသည်။

“အမောင်တို့ သည်မျှနှင့်ပဲ တော်သင့်ပြီ၊ ထပ်မံတူးဖော်ခြင်းကို မပြုကြနှင့်တော့ ရေကိုရအောင်သာ ရှာကြသင့်သည်”

သို့သော် လှည်းမှူးကြီးစကားကို နားမထောင်ကြသောကြောင့် လှည်းမှူးကြီးနှင့်အတူ အနည်းငယ်မျှသာ ထိုနေရာမှ ထွက်ခွာခဲ့ကြ၏။ ကျန်လူများက တွင်းကို ဆက်လက်၍ တူးကြလျှင် တွင်းအောက်ဆုံးတွင် ခို

အောင်းနေထိုင်သည့် နဂါးမင်း၏ ဗိမာန်ပေါ်သို့ မြေစိုင်မြေခဲများပြိုကျလာသောကြောင့် နဂါးမင်း အမျက်ထွက်ကာ အခိုးအငွေ့များ မှုတ်လွှတ်လျှင် လှည်းကုန်သည်များ သေဆုံးကြလေသတည်း။

**(ဇရုဒပါနဇာတ်တော်) မှ**

## ဖွတ်မရ၊ ဓားမ ဆုံး

ဗာရာဏသီပြည်တွင် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံပြီး ခြိုးခြံစွာကျင့်သုံးနေထိုင်သည့် ရသေ့တစ်ပါးရှိလေသည်။ ထိုရသေ့သည် ပစ္စန္တ ရာဇ် ရွာကလေး၏ တောရကျောင်းတစ်ခုတွင် သီတင်းသုံးနေ၏။ ရွာသားများကလည်း ထိုရသေ့ကို ဆည်းကပ်ကိုးကွယ်ကြ၏။

ထိုအခါ ရသေ့ကျောင်းအနီးရှိ တောင်ပို့တစ်ခုတွင် နေသည့် ဖွတ်တစ်ကောင်သည် ရသေ့ထံသို့ မကြာခဏ လာရောက်ကာ တရားစကားများကို မှတ်သားနာယူလေ့ရှိ၏။ တစ်နေ့သောအခါ ထိုရသေ့သည် အရပ်တစ်ပါးသို့ သွားလို၍ ရွာသားများကို ခေါ်ယူအသိပေးကာ ကျောင်းသခ်မ်းမှ ထွက်ခွာသွားလေ၏။ ထို့ကြောင့် ရွာသားများသည် အခြားသောရသေ့တစ်ပါးကို ပင့်ဆောင်လာကာ ကျောင်းသင်ခန်းမှာ နေစေပြီးလျှင် ရှေးကကဲ့သို့ပင် ထိုရသေ့အား ဆည်းကပ်ကိုးကွယ်ကြ၏။ ဖွတ်သည်လည်း ရှေးယခင်ကအတိုင်း ရသေ့ထံသို့ လာလေ၏။

တစ်နေ့သ၌ အခါမဲ့မိုးကြီးသည် နေ့ခင်း၌ ပြင်းထန်စွာ ရွာသွန်းလေလျှင် တောင်ပို့များထဲ၌ နေလေ့ရှိကြသည့် ပလူကောင်များသည် တောင်ပို့အပြင်ဘက်သို့ ပျံထွက်ကုန်ကြလေ၏။ ထိုအခါ တောင်ပို့ထဲ၌ရှိနေသည့် ဖွတ်ကောင်များသည် ပလူကောင်များကို စားလိုသောကြောင့်

တောင်ပို့များထဲမှ ထွက်ကာ ပလူတို့အား ကိုက်ခဲစားသောက်ကြ၏။ ဤသည်ကို မြင်ကုန်ကြသည့် ရွာသားများသည် ဖွတ်တို့အား ဖမ်းဆီးသတ်ဖြတ်ကာ ဟင်းအလို့ငှာ စားကြကုန်၏။ ရသေ့ထံသို့လည်း ဖွတ်သားဟင်းကို ပို့ကြလေ၏။

ရသေ့သည် နူးညံ့လှသည့် ဖွတ်သားဟင်းကိုစားရလျှင် ရသာတဏှာ၌ နှောင်ဖွဲ့သောကြောင့် 'ဒီအသားအရသာရှိလှတယ်၊ ဘာသားလဲ' ဟု မေး၏။ ရွာသားတို့က 'ဖွတ်သားဖြစ်ပါတယ် 'ဟုဆိုကြလျှင် ရသေ့သည် သူထံသို့ မကြာခဏလာရောက်ဆည်းကပ်လေ့ရှိသည့် ဖွတ်ကြီးအား မြင်ယောင်လာကာ၊ ထိုဖွတ်အား သတ်စားမည်ဟု ကြံစည်၏။ အိုးနှင့် ချဉ်ဆားတို့ကို စုဆောင်းထားသည်။ ထက်လှစွာသော ဓားတစ်ချောင်းကိုလည်း အသင့်ယူထားကာ ဝတ်ရုံအောက်၌ ဝှက်၍ ဖွတ်ကြီးရောက်လာတတ်သည့်လမ်းမှ အသင့်စောင့်နေ၏။

ညအချိန်သို့ရောက်လျှင် ဖွတ်သည် ရသေ့အား ဆည်းကပ်မည်ဟု တွင်းထဲမှ ထွက်လာလျှင် တွင်းဝ၌ ရပ်စောင့်နေသည့် ရသေ့ကိုမြင်တွေ့လိုက်၍ ရသေ့၏ ဖောက်ပြန်လျက်ရှိသော ဣန္ဒြေကိုရိပ်မိကာ 'ဤရသေ့သည် ခါတိုင်းနှင့်မတူ တွင်းရှိရာသို့လည်း လာသည်၊ ငါ့ကိုလည်း စူးစိုက်လျက်ကြည့်သည်။ ငါစုံစမ်းအံ့ 'ဟု တွေးမိ၏။ ထို့ကြောင့် လေအောက်ဘက်သို့သွားကာ အနံ့ခံကြည့်လျှင် ဖွတ်သားနံ့ကို ရှူရှိုက်မိ၍ 'ဤရသေ့စဉ်းလဲသည်၊ ဤယနေ့ နံနက်က ဖွတ်သားကို စားရသည် ဖြစ်လတ္တံ့၊ သူသည် အရသာရှိသော ဖွတ်သားကို တပ်မက်ကာ ငါ့ကို သတ်စားလိုသော စိတ်ဖြင့် စောင့်နေခြင်းဖြစ်မည်' ဟု တွေးမိကာ အနားသို့ မကပ်တော့ဘဲ တောင်ပို့ဆီသို့ ပြန်သွားလေ၏။

ရသေ့သည်လည်း ဖွတ်သည် ငါ၏အကြံကိုသိကာ ငါ့ထံမလာခြင်းဖြစ်မည် မလာသော်လည်း ငါ့လက်မှ သင်မလွတ်ဟု ဓားကိုထုတ်၍

ပစ်လိုက်၏။ သို့သော် ဓားသည် ဖွတ်အား မထိဘဲ တွင်းထဲသို့ဝင်သွားလျှင် ဖွတ်သည် ကယ်ပေါက်မှ ခေါင်းပြူထွက်၍ 'ဟယ် ရသေ့လိမ် ရသေ့ ကောက် သင့်မှာ သီလရှိသည် ထင်၍ ငါဆည်းကပ်ခဲ့သည်။ ယခု သင့် ကောက်ကျစ်မှုကို ငါသိရပြီ။ သင်ကဲ့သို့ သီလမရှိသူကား ဆံကျစ်ပဲဖြစ်စေ သစ်နက်ရေကို ခြုံထားသည်ပဲဖြစ်စေ၊ အကျိုးမရှိ၊ သင့်ကိုယ်တွင်း၌ ဖုံး လွှမ်းထားသည့် ကိလေသာကို ငါသိရပြီ။ သင်သည် အပြင်မှာအရောင် တင်ထားသည့် အဝတ်သာရှိ၏။ သင့်အတွက် ဤနေရာမှာနေ၍ အကျိုး မရှိတော့ပေ။ အမြန်ပြေးလေတော့ အကယ်၍ သင်မပြေးလျှင်ကား ရွာ သားတို့အား ငါပြောကြား၍ သင့်အား နှိပ်စက်စေအံ့' ဟု ဆိုကာ တောင်ပို့ ထဲသို့ ဝင်လေ၏။ ရသေ့သည်လည်း ထိုနေရာမှ ထွက်ပြေးလေတော့၏။

**(ဂေါဓဇာတ်တော်)မှ**

## သူခိုးဓားရိုးကမ်း

ဗာရာဏသီပြည်သား သူဌေးသားတစ်ယောက်သည် တက္ကသိုလ် တွင် ပညာသင်ယူသည့်အခါ လေးအတတ်ကို အထူးတတ်မြောက်သည့် အတွက် တက္ကသိုလ်ဆရာကြီးက သူ့ကို 'စူဠနုဂ္ဂဟ' ဟူသော ဘွဲ့အမည် ကို ပေးအပ်ကာ သမီးနှင့်လည်း ထိမ်းမြန်းပေးလိုက်လေ၏။ ထို့ကြောင့် စူဠနုဂ္ဂဟ ဗာရာဏသီသို့ပြန်လျှင် ဇနီးဖြစ်သူကိုပါ ခေါ်ယူသွားကာ မြား ငါးဆယ်နှင့် လေး၊ သံလျက်စသည်များကို ဆောင်၍ တောလမ်းခရီးသို့ ဖြတ်သန်းဝင်လာခဲ့လေ၏။

တောလမ်းတွင် ပထမဆုံး ဆင်ဆိုးကြီးတစ်ကောင်နှင့် တွေ့၍ မြားနှင့် ပစ်သတ်လိုက်ရ၏။ ထိုနေရာမှ လွန်လျှင် ခိုးသားဓားပြငါးဆယ်

တို့၏ တိုက်ခိုက်ခြင်းကို ကြုံရပြန်၍ စူဠနန္ဒိယသည် မြားနှင့်ပစ်ရန် ချိန်ရွယ်လျှင် ခိုးသားတို့၏ အကြီးအမှူးဖြစ်သူက စူဠနန္ဒိယကို မြင်လျှင်မြင်ခြင်း ချစ်ခင်သောစိတ်ကြောင့် ငယ်သားများအား ရန်မရှာကြနှင့်ဟု တားမြစ်လိုက်လေ၏။

ဤသို့ဖြင့် ခိုးသားများနှင့် အဆင်ပြေသွားကာ စခမ်းချရပ်ကြလျှင် ခိုးသားများ၌ ပါလာသည့် အမဲကင်များကို စူဠနန္ဒိယကတွေ့ရှိကာ၊ စားချင်သောကြောင့် ဇနီးဖြစ်သူအား 'အမဲတစ်ကင်လောက်သွားတောင်းပါ' ဟု လွှတ်လိုက်သည်။ ခိုးသူတို့က အမဲတစ်ကင်ကိုပေးလိုက်၏။ သို့သော် မီးမကင်ရသေးသည့် အမဲကင်အစိမ်းဖြစ်နေသောကြောင့် စူဠနန္ဒိယသည် ဒေါသထွက်ကာ ခိုးသားများအား မြားနှင့်ပစ်လျှင် ခိုးသားအကြီးအမှူးမှ တစ်ပါး အားလုံးသောခိုးသား (၄၉) ယောက်တို့သည် မြားဒဏ်ရာဖြင့် နေရာမှာပင် သေဆုံးကုန်ကြတော့၏။ ထိုအခါ စူဠနန္ဒိယသည် ခိုးကြီးမှူးအား ပစ်ရန် မြားမရှိတော့။ ယူလာခဲ့သော မြားအစင်း (၅၀) သည် ဆင်ဆိုးကြီးအား ပစ်သတ်ခဲ့စဉ်က တစ်စင်းကုန်ခဲ့သည်ကို သတိရကာ ခိုးမှူးကြီးအား နပမ်းဝင်လုံးတော့၏။ ခိုးမှူးကြီးသည် မြေမှာကျလျှင် စူဠနန္ဒိယသည် ခိုးမှူးကြီး၏ ရင်ကိုဖိကာ ဦးခေါင်းကို သံလျက်နှင့် ဖြတ်မည်ဟု ဇနီးထံမှ သန်လျက်ကိုတောင်းသည်။

သို့သော် ဇနီးဖြစ်သူသည် ခိုးမှူးကြီးအား တပ်မက်ချစ်ခင်သောစိတ်ဖြင့် ခိုးမှူးကြီးအသက်ကို ငါကယ်ယူအံ့ဟုတွေးကာ စူဠနန္ဒိယအား သံလျက်ကမ်းပေးသောအခါတွင် သံလျက်လက်ကိုင်ရိုးကို ခိုးမှူးကြီးဘက်သို့ထား၍ ကမ်းပေးလိုက်၏။ ခိုးမှူးကြီးမှာ ထိုမိန်းမ၏အကြံကို ရိပ်မိသောကြောင့် သံလျက်အရိုးကို လှမ်းဆောင့်ခုန်ယူလိုက်ပြီးလျှင် စူဠနန္ဒိယ၏ လည်ကို လျင်မြန်စွာဖြင့် တစ်ချက်တည်းခုတ်ဖြတ်လိုက်ရာ စူဠနန္ဒိယ

သေလေတော့၏။ ထိုအခါမှ ခိုးမှူးကြီးက မိန်းမကို မေးသည်။ 'မင်း ဘာဖြစ်လို့ ငါ့ကို ဓားရိုးကမ်းရတာလဲ'မိန်းမက ဖြေသည်။ 'သင့်ကို မြင် မြင်ခြင်း ကျွန်မစိတ်မှာ ချစ်ခင်တွယ်တာမိတဲ့အတွက် မိဘထိမ်းမြားပေး လိုက်တဲ့လူကို သတ်စေလိုက်တာပဲ ဖြစ်တယ်' ထိုမိန်းမ၏ စကားကို ကြားလျှင် ခိုးမှူးကြီးသည် အလွန်ထိတ်လန့်သွားသောကြောင့် သူ့ကို ငါ့အပါး မှ ဘယ်နည်းနှင့် ခွာထုတ်ရမည်နည်းဟု စဉ်းစားလိုက်သည်။

ထို့နောက် သူတို့နှစ်ဦးသည် ခရီးဆက်လာခဲ့ကြရာတွင် မြစ်ကြီး တစ်စင်း၏ ကမ်းစပ်သို့ ရောက်လာကြ၏။ မြစ်သည် ရေနှင့်အပြည့်ရှိနေ သော်လည်း ရေတိမ်သည့်နေရာကို သိနေသည့် ခိုးမှူးကြီးသည် 'ရှင်မ ဒီ မြစ်ထဲ မိကျောင်းတို့များလှသည်၊ ရှင်မ ကူးဝံ့ပါမလား ’ဟု မေးသည်။ ထိုအခါ မိန်းမကပြောသည်။ 'အရှင် ကျွန်မသယ်ယူလာခဲ့တဲ့ ရတနာ ပစ္စည်းတွေကို ယူပြီး အရှင် တစ်ဖက်ကမ်းကို ကူးနှင့်ပါ။ ဟိုမှာဘက် ကမ်းကိုရောက်တော့ ပစ္စည်းတွေကို ကမ်းမှာထားခဲ့ပြီး၊ ကျွန်မကို လာပြန် ကြိုပါ ’

ခိုးမှူးကြီးသည် ထိုမိန်းမပြောသည့်အတိုင်း ပစ္စည်းထုပ်ကို ယူ၍ ဟိုမှာဘက်ကမ်းသို့ ကူးဖြတ်သောအခါ ရေတိမ်သည့်နေရာသို့ ရောက် လျှင် ရေနက်နေသည်ဟု ထင်မှတ်စေရန်အတွက် ဒူးကိုထောက်၍ ကူး သည်။ မိန်းမသည်လည်း ရေအလွန်နက်သည်ဟုထင်ကာ ကြောက်ရွံ့လျက် ရှိ၏။ ခိုးမှူးကြီးသည်လည်း တစ်ဖက်ကမ်းသို့ရောက်သည်နှင့် ပစ္စည်းထုပ် နှင့်အတူ ထွက်ပြေးလေတော့၏။ ထိုအခါ မိန်းမကမြင်တွေ့လျှင် 'အရှင် ကျွန်မကို ပစ်မထားပါနှင့် လာခေါ်ပါ ’ဟု အော်သည် ခိုးမှူးကြီးကြားလျှင် “ရှင်မကို ငါမခေါ်ဝံ့၊ ရှင်မသည် မိဘထိမ်းမြားပေးသည့် ငယ်လင်ကို သေစေပြီး ငါ့ကိုပေါင်းသင်းသလို ငါ့အပြင် တခြားယောကျာ်းကို သင်မြင်

ပြန်လျှင် ငါ့ကိုသတ်ဦးမည်မှာ အမှန်ပင် ဖြစ်မည်”ဟုပြော၍ ထွက်ပြေးသွားလေတော့၏။

ထိုအခါ မိန်းမသည် မည်သည့်နေရာသို့ သွားရမည်ကို မသိဖြစ်ကာ မြစ်ကမ်းရှိ ချုံနွယ်တစ်ခု၏ အရိပ်ကို ခိုကာထိုင်လျက်ရှိ၏။ ဤအကြောင်းခြင်းရာများကို သိကြားမင်းသိလျှင် အကျင့်ပျက်သည့် မိန်းမကို အရှက်ရအောင် လုပ်မည်ဟူသော အကြံဖြင့် မာတလိနတ်သားကို ငါးအသွင်ဆောင်စေကာ ပဉ္စသီခနတ်သားကိုကား ငှက်အသွင်ဆောင်စေပြီးလျှင် သိကြားမင်းက မြေခွေးအသွင်ဖြင့် မြစ်ကမ်းနားသို့လာကြ၏။

မြေခွေးသည် အမဲတစ်ကိုက်ချီလာကာ ချုံအနီးတွင် ထိုင်နေသည့် မိန်းမအနီးသို့ ရောက်လာ၏။ ထိုစဉ်အခိုက်တွင် ကြီးမားသောငါးကြီးတစ်ကောင်သည် မြစ်ထဲမှခုန်ထွက်ကာ မိန်းမအနီးတွင်ရှိနေသည့် မြေခွေးရှေ့သို့ ကျလာ၏။ မြေခွေးသည် ‘ထိုငါးကို မြင်သည်နှင့် ခံတွင်း၌ ကိုက်ချီထားသည့် အမဲတစ်ကို ချကာ ငါးကိုခုန်အုပ်သည်။ ငှက်တစ်ကောင်သည် ကောင်းကင်ထက်မှ လျင်မြန်စွာ ပျံဆင်းလာပြီးလျှင် မြေခွေးပစ်ချထားခဲ့သည့် အမဲတစ်ကိုသုတ်ယူ၍ ကောင်းကင်သို့ ပျံတက်သွားစဉ် ငါးသည်လည်း မြစ်ရေထဲသို့ လျင်မြန်စွာ ခုန်ဆင်းသွားလေ၏။ အဖြစ်အပျက်အားလုံးသည် တစ်ချိန်တည်းတွင် လျင်မြန်စွာ ဖြစ်သွားသည်ဖြစ်၍ မြေခွေးသည် ဟိုသည်မမှီနိုင်တော့ဘဲ အားလုံးဆုံးရှုံးသွားရသည့်အဖြစ်ကို ကြည့်နေသည့် ထိုမိန်းမသည် ‘ကောင်းတယ်၊ သိပ်ကောင်းတယ် ဒီလောက်လောဘရမ္မက်ကြီးလုတဲ့ မြေခွေး အမဲတစ်ရော ငါးကိုပါ နှစ်ခုလုံး ဆုံးရှုံးသွားရပြီမဟုတ်လား’ဟု လက်ခုပ်လက်ဝါးတီးကာ ပြော၏။

ထိုအခါ မြေခွေးသည် ‘ငါ့ကို အပြစ်ပြောပြီး လှောင်ပြောင်နေတာ ဘယ်သူလဲ ’ဟုမေး၏။ အဖြေမရလျှင် မြေခွေးက ဆက်၍ ပြောပြန်သည်။

'ဒီနေရာမှာ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းမရှိပါဘဲ ဘယ်သူက လက်ခုပ်လက်ဝါးတီးနေတာလဲ၊ ငါ့အဖြစ်ဟာ၊ ငိုဖို့ကောင်းတဲ့အဖြစ် လက်ခုပ်ဩဘာပေးဖို့ အဖြစ်မဟုတ်ဘူး'

မိန်းမက ပြန်ပြောသည်။ 'အောင်မာ ကြီးကျယ်လှတဲ့ မြေခွေးယုတ် အဆင်ခြင်မရှိဘဲ အစားမက်တဲ့ မြေခွေးယုတ်၊ သင်ဟာ အလိုရမ္မက်ကြီးမားပြီး အမဲတစ်ရော ငါးပါ နှစ်ခုလုံးဆုံးရှုံးရတယ်မဟုတ်လား၊ ဒါကြောင့် သင့်အဖြစ်ကို ငါအားရလွန်းလို့ လက်ခုပ်တီးပြီး ဩဘာပေးလိုက်တာပဲ'

မြေခွေးကလည်း ပြောပြန်သည်။ ဟယ် အကျင့်သီလမဲ့ပြီး ယုတ်မာကောက်ကျစ်တဲ့ မိန်းမယုတ်၊ သင်ဟာ သူတစ်ပါး အပြစ်ကိုသာ မြင်တတ်ပြီး ကိုယ်အပြစ်ကိုတော့ မမြင်တတ်ဘူးလား။ သင်ဟာ အလိုရမ္မက်ကြီးလွန်းလို့ မိဘက ထိမ်းမြားပေးလိုက်တဲ့ ငယ်လင်ကိုရော၊ ခုမြင်ခုကြိုက်တဲ့ လင်ငယ်ကိုပါ နှစ်ယောက်လုံး ဆုံးရှုံးသွားရပြီးမဟုတ်လား၊ သင့်အဖြစ်ကမှ လက်ခုပ်လက်ဝါးတီးပြီး ဩဘာပေးဖို့ မကောင်းဘူးလား"

မိန်းမသည် မြေခွေးစကားကြောင့် နောင်တရကာ 'သင်ပြောတာ မှန်ပါတယ်၊ ငါ့မှာ အပြစ်ရှိပါတယ်။ နောက် ဒီလို မဖြစ်တော့ပါဘူး' ဟု ပြောသည်။

မြေခွေးက ရယ်လေသည်။ 'သင်ဘယ်သို့ပြောပေမဲ့ သင့်အား ယုံကြည်တော့မည်မဟုတ်၊ မြေအိုး၊ မြေခွက်ကို ခိုးသူဟာ ရွှေအိုး၊ ရွှေခွက်ကိုလည်း ခိုးမှာပဲ။ သင်ဟာ ဒီအတိုင်းကျင့်ကြံလိမ့်မယ်၊ မကောင်းမှုတစ်ခုကို ပြုဖူးသူဟာ၊ နောက်ထပ်မကောင်းမှုတစ်ခုကို ထပ်ပြုဦးမှာ အမှန်ပဲ'ဟု ဆိုပြီးလျှင် အဝေးသို့ ထွက်သွားလေသတည်း။

**(စူဠဓနုဂ္ဂဟဇာတ်တော်)မှ**

## ဆင်ကန်းတောတိုး

ရှေးသောအခါက ဟိမဝန္တာတောကြီး၌ အခြံအရံများစွာနှင့် နေလေ့ရှိသည့် ဆင်မင်းကြီးတစ်ကောင်ရှိ၏။ ဆင်မင်းကြီးသည် တစ်နေ့သောအခါ၌ နောက်ပါ အခြံအရံတို့နှင့်အတူ တောလမ်းခရီးသို့ ထွက်လာခဲ့ရာတွင် လမ်းဘေးတစ်နေရာ၌ အသိုက်လုပ်ကာ နေထိုင်သည့် နှံစုပ်ငှက်မကလေးနှင့် တွေ့ကာ ငှက်မကလေးက ဆင်မင်းကြီးကို ‘အရှင်ဆင်မင်းကြီး အတောင်အလက်မစုံသေးလို့ ပျံသန်းနိုင်ခြင်းမရှိသေးတဲ့ ကျွန်မကလေးတွေ အသိုက်ထဲမှာ ရှိနေကြပါတယ်၊ နင်းသတ်တော်မမူပါနဲ့ ’ဟု တောင်းပန်သည်။

ဆင်မင်းကြီးက ‘ကောင်းပြီ သင့်ကလေးတွေကို အခုတော့ ငါ ကယ်နိုင်သည်’ ဟုဆိုလျက် ငှက်ကလေးတွေရှိနေသည့် ငှက်သိုက်အပေါ်ကို ဆင်မင်းကြီးက ခြေလေးဘက်နှင့် ကားရားခွရပ်ကာ နောက်ပါ ဆင်များကို သွားစေပြီးမှ ‘ငှက်မ ငါကတော့ ကယ်လိုက်ပြီ၊ ဒါပေမဲ့ နောက်ဆုံးက တစ်ကောင်တည်းလိုက်လာမယ့် ဆင်ဆိုးကြီးကိုတော့ သင် တောင်းပန်လို့ရမှာ မဟုတ်ဘူး။ သင့်အသိုက်ထဲက ကလေးတွေကို အမြန်ဆုံးနေရာ ရွှေ့ထားလိုက်ပါ ’ဟု မှာပြီးထွက်သွားလေသည်။

မကြာမီ ထိုနေရာသို့ ဆင်ဆိုးကြီးရောက်လာတော့၏။ နှံစုပ်ငှက်မသည် သူ့အတောင်ကလေးနှစ်ဖက်ကို မြေသို့စိုက်ကာ ရှိခိုးသလို အပြုအမူဖြင့် ဆင်ဆိုးကြီးအား ရှေးနည်းအတိုင်း တောင်းပန်လျှင် ဆင်ဆိုးကြီးသည် သူ့ခေါင်းကို ခါယမ်းလျက် ‘ဟယ် နှံစုပ်ငှက်မ ငါ့သွားလမ်းပေါ်ရှိနေတဲ့ သင့်အသိုက်ကို ရှောင်မသွားနိုင်ဘူး။ ငါ့အတွက် ခရီးဖင့်တယ်၊ သင့်သားသမီးတွေ သေကုန်လဲ ငါဂရုမစိုက်ဘူး။ သင့်လိုငှက်မက ငါ့လို အင်အားကြီးတဲ့ ဆင်ကို ဘာအံတုချင်သလဲ’ဟု ကြုံးဝါးလျက် အသိုက်ကို

နင်းချေသွားရုံမျှမက အသိုက်ပေါ်သို့ ကျင်ငယ်ရေများပါ စွန့်ကာ ထွက်ခွာသွားလေ၏။

နှံစုပ်ငှက်မကလေးသည် ဟိုမှသည်မှ လူးလားပျံသန်းရင်းဖြင့် ‘နိုင်တုန်းမှာ သင်အသာရပေမဲ့၊ ငါဟာ ကိုယ်အားထက် ဉာဏ်အားကြီးမားတယ်ဆိုတာ မကြာခင် သင်သိစေရမယ် ’ပြန်လှန်အော်ဟစ်ကာ ထိုနေရာမှ ပျံထွက်သွား၏။ ထိုနှံစုပ်ငှက်မမှာ ကျီး၊ ဖား၊ ယင်မမဲရိုင်းဆိုသော မိတ်ဆွေသုံးဦးရှိသည်ဖြစ်ရာ ငှက်မသည် မိတ်ဆွေသုံးဦးတို့နှင့် တိုင်ပင်ကာ ဆင်ဆိုးကြီးအား ပြန်လှန်တိုက်ခိုက် လက်စားချေရန် တိုင်ပင်ကြ၏။ ထိုအခါ မိတ်ဆွေသုံးဦးတို့က ဘယ်နည်းဖြင့် ဆင်ဆိုးကြီးအားတိုက်ခိုက်မည်နည်းဟု နှံစုပ်ငှက်မကိုမေးသည်။ ထိုအခါ နှံစုပ်ငှက်မက တိုက်ခိုက်ရမည့်နည်းလမ်းကို အကြံပေးသည်မှာ ‘ပထမဆုံး ကျီးက ဆင်ဆိုးကြီးဦးခေါင်းပေါ်နားကာ ဆင်ဆိုးကြီး၏ မျက်လုံးနှစ်ဖက် ပေါက်ထွက်သွားသည်အထိ ထိုးဖောက်ပါ။ ထိုသို့ထိုးဖောက်ပြီးသည့်နေရာကို ယင်မမဲရိုင်းက ယင်အုများကို ဥချပါ။ ယင်အုမှ ပိုးလောက်များ ဖြစ်လာ၍ ဆင်ဆိုးကြီးမျက်လုံးကွယ်ကာ မမြင်မစမ်း ဖြစ်လာလိမ့်မည်။ မမြင်မစမ်းအကန်းဘဝသို့ ရောက်သွားရသည့် ဆင်ဆိုးကြီးသည် ရေငတ်မွတ်သည်ဟု ရေရှာသွားလျှင် အဆွေဖားက တောင်ထိပ်နေရာမှ အသံပေးပါ။ ဆင်ဆိုးကြီးသည် ဖားသံကြားရသည့်နေရာမှာ ရေရှိသည် အထင်နှင့် တောင်ပေါ်သို့တက်လိမ့်မည်။ ဆင်ဆိုးကြီးတောင်ပေါ်သို့ရောက်လျှင် အဆွေဖားက တောင်အောက်သို့ ပြန်ဆင်းပြီး တောင်အောက်ကနေ အသံပေးပါ။ အဲဒါဆို၊ ဆင်ဆိုးကြီးကို လက်စားချေနိုင်လေပြီ ’ဟူ၍ ဖြစ်လေ၏။

မိတ်ဆွေများသည် နှံစုပ်ငှက်မပေးသည့် အကြံအစည်အတိုင်း ဆင်ဆိုးကြီးကို တိုက်ခိုက်ကြလျှင် ဆင်ဆိုးကြီးသည် ‘ဆင်ကန်းတောတိုး’

ဘဝဖြင့် ရေရှာထွက်ရင်း ဖားသံကို နားထောင်ကာ လိုက်သွားရာမှ ချောက်ထဲသို့ကျကာ သေဆုံးသွားရရှာလေတော့သတည်း။

**(လဋုကိက– ဇာတ်တော်)မှ**

နှံစုပ်ငှက်၊ ဘီလုံးငှက်တို့အား လဋုကိကာဟု ပါဠိအားဖြင့်ခေါ်လေသည်။

## ကြွက်သေတစ်ခု အရင်းပြု

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် စူဠသေဋ္ဌိဟူသော သူဌေးကြီးတစ်ယောက်ရှိသည်။ ထိုသူဌေးကြီးသည် ကောင်းကင်နက္ခတ်ဂြိုဟ်အသွားအလာ၊ အတိတ်၊ နိမိတ်စသည့် အားလုံးကို ကြည့်ရှုကောက်ယူနိုင်စွမ်းရှိသည့် ပညာနှင့် ပြည့်စုံသူဖြစ်လေသည်။

တစ်နေ့သောအခါတွင် သူဌေးကြီးသည် ဘုရင်မင်းမြတ်အား အခစားဝင်ရန်အတွက် အိမ်မှထွက်လာစဉ် နန်းတော်သို့ ဝင်ရာလမ်းတွင် ကြွက်သေတစ်ကောင်ကို မြင်မိ၍ ချက်ချင်းပင် နက္ခက်နှင့်ယှဉ်၍ ကြည့်ရှုဆင်ခြင်လိုက်လျှင် ကြွက်သေကို အမှီပြု၍ ကောင်းကျိုးချမ်းသာတစ်ခုဖြစ်နိုင်သည်ကို သိရသောကြောင့် 'အင်း ဉာဏ်ပညာနှင့် ပြည့်စုံတဲ့သူဆိုရင်ဖြင့် ဟောဒီကြွက်သေကို အရင်းပြုပြီး အလုပ်တစ်ခုလုပ်လိုက်ရင် ဧကန်ကြီးပွားချမ်းသာလိမ့်မယ် 'ဟု ထုတ်ပြောလိုက်သည်ကို ဉာဏ်ပညာနှင့် ပြည့်စုံသည့် ဆင်းရဲသားတစ်ယောက်က ကြားသွားလေ၏။

ထိုအခါ ဆင်းရဲသားက စဉ်းစားသည်မှာ 'ဒီသူဌေးကြီးဟာ လောကီပညာမှာ အစွမ်းထက်လှတယ်လို့ ကြားဖူးတယ်၊ သူပြောတဲ့စကားဟာ အကြောင်းမဲ့တော့မဟုတ်နိုင် 'ဟု တွေးကာ ကြွက်သေကို ကောက်ယူ၍

ဈေးမှာ သွားရောင်းလျှင် ကြောင်စာလိုချင်သူတစ်ဦးက ငွေတစ်ရွေးသား ပေးကာ ဝယ်ယူသွား၏။ ဆင်းရဲသားသည် ထိုငွေတစ်ရွေးသားနှင့်တင်လဲ ရသမျှကိုသွားဝယ်ကာ သောက်ရေအိုးတစ်လုံးနှင့် ရေအပြည့်ထည့်ပြီးလျှင် ဆင်ခြေဖုံးရွာများမှ မြို့သို့တက်ကာ ပန်းလာရောင်းကြသူများအား တင်လဲအနည်းငယ်စီကို စားစေပြီး ရေကိုတိုက်သည်။ ပန်းသည်များက ကျေးဇူးတင်ကြသဖြင့် ဆင်းရဲသားကို ပန်းအနည်းငယ်စီပေးသွားကြသည်။ ထိုပန်းများကို ရောင်းပြန်လျှင် ငွေအနည်းငယ်ထပ်ရပြန်၍ တင်လဲကို ထပ်ဝယ်ပြီး ရေတစ်အိုးနှင့် ပန်းဥယျာဉ်များရှိ အလုပ်သမားများကို တင်လဲနှင့် ရေတိုက်ကျွေးပြန်၏။ ထိုအခါ ပန်းဥယျာဉ်များမှ ပန်းများကို ပေးလိုက်လျှင် ပန်းများကို လိုက်ရောင်းရာ ငွေရှစ်သပြာရလာတော့သည်။

ဆင်းရဲသားသည် ထိုငွေရှစ်သပြာကို သိမ်းဆည်းထားကာ လွန်ခဲ့ သော နှစ်ရက်ခန့်က လေမိုးကြီးကျရောက်စဉ် မင်းဥယျာဉ်ထဲရှိ သစ်ပင်များ အကိုင်းအခက်အရွက်များ ကျိုးပဲ့ပျက်စီးလျက်ရှိသည်ကို မြင်ခဲ့ရသောကြောင့် ဥယျာဉ်မှူးထံသွား၍ ထိုအမှိုက်များကို ရှင်းပါရစေဟု ခွင့်တောင်း၏။ ခွင့်ပြုချက်ရလျှင် ဥယျာဉ်ပြင်ပ၌ ကစားနေကြသည့် ကလေးများကို တင်လဲ အနည်းငယ်စီကျွေး၍ အမှိုက်များကို ကူညီရှင်းစေကာ ရသမျှအားလုံး ကို ဥယျာဉ်တံခါးဝ၌ ပုံထားစေ၏။ ထိုအခါ မင်းနန်းတော်ရှိ အိုးတော်လုပ် များသည် ထိုထင်းအမှိုက်များကိုမြင်လျှင် အိုးဖုတ်ရန်အတွက် ငွေတစ်ဆယ့် ခြောက်သပြာနှင့် အိုးငါးရာကိုပေးကာ ဝယ်ယူသွားသည်။

ဆင်းရဲသားသည် ထိုငွေတစ်ဆယ့်ခြောက်သပြာနှင့် သူ့မှာရှိသည့် ငွေရှစ်သပြာကိုပေါင်းကာ မြို့တံခါးအနီးတွင် ရေချမ်းစင်ကြီးတစ်ခုကို ဆောက်သည်။ ထိုရေချမ်းစဉ်တွင် သူရရှိလာသည့် အိုးငါးရာကို ထားကာ ခရီးသွားများ သောက်သုံးရန်အတွက် နေ့စဉ်ရေဖြည့်ပေးထား၏။ မြက်ရိပ်

သမားတို့သည် နေ့စဉ်မြက်ရိတ်လာရင်းဖြင့် ထိုရေများကို သောက်ရလျှင် ကျေးဇူးကြီးလှသည်ဟု ရေချမ်းစင်ဆောက်လုပ်ပေးထားသည့် ဆင်းရဲသား အား ‘မိတ်ဆွေကျေးဇူးကြီးလှသည်၊ အကူအညီလိုတဲ့အခါ ကျုပ်တို့ကို ပြောပါ ’ဟု မှာသည်။ ဆင်းရဲသားသည် မြက်ရိတ်သမားများနှင့် ဤကဲ့သို့ မိတ်ဆွေဖွဲ့ထားသလို ဤမြို့တံခါးမှ နေ့စဉ် အထွက်အဝင်ပြုနေကြသည့် ကုန်သည်များနှင့် ရေလမ်းမှလာကြသည့် ကုန်သည်များကိုပါ ရင်းနှီးစွာ မိတ်ဆွေဖွဲ့ထား၏။

တစ်နေ့သောအခါ ကုန်းလမ်းမှာ အရောင်းအဝယ်ပွဲစားလုပ်နေသူသည် ဆင်းရဲသားအား ‘မနက်ဖြန်ကို မြင်းငါးရာသယ်ယူလာတဲ့ ကုန်သည်တွေ ဗာရာဏသီကို ရောက်လာကြလိမ့်မည် ’ဟု သတင်းပေးသည်။ ထိုအခါ ဆင်းရဲသားသည် မြက်ရိတ်သမားမိတ်ဆွေများထံသို့ သွားရောက်ကာ ‘မိတ်ဆွေတို့ ငါ့ကို မြက်တစ်ထုံးစီပေးကြပါ။ ပြီးတော့ မြင်းကုန်သည်တွေ ရောက်လာရင် ကျုပ်ဆီက မြက်ထုံးတွေကို အလျင်ရောင်းပါရစေ’ဟု မှာ၏။ မြက်ရိပ်သမားတို့လည်း သူ့ကို မြက်တစ်ထုံးစီပေးကြလျှင် မြက်ထုံးပေါင်း ငါးရာကိုရရှိလေသည်။ မြင်းကုန်သည်များရောက်လာ၍ မြင်းစာအတွက် မြက်ထုံးများကို ရောင်းလျှင် ငွေအသပြာတစ်ထောင်ရ၏။

ထို့နောက် သုံးရက်အကြာတွင် ရေလမ်းမှ ကုန်သည်များရောက်လာလိမ့်မည်ဟု ပွဲစားက သတင်းလာပေးသည်။ ဆင်းရဲသားသည် သားနားသော ရထားတစ်စင်းကို ငှားစီးကာ မြစ်ဆိပ်သို့ရောက်လာမည့်ကုန်သည်လှေကို သွား၍စောင့်သည်။ ကုန်သည်လှေရောက်လာလျှင် လှေသူကြီးအား လက်စွပ်တစ်ကွင်းပေး၍ ကတိစာချုပ်ပြုလုပ်သည်။ လှေပေါ်ပါ ကုန်အားလုံးကို ဝယ်ယူကာ မြစ်ဆိပ်ရှိလုံခြုံသော ကုန်လှောင်ရုံထဲ၌ သိမ်းဆည်းထားလိုက်၏။ ကုန်ဝယ်လိုသူများရောက်လာသောအခါ ဆင်းရဲသားထံမှ ခွင့်ပန်ပြီးမှ ဝယ်ရန်ကိုလည်း အစောင့်အရှောက်များထား၍ မှာထားလေသည်။

ဗာရာဏသီရှိကုန်သည်များသည် ကုန်လှေကြီးတစ်စင်းဆိုက်လာသည်ဟုကြား၍ ကုန်များဝယ်ယူရန် လှေသူကြီးထံသို့ ရောက်လာလျှင် ‘ကုန်သည်ကြီးတစ်ယောက်က ကုန်အားလုံးကို ကတိစာချုပ် ချုပ်ပြီး ဝယ်ထားပြီးပါပြီ။ မိတ်ဆွေတို့ သူ့ထံမှာ သွားဝယ်ပါ ’ဟုပြောသည်။ ဤသို့ဖြင့် ဆင်းရဲသားသည် ကုန်သည်များအား တစ်ဆင့်ခံ ပြန်လည်ရောင်းချခြင်းဖြင့် အမြတ်ငွေအသပြာနှစ်သိန်းရလေ၏။

ဆင်းရဲသားသည် ကျေးဇူးသိတတ်သူဖြစ်သောကြောင့် စူဠသေဋ္ဌိသူဌေးကြီးကို ငွေအသပြာတစ်သိန်းဖြင့် သွားရောက်ကန်တော့သည်။ ထိုအခါ သူဌေးကြီးက ‘အမောင် ဘာ့ကြောင့် ကန်တော့သနည်း’ ဟု မေး၏။ ဆင်းရဲသားက ‘အရှင်သူဌေးကြီးသည် ကြွက်သေတစ်ကောင်ကိုကြည့်၍ ဤကြွက်သေတစ်ခုကို အရင်းပြု အလုပ်လုပ်လျှင် လေးလအတွင်းကြီးပွားချမ်းသာလိမ့်မည်ဟု ပြောသည်ကို ကျွန်တော်ကြားမိ၍ အလုပ်လုပ်ခဲ့ပါသည်။ ယခု ငွေနှစ်သိန်းအမြတ်ကို စုဆောင်းမိပါ၍ လာရောက်ကန်တော့ရပါသည်’ဟု အစမှအဆုံးတိုင် ပြောပြလျှင် သူဌေးကြီးသည် ဆင်းရဲသားကို အလွန်သဘောကျသွား၏။ ဤလုလင်သည် ကျေးဇူးကိုလည်းသိတတ်၏။ ဖြောင့်မတ်သောစိတ်လည်းရှိ၏။ ပညာဉာဏ်နှင့် ပြည့်စုံသူလည်းဖြစ်၏ဟု တွေးကာ သူ၏သမီးနှင့် လက်ထပ်ပေးလေ၏။ ပစ္စည်းဥစ္စာများကိုလည်း လွှဲအပ်ပေးကာ သူဌေးဟူသော အမည်နာမကိုပါ ချီးမြှင့်လိုက်လေသတည်း။

ဆင်းရဲသားသည် ထိုနေ့မှစ၍ စူဠသေဋ္ဌိသူဌေးကြီးကို အမှီပြုကာကြီးပွားလာရသူဖြစ်သည်ဟု သူ၏အမည်ကို စူဠန္တေဝါသိကသူဌေးဟု အမည်တွင်လာ၏။

**(စူဠသေဋ္ဌိဇာတ်တော်) မှ**

## ဆင်ဖြူတော်ဝင်မယ့်ကိန်း ချည်တစ်ခင်နှင့် ကျိန်းကြေ

ရှေးသောအခါက ဘုရင်ဖြစ်မည့် လူတစ်ယောက်နှင့် နန်းတွင်း ပုရောဟိတ် ဖြစ်လာမည့် လူတစ်ယောက်တို့သည် မွေးဖွားလာကြသည့်အချိန် ကလည်း တစ်ချိန်တည်းဖြစ်ကာ အရွယ်ရောက်လာကြသည့်အခါမှာလည်း အလွန်ချစ်ခင်ကြသည့် မိတ်ဆွေနှစ်ယောက်ဖြစ်လာကြ၏။ တစ်ဦးက ဘုရင်ဖြစ်လာ၏။ တစ်ဦးက ထိုဘုရင်၏ ပုရောဟိတ်ဖြစ်လာ၏။ တစ် နေ့တွင် ဘုရင်ဖြစ်သူက သူ၏ဇာတာကို စစ်ဆေးပေးပါဟု ပုရောဟိတ်ကို ပြောလေသည်။ ပုရောဟိတ်က စစ်ဆေးကြည့်လျှင် ယနေ့မှစ၍ ခုနစ်ရက် အတွင်း ဆင်ဖြူရတနာတစ်စီး လာရောက်ဆက်သခြင်းကို ခံရလိမ့်မည်ဟု တွေ့ရလေသည်။

ပုရောဟိတ်သည် ထိုအချိန်မှာပဲ သူ၏ဇာတာကိုပါ စစ်ဆေးကြည့် လိုက်လျှင် ဘုရင်ဖြစ်သူ၏ဇာတာနှင့် တစ်ထပ်တည်းကျနေသည်ကို မြင် ရလေ၏။ သူ့ထံသို့လည်း ခုနစ်ရက်မြောက်သောနေ့တွင် ဆင်ဖြူတော် တစ်စီးဝင်လာမည်ဟု အဟောထွက်၏။ ပုရောဟိတ်သည် အလွန်ဝမ်း မြောက်သွားလေသည်။ ဆင်ဖြူတော်သူရလျှင် လုပ်ရမည့် စီမံကိန်းများကို လည်း ချမှတ်သည်။

ခုနစ်ရက်မြောက်လာလျှင် ဟောကိန်းမှာ မြင်ထားသည့်အတိုင်း ဘုရင်ထံသို့ ဆင်ဖြူတော်ငယ်တစ်စီး တောထဲမှရလာသည်ဟု လာရောက် ဆက်သကြလေ၏။ ထိုအချိန်၌ပင် မုဆိုးတစ်ယောက်သည်လည်း ပုရော ဟိတ်ထံသို့ ချည်ဖြူတစ်ခင်ကို လာရောက်ပေးလေ၏။ ထိုအခါ ပုရော ဟိတ် ညည်းတွားမိသည်မှာ 'သြော် ဘုရင်မင်းမြတ်မှာတော့ ဟောကိန်းရှိ

ထားတဲ့အတိုင်း ဆင်ဖြူတော် အမှန်ပဲ ဝင်လာပေတယ်။ ငါ့မှာတော့ ဆင်ဖြူတော်ဝင်လာမယ့်ကိန်းရှိပေမဲ့ ချည်ဖြူတစ်ခင်နှင့်ပဲ ကျိန်းကြေရ တော့မည်ဟု ရေရွတ်လိုက်လေသတည်း။

**(ဝိစိတြာလင်္ကာရ စကားပုံများ)မှ**

## မလျော့မတင်း စောင်းကြိုးညှင်း

ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်တွင် ဟံသာဝတီပြည်သား သိရိဝမုန သူဌေးကြီးသည် ဘုရားရှင်ကျောင်းတော်ရာသို့ နေ့စဉ်သွား၍ တရားနာယူလေ့ရှိခဲ့၏။ ထိုအခါ ဝီရိယကြီးမားစွာဖြင့် တရားအားထုတ် လေ့ရှိသည့် ရဟန်းတော်တစ်ပါးကို ဖူးတွေ့ရဖန်များလာလျှင် ငါသည်လည်း ဤအရှင်မြတ်ကဲ့သို့ ကျင့်ကြံအားထုတ်နိုင်လျှင် ကောင်းမှာပဲဟု တောင့်တ လျက် ဘုရားရှင်အမှူးပြုကာ သံဃာတော်များကို ပင့်ဖိတ်၍ ခုနစ်ရက် လုံးလုံး ဆွမ်းကပ်လှူသည့်ကုသိုလ်ကို ပြုသည်။ ထို့နောက် 'ဤကုသိုလ် ကောင်းမှုကြောင့် တပည့်တော်သည့် ဝီရိယကြီးမားစွာ တရားအားထုတ် နေတော်မူသည့် ရဟန်းကဲ့သို့ ကျင့်ကြံအားထုတ်နိုင်ပါစေသတည်း ' ဟု ဆုတောင်းလေသည်။ သူ၏တောင်းဆုကို ဘုရားရှင်သိတော်မူလျှင်

'ဒါယကာသည် ကဿဖဘုရားရှင်၏ သာသနာတော်ကွယ်ပြီး နောက် ဂေါတမဘုရားရှင် မပွင့်မီ ဗာရာဏသီပြည်တွင် အမျိုးကောင်းသား ဖြစ်ပြီးလျှင် လူ့ပြည်၊ နတ်ပြည်တို့၌ ကျင်လည်ရပြီးနောက် ဂေါတမ ဘုရားရှင်လက်ထက်တွင် အရှင်သောဏထေရ်အမည်ဖြင့် ဝီရိယ လွန်ကဲ သောအရာ၌ ဧတဒဂ်ထားတော်မူခြင်းကို ခံရလတ္တံ့ 'ဟုဗျာဒိတ်ပေးတော် မူလေ၏။

သူဌေးကြီးသည် ကွယ်လွန်ပြီးသည့်နောက် သူဌေးတစ်ဦး၏သား အဖြစ် မွေးဖွားလာကာ အရွယ်ရောက်လာလျှင် အပေါင်းအသင်းများနှင့် ဂင်္ဂါမြစ်တွင်း၌ ရေကစားနေစဉ် မြစ်ထဲသို့ မြောပါလာသည့် သစ်ဝါးများကို ဆယ်ယူနေသည့် ရှင်ပစ္စေကဗုဒ္ဓတစ်ပါးကို ဖူးတွေ့ရလေ၏။ ထိုအခါ သူဌေးသား၏အပေါင်းအသင်းများက 'အရှင်ဘုရား ဒါတွေကို ဆယ်ယူတာ ဘာများ အသုံးပြုလိုပါသလဲဘုရား 'ဟု မေးလျှောက်သည်။ အရှင်မြတ်က 'ဒါယကာ တို့ရဟန်းဆိုတာ ဝါလနီးရင် ကျောင်းကန်ရှိမှ သင့်လျော်ပေ တယ်၊ ဒါကြောင့် လိုက်ဆယ်ယူနေရတာပဲ 'ဟု မိန့်တော်မူ၏။ ထိုအခါ သူဌေးသားက 'အရှင်ဘုရား ဒီတစ်နေ့ပဲ ဆိုင်းတော်မူပါ၊ နက်ဖြန်ကို တပည့်တော်တို့ကျောင်းဆောက်လှူပါ့မယ်ဘုရား 'ဟု လျှောက်လျှင် အရှင် မြတ်သည် ဆယ်ယူခြင်းမပြုတော့ဘဲ ဂင်္ဂါမြစ်ကမ်းပေါ်သို့ ပြန်ကြွသွား လေ၏။

သူဌေးသားသည် အိမ်ပြန်ရောက်သည်နှင့် နက်ဖြန်နံနက်မှာ အရှင် မြတ်ကို ကပ်လှူမည်ဟု ဆွမ်းများချက်သည်။ နက်ဖြန်မိုးလင်းသည်နှင့် အရှင်မြတ်ကြွလာတော်မူမည့် လမ်းမှ ဆီးကြိုကာ အိမ်သို့ပင့်၍ ဆွမ်းကပ် လှူသည်။ ထို့နောက် 'အရှင်ဘုရား ဝါတွင်း သုံးလပတ်လုံး တပည့်တော် အိမ်ကို နေ့စဉ်ကြွပြီး ဆွမ်းအလှူခံတော်မူပါဘုရား 'ဟု လျှောက်သည်။ အရှင်မြတ်ကလည်း လက်ခံတော်မူသည်။ ထို့နောက် သူဌေးသားသည် သူ၏အပေါင်းအသင်းများကို ခေါ်ယူကာ အရှင်မြတ် သီတင်းသုံးတော်မူရန် အတွက် ဂင်္ဂါမြစ်ကမ်းနှင့် နီးသည့် တောအုပ်ငယ်တွင် သစ်ရွက်အမိုးအကာ များနှင့် လုံခြုံအောင် ဆောက်လုပ်ထားသည့် ကျောင်းငယ်ကိုလှူသည်။ တဲ ကျောင်းအဝင်ဝတွင် ကျောက်တို့နှင့် ပြေပြစ်နေသည့် လမ်းကိုပြုလုပ်ကာ သူအမြဲခြုံလွှမ်း လေ့ရှိသည့် အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာစောင်အနီ

ရောင်ကို အရှင်မြတ် ခြေသုတ်တော်မူရန် ခင်းပေးသည်။ အရှင်မြတ်သည် ထိုကမ္ဗလာစောင်အနီရောင်ပေါ်သို့ နင်းကြွသွားသည့်အခါတိုင်း အရှင်မြတ်၏ ကိုယ်ရေတော် အဆင်းအရောင်သည် ကမ္ဗလာစောင်၏ အနီရောင်နှင့် ဟပ်ကာ ဖူးမဝနိုင်အောင် သပ္ပာယ်လှသည်ကို သူဌေးသားဖူးတွေ့ရလျှင် အလွန်ပီတိဖြစ်လေသည်။ စိတ်ထဲမှလည်း

'တပည့်တော်သည် ဖြစ်လေရာဘဝတိုင်းတို့၌ ခြေဖဝါး၊ လက်ဖဝါး အရောင်တို့သည် ခေါင်ရမ်းပန်းအဆင်းကဲ့သို့ အသွေးအရောင်နီမြန်းကာ အတွေ့အထိတို့သည်လည်း နူးညံ့သိမ်မွေ့ပါစေသတည်း 'ဟု ဆုတောင်း မိ၏။

သူဌေးသားသည် ဝါတွင်းသုံးလပတ်လုံး ဆွမ်းလုပ်ကျွေးပြီးသည့်နောက် ဝါကျွတ်ချိန်ရောက်သောအခါမှာလည်း သင်္ကန်းကို ကပ်လှူပူဇော်ပြန်၏။ အရှင်မြတ်သည်လည်း ဝါကျွတ်သည်နှင့် သပိတ်သင်္ကန်းစသည် ယူဆောင်ကာ ဂန္ဓမာဒနတောင်တော်မှာ သီတင်းသုံးတော်မူရန်အတွက် ကြွသွားတော်မူလေ၏။ ဤသို့ဖြင့် သူဌေးသားသည်လည်း အသက်အတိုင်းတည်နေပြီးလျှင် ကွယ်လွန်သော အခါ၌ နတ်ပြည်။ ထို့နောက် လူ့ပြည်စသည်ဖြင့် ကျင်လည်ကာ ဂေါတမဘုရားရှင် ပွင့်တော်မူသော အခါတွင် စမ္ပာပြည်ရှိ သူဌေးကြီးဥသဘ၏ဇနီးထံတွင် လူဖြစ်လာပြန်၏။ သူဌေးကြီး၏ ဇနီးသည် သားကို ပဋိသန္ဓေရှိသည့် အချိန်မှစ၍ စီးပွားဥစ္စာများလည်း တိုးတက်လာသည်။ အပေါင်းအသင်းများထံမှလည်း ရတနာရွှေငွေစသည့် အဖိုးတန် ပစ္စည်းများကို လက်ဆောင်ရသည်။

ကလေးမွေးဖွား၍ အမည်ပေးမည်ပြုလျှင် ဖခင်ဖြစ်သည့် သူဌေးကြီး ဥသဘက 'ငါတို့သားသည် သူ၏အမည်ကိုပါ ယူဆောင်လာသူတည်း၊ သူ၏ အရောင်အဆင်းသည် ရွှေအဆင်းနှင့် ထပ်တူဖြစ်သည်။ ရွှေရည်ကို

လောင်းချထားသည့်အတိုင်း အဆင်းရုပ်ဝါ ထူးခြားလာသည့် ငါတို့သား အမည်ကို 'သောဏ'ဟု ခေါ်မည်ဟု ဆိုလေသည်။ သောဏသည် မွေးသည်မှစ၍ အသားအရေ နူးညံ့လွန်းသည်ဟု မိဘများသည် မြေကို မနင်းစေရအောင် ကမ္ဗလာစောင်များကို နေရာအနှံ့တွင် ခင်းထားပေး၏။ အရွယ်ရောက်လျှင် နွေ၊ မိုး၊ ဆောင်း စသည့် ရာသီများ၌ နေထိုင်ရန်အတွက် စံအိမ်တစ်လုံးစီကို ဆောက်ပေးထား၏။ တစ်နေ့သောအခါ၌ ဂေါတမ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင် ခြေရင်းတွင် သီတင်းသုံးတော်မူနေစဉ် ဝမ်းမကောင်းသော ဝေဒနာကို ခံစားနေရ၏။ ထိုအခါ အလုပ်အကျွေးဖြစ်သည့် သာဂတမထေရ်သည် ဘုရားရှင်ဘုဉ်းပေးတော်မူရန်အတွက် သောဏသူဌေးသား အမြဲစားသည့် သလေးဆန်ဆွမ်းကို အလှူခံယူမည်ဟု သောဏသူဌေးသား ထမင်းစားနေစဉ်ခိုက်တွင် လာရောက်အလှူခံတော်မူပြီးလျှင် ဘုရားရှင်အား ကပ်လှူ၏။ ထိုဆွမ်းကို ဘုရားရှင် ဘုဉ်းပေးတော်မူနေစဉ် ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရမင်းကြီးရောက်လာသဖြင့် ဘုရားရှင် ဘုဉ်းပေးတော်မူသည့် ဆွမ်းသည် မွှေးကြိုင်လှပါပေသည်တကားဟု 'မြောက်ကျွန်း ပဒေသာပင်က လှူသည့် ဆွမ်းလား' ဘုရားဟု မေးလျှောက်သည်။ ထိုအခါ စမ္ပာပြည်သူဌေးကြီးရဲ့သား သောဏလှူလိုက်သည့်ဆွမ်း 'ဟု ဘုရားရှင် ဖြေတော်မူရင်း ဗိမ္ဗိသာရမင်းကြီး ဤသလေးဆန်ဆွမ်းကို စားလိုသောဆန္ဒရှိနေသည်ဟု သိတော်မူသောကြောင့် မင်းကြီးအတွက် ဝလောက်ရုံမျှသော ဆွမ်းကို ဘုရားရှင်ပေးတော်မူသဖြင့် မင်းကြီးလည်း စားတော်ခေါ်လိုက်ရလေသည်။

နန်းတွင်းသို့ မင်းကြီး ပြန်ရောက်လျှင် သောဏကို တွေ့ဖူးချင်သောကြောင့် အထောက်တော်များ လွှတ်ကာ ခေါ်စေလိုက်၏။ ရောက်လာလျှင် သောဏကို မင်းကြီး သေချာစွာကြည့်ရှုသည်။ စိတ်နှလုံး နူးညံ့သည့်

ဗိမ္ဗိသာရမင်းသည် သောဏ၏ အသားအရေ အရောင်အဆင်းများ ထူးခြားစွာ နူးညံ့လျက်ရှိသည်ကို မြင်ရလျှင် မြတ်နိုးတော်မူလာ၏။ 'ဒီသူငယ်သည် ဘဝများစွာက မည်သို့သော ကုသိုလ်များကို ဆည်းပူးခဲ့၍ ယခုလောက် နူးညံ့လာရပါသနည်း ’ဟု သိလိုလှသောကြောင့် သောဏကို ဘုရားရှင်ထံတော်သို့ စေလွှတ်ပြီးလျှင် တရားတော်ကို နာယူပြီးမှ မိဘများထံ ပြန်စေတော့ဟု မှာလိုက်၏။

သောဏသည် တစ်ကြိမ်တစ်ခါမျှ ဖူးမြင်ခြင်းမရှိခဲ့ပါသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဖူးမြင်လိုက်ရသည့် ခဏမှာပင် ရိုသေစွာ ဦးချပူဇော်သည်။ တရားတော်ကို နာယူသည်။ အတူပါလာသူများအားလုံး တရားတော်ကို နာယူပြီးသည့်အဆုံး၌ သောတာပန်ပုဂ္ဂိုလ်ဖြစ်ကုန်ကြ သည်။ သောဏကမူ ရဟန်းပြုလိုသောစိတ်များ ပေါ်လာသောကြောင့် ဘုရားရှင်အထံတော်မှာ ခွင့်တောင်းသည်။ ဘုရားရှင်က 'မိဘတွေဆီ ခွင့်တောင်းပြီးမှ ရဟန်းပြုပေးမည်’ဟု မိန့်တော်မူလေသည်။ သောဏသည် စမ္ပာပြည်ကို ပြန်၍ မိဘများထံ ခွင့်ပန်လျှင် ခွင့်ရခဲ့၍ ဘုရားရှင်အထံတော်၌ ရဟန်းပြုလိုက်၏။

သောဏရဟန်းပြုသည်ဟု အပေါင်းအသင်းများက မကြာခဏ သောဏထံလာကြလျှင် သောဏသည် အပေါင်းအသင်းများနှင့် ဝေးရာဖြစ်သည့် ဆိတ်ငြိမ်ရာနေရာကို ချဉ်းကပ်ကာ တရားအားထုတ်သည်။ သို့သော် အားထုတ်၍မရ၊ စိတ်ကို တည်ငြိမ်အောင်လည်း မထားနိုင်လျှင် 'ငါသည် နူးညံ့လွန်း၏။ ထို့ကြောင့် ဆင်းရဲမှုကို ခံနိုင်ခြင်းမရှိ၊ ဆင်းရဲမှုကို မခံနိုင်လျှင် တရားအထူးကို ရမည်မဟုတ်။ ဆင်းရဲပင်ပန်းမှုကို ခံမှသာ နိဗ္ဗာန်ဟူသော အမြိုက်အရသာအထူးကို ရနိုင်ပေမည်’ဟု တွေးကာ ရပ်ခြင်း၊ သွားခြင်းဆိုသည့် ဣရိယာပုတ်နှစ်ပါးနှင့် တရားကို အားထုတ်

ပြန်လျှင် သိမ်မွေ့နူးညံ့လွန်းသည့် ခြေဖဝါးနှစ်ဖက်သည် ဖူးယောင်ပေါက်ကွဲလာလေ၏။ စင်္ကြံသွားရာလမ်းတွင် အမဲဖျက်ထားသကဲ့သို့ သွေးအလူးလူးတို့ ကပ်ကုန်၏။ ထိုအခါ စင်္ကြံကို ခြေဖဝါးနှင့် မလျှောက်နိုင်တော့၍ ဒူးပဆစ်နှစ်ဖက်နှင့် လက်နှစ်ဖက်ကို မြေပေါ်သို့ ထောက်ကာ လူးလာတုံ့ပြန် အားထုတ်ပြန်လေ၏။ သို့သော် မဂ်ဖိုလ်၏အရိပ်ကို အမြွက်မျှပင် မမြင်ရသောကြောင့် 'သြော် ငါသည် သူတစ်ပါးတို့ထက် ထူးစွာ ဝီရိယကြီးမားစွာဖြင့် အားထုတ်ပါသော်လည်း ဘာကိုမျှမမြင်မတွေ့ပါတကား၊ ငါသည် ကျွတ်တန်းဝင်နိုင်သူ မဟုတ်လေသလား၊ ရဟန်းပြုရကျိုးမနပ်လေစွပါတကား။ လူ့ဘဝသို့ ပြန်သွားပြီး လူတို့၏ စည်းစိမ်ချမ်းသာမှုကို ခံစားပြီး ကုသိုလ်ကောင်းမှုကို ပြုတော့မည်'ဟု စိတ်ကူးလိုက်၏။

ထိုသို့ စိတ်ကူးအမျိုးမျိုးတို့ဖြင့် ပြန့်လွင့်လျက် ရှိနေစဉ် ဘုရားရှင်သည် ဉာဏ်တော်ဖြင့် သိမြင်တော်မူသောကြောင့် နောက်ပါရဟန်းများနှင့်အတူ သောဏရဟန်း တရားအားထုတ်နေသည့် ရင်းတိုက်တောသို့ ကြွလာတော်မူပြီးလျှင် ကျောင်းစဉ်အတိုင်းလှည့်၍ ကြည့်တော်မူသည့်အခါ သောဏရဟန်း စင်္ကြံကြွရာလမ်း၌ သွေးအလူးလူးဖြစ်နေသည်ကို မြင်တော်မူ၍–

"ငါ့ရှင်တို့ နွားဆိတ်သတ်တဲ့နေရာလို သွေးများ ပေကျံနေသည့် လမ်းသည် မည်သူ့စင်္ကြံနည်း"

ဟု မေးတော်မူ၏။ နောက်ပါရဟန်းတော်များက 'သောဏမထေရ်၏ စင်္ကြံ ဖြစ်ပါသည်ဘုရား'ဟု လျှောက်ကြသည်။ ထိုအခါ ဘုရားရှင်သည် သောဏမထေရ် သီတင်းသုံးနေတော်မူသည့် ကျောင်းသို့ ကြွသွားတော်မူကာ သောဏမထေရ်အား 'ချစ်သားသောဏ ဝီရိယကို အလွန်ထား၍

အားထုတ်ပါလျက် မဂ်ဖိုလ်မရပါတကားဟု လူထွက်မည် ကြံစည်နေသလား ’ဟု မေးတော်မူလေ၏။

“ဟုတ်မှန်ပါသည်ဘုရား ”

“ချစ်သားသောဏ သင်ဟာ လူဝတ်ကြောင်ဘဝက စောင်းတီးခဲ့ သလား ”

“တီးခဲ့ပါသည်ဘုရား ”

“သင် စောင်းတီးတဲ့အခါ စောင်းကြိုးက လွန်စွာတင်းနေလျှင် အသံထွက်တာ ကောင်းသလား ”

“မကောင်းပါဘုရား ”

“စောင်းကြိုးများ လျော့နေလျှင်ရော ထွက်လာသည့်အသံ သာယာ သလား ”

“မှန်ပါဘုရား၊ ကြိုးများ လျော့လွန်းပြန်လျှင်လည်း အသံမသာယာပါဘုရား ”

“ချစ်သားသောဏ ယခု သင်လျှောက်ထားသည့် စောင်းနှင့် စောင်းကြိုးပမာ ငါဘုရား၏ သာသနာမှာ မတင်းလွန်း မလျော့လွန်းသည့် ဖြောင့်တန်းမှန်ကန်နေသည့် သတိကိုဆောင်ကာ ဝီရိယနှင့် သမာဓိကို မျှညီနေအောင် ကျင့်သုံးအားထုတ်စေရမည် ”

ဘုရားရှင်သည် ထိုသို့ ဆုံးမတော်မူပြီးသည့်နောက် ထိုနေရာ၌ပင် တန်ခိုးတော်နှင့် ကွယ်တော်မူကာ၊ ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။ သောဏမထေရ်သည်လည်း ဘုရားရှင် ဆုံးမတော်မူသွားသည့်အတိုင်း ဝီရိယနှင့် သမာဓိကို မျှညီစွာ အားထုတ်လေလျှင် မကြာမီ၌ပင် အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးနှင့်တကွ ရဟန္တာမြတ်ဖြစ်တော်မူလေ၏။ ထိုသို့ ရဟန္တာမြတ်ဖြစ်ပြီးသည်နှင့် ဘုရားရှင်အထံ ကြွသွားတော်မူကာ ရဟန်းကိစ္စပြီးပါကြောင်းကို လျှောက်ထားသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သည် ရဟန်းအပေါင်းတို့အား ဌာနန္တရပေးတော်မူရာတွင် အရှင်သောဏမထေရ်အား ဝီရိယကဲလွန်သောအရာ၌ ဧတဒဂ်ပေးတော်မူလေ၏။

**(ဝိစိတြာလင်္ကာရစကားပုံများ) မှ**

## ခြေနှစ်ချောင်းလည်းမကယ်နှင့် မင်းလှေမြောလည်း မဆယ်နှင့်

လွန်လေပြီးသောအခါက ဗာရာဏသီပြည်တွင် ဒုဋ္ဌကုမာရအမည် ရှိသော ဘုရင့်သားတော်တစ်ပါးရှိသည်။ သူသည် စိတ်ဓာတ်ရက်စက်ကြမ်းကြုတ်သည်။ အပြောအဆို ရုန့်ရင်းသည်။ ထို့ကြောင့် မင်းမှုထမ်းများသည်လည်း သူ့ကို မနှစ်သက်ကြ။ တိုင်းသူပြည်သားများကလည်း သူ့ကို မချစ်ခင်ကြပေ။

တစ်နေ့သောအခါတွင် ထိုမင်းသားသည် အခြံအရံများနှင့်အတူ မြစ်ထဲ၌ ရေကစားနေကြစဉ် ရုတ်တရက် မိုးမှောင်ကြီးကျကာ လေကြီးမိုးကြီးဆင်လာသဖြင့် မင်းသားသည် အခြံအရံများနှင့် ကွဲကာ မြစ်ထဲသို့ မြောပါသွားလေ၏။ သို့သော် ကံကောင်းစွာဖြင့် သစ်တုံးကြီးတစ်တုံး မြောလာသည်ကို မြင်၍ ထိုတုံးကို ဖက်တွယ်ထားလိုက်လျှင် တုံးကြီးနှင့်အတူ မြစ်ထဲသို့ မြောပါသွားလေ၏။ ထိုတုံးကြီးတွင် မင်းသားကဲ့သို့ ဖက်တွယ်လိုက်ပါလာသူများကား၊ မြွေ၊ ကြွက်နှင့် ကျက်တူရွေးတို့ ဖြစ်လေသည်။ မြွေနှင့် ကြွက်သည် ရန်ဘက်များ ဖြစ်ကြသော်လည်း ယခုအခါတွင် မိတ်ဆွေပမာ အေးချမ်းစွာ လိုက်ပါလာသည်။ ကျက်တူရွေးမှာလည်း တောင်ပံများ ရေစိုနေသောကြောင့် ပျံသန်းခြင်းမပြုနိုင်ဘဲ တိတ်ဆိတ်စွာဖြင့် လိုက်ပါလာသည်။ မင်းသားမှာကား သေရမည်ကို တွေးကြောက်

ကာ သစ်တုံးကြီး ကမ်းစပ်နှင့် နီးကပ်လာလေလေ ‘ကယ်တော်မူကြပါ ’ ဟု အသံကုန်အောင် အော်လာလေလေပင်။

ထိုစဉ် မြစ်ကမ်းအနီးတွင် သီတင်းသုံးနေသည့် ရသေ့ကြီးသည် မင်းသားအော်သံကို ကြားရ၍ မြစ်ထဲသို့ လာကြည့်လျှင် သစ်တုံးနှင့် မြောပါလာသည့် ဒုက္ခသည်များကို တွေ့ကာ ဆင်း၍ ကယ်ဆယ်လေသည်။ အားလုံးကို သူနေသည့် ကျောင်းသို့ ခေါ်သွားကာ မီးလှုံရန်အတွက် မီးဖိုပေးသည်။ ကျက်တူရွေးနှင့် ကြွက်တို့သည် အလွန်ချမ်းနေကြသည်ကို တွေ့၍ ရသေ့ကြီးသည် သူတို့ကို အဝတ်နှင့် သွေ့ခြောက်သည်အထိ သုတ်ပေးပြီးသောအခါမှ မီးဖိုအနီးတွင် မီးလှုံစေ၏။ မြွေကိုလည်း ထိုအတိုင်းပင် ပြုစုပေးသည်။ မင်းသားကိုကား ရေသုတ်ပေးခြင်းမပြုဘဲ မီးဖိုမှာ မီးလာလှုံပါဟု နေရာပေးပြီးလျှင် အစာအာဟာရများ ကျွေးလေသည်။

မင်းသားသည် ရသေ့ကြီးအား ကယ်ဆယ်လာသူဟု ကျေးဇူးတင်ခြင်း မရှိသည့်အပြင် သူ့အား မီးဖိုအနီးသို့ နောက်ဆုံးမှ ခေါ်ယူသည်။ အစာကျွေးရာမှာလည်း သူ့ကို နောက်ဆုံးမှ ကျွေးသည်ဟု မကျေမနပ်သောစိတ်ဖြင့် အညှိုးထားလျက် ရှိသည်။ ရသေ့ကြီးကျောင်းတွင် သူတို့အားလုံး သုံးရက်တိတိနေပြီးသောအခါတွင် ကျန်းမာလာကြပြီဖြစ်၍ သူတို့နေရာဌာနသို့ ပြန်ကြတော့မည်ဟု ရသေ့ကြီးကို ကန်တော့ကြသည်။ မြွေနှင့် ကြွက်သည် ‘ပစ္စည်းဥစ္စာများ အလိုရှိတဲ့အခါမှာ သူတို့ဆီလာခဲ့ပါ’လို့ သူတို့နေရာအရပ်ကို ပြောပြကြသည်။ ကျက်တူရွေးသည်လည်း ‘သလေးဆန်စပါးကို အလိုရှိတဲ့အခါ သူ့နေရာကို လာခဲ့ပါ’လို့ ဖိတ်ခေါ်ပြီး သူ့နေရာကို ပြောပြသည်။ ထိုအခါ မင်းသားကလည်း ‘ရှင်ရသေ့ ဗာရာဏသီမှာ ကျုပ်မင်းဖြစ်ပြီလို့ သတင်းကြားရင် ကြွလာခဲ့ပါ’လို့ မှာတယ်။

မင်းသား ဗာရာဏသီသို့ ရောက်သည့်အခါ သူ့ခမည်းတော် နတ်ရွာစံသွားပြီဖြစ်၍ သူမင်းဖြစ်လာသည်။ ရသေ့ မည်သည့်နေ့တွင် ရောက်လာမည်နည်းဟု သူမျှော်လင့်နေ၏။ ရသေ့သည်လည်း သူကယ်ဆယ်ဖူးသည့် သတ္တဝါများ၏ ကျေးဇူးကို သိလိုသည့်အတွက် ပထမဆုံး မြွေထံသို့ ရောက်သွားသည်။ မြွေသည် ရှင်ရသေ့ကို မြင်သည်နှင့် 'အရှင်ဘုရား ဟောဒီနေရာမှာ ကုဋေလေးဆယ်တန်တဲ့ ရွှေတွေရှိနေပါတယ် ဘုရား တူးဖော်ယူပါ'ဟု ပြောသည်။ ရှင်ရသေ့လည်း 'ကောင်းပြီ၊ ငါလိုသည့်အခါ လာယူမည်'ဟုပြောကာ ကြွက်ထံသို့ သွားသည်။ ကြွက်ကလည်း 'အရှင်ဘုရား တပည့်တော်သည် ဥစ္စာကို စွဲလမ်းသည့်စိတ်ဖြင့် သေလျှင် ကြွက်ဖြစ်သွားကာ ဥစ္စာများကို စောင့်နေရပါသည်။ ကုဋေသုံးဆယ်မျှသော ဥစ္စာများ ရှိနေပါသည်။ တူးဖော်ယူပါ'ဟု နေရာကို ပြသည်။ ရှင်ရသေ့သည် မြွေကို ပြောခဲ့သည့်နည်းတူ ပြောခဲ့ကာ ကျက်တူရွေးရှိရာသို့ ရောက်လာသည်။ ကျက်တူရွေးကလည်း 'သလေးစပါးများကို သူ၏ဆွေမျိုးများနှင့်အတူ သယ်ယူပေးရမည်လား'ဟု မေး၏။ ရှင်ရသေ့လည်း ရှေးနည်းအတူပြောကာ ဗာရာဏသီပြည်သို့ ထွက်ခဲ့လေ၏။ ရှင်ရသေ့ ဗာရာဏသီပြည်သို့ ရောက်သောနေ့တွင် ဗာရာဏသီမင်း ဒုဋ္ဌကုမာရ၊ ဆင်နှင့် မြို့လှည့်သောနေ့ဖြစ်၏။ မင်းသည် ဆင်ပေါ်မှ နေ၍ အဝေးမှ လာနေသော ရှင်ရသေ့ကို မြင်လျှင် 'ရသေ့ယုတ်မာတော့ လာချေပြီ၊ ငါ့ထံ မှီခိုစားသောက်ချင်၍လာခြင်း ဖြစ်မည်။ သူပြုခဲ့ဖူးသည့် ကျေးဇူးကို တစ်ပါးသူများ မသိမီ သူ့ကို သတ်ပစ်မှ ဖြစ်မည်'ဟု တွေးကာ မင်းချင်းများအား 'ဟောဟိုကလာနေသည့် ရသေ့ယုတ်ကို ဖမ်းလိုက်ကြစမ်း၊ သူဟာ ငါ့ဆီက တစ်စုံတစ်ခုကို တောင်းချင်၍ လာနေခြင်း ဖြစ်သည်။ ယခုပင် သူ့ကို ဖမ်း၍ ရိုက်ပုတ်ပြီး သုသာန်သို့ ခေါ်သွား၊ ခေါင်းကို ဖြတ်၊ ကိုယ်ကို တံကျင်လျှိုစေ'ဟု အမိန့်ပေးလိုက်၏။

မင်းချင်းများလည်း မင်းမိန့်အတိုင်း ရှင်ရသေ့ကို ဖမ်းဆီးကာ သုသာန်သို့ သွားရာလမ်းတွင် ရိုက်ပုတ်နှိပ်စက်ကြလျှင် 'ထင်းတုံးကို ဆယ်သော် မြတ်၏။ လူယုတ်ကို ဆယ်သော် မမြတ်ဟု ပညာရှိများ၏ ဆိုစကား မှန်လှ၏ 'ဟု မြည်တမ်းအော်ဟစ်လေ၏။ ရှင်ရသေ့ ထိုကဲ့သို့ အော်မြည်လာသည်ကို ကြားကြကုန်သော ပြည်သူအပေါင်းတို့သည် ရှင်ရသေ့၏ စကားထူးဆန်းလှသည်ဟု 'ရှင်ရသေ့သည် တို့မင်းကြီးကို တစ်စုံတစ်ခုသော ကျေးဇူးကို ပြုထားခဲ့ဖူးသလား 'ဟု မေးကြကုန်၏။

ထိုအခါ ရှင်ရသေ့သည် သူပြုခဲ့ဖူးသည့် ကျေးဇူးကို အားလုံး ပြောပြလေလျှင် တိုင်းသူပြည်သားများနှင့် မင်းမှုထမ်းတို့သည် 'အဆွေ ခင်ပွန်း ကျေးဇူးရှင်ကို ပြစ်မှားသည့်မင်း၊ မိမိ၏ အသက်သခင်အား သတ်စေသည့်မင်း ဤမင်းယုတ်အား အမှီပြုခြင်းဖြင့် ငါတို့၏ အသက် စည်းစိမ် အိုးအိမ်သည် အဘယ်မှာ တည်မြဲနိုင်ပါမည်နည်း 'ဟု ဟစ်အော် ကြကာ ဆင်ပေါ်မှ မင်းကို တွန်းချသတ်ဖြတ်လိုက်ကြပြီးလျှင် ရှင်ရသေ့ အား မင်းမြှောက်လိုက်ကြလေသတည်း။

**(မာတောဝါဒ ဆုံးမစာအဖြေ) မှ**

## ငရဲပန်းကို ရွှေပန်းထင်

ကဿပဘုရားရှင်လက်ထက်တော်တွင် မိတ္တဝိန္ဒက အမည်ရှိသည့် သူဌေးသားတစ်ယောက်ရှိ၏။ သူ့မှာ ဖခင်မရှိ၍ မိခင်ဖြစ်သူ မုဆိုးမ သူဌေးကတော်ကြီးက အလွန်ချစ်သနား၍ ပြုစုစောင့်ရှောက်ထားလေသည်။ သူ့မိခင်သည် ရတနာသုံးပါးကို အလွန်ကြည်ညိုသည့် သောတာပန်ပုဂ္ဂိုလ် ဖြစ်သည်။ သို့သော် မိတ္တဝိန္ဒကသည်ကား ရတနာသုံးပါးနှင့် အလွန်ကွာ

ဝေးသည့် လူမိုက်ဖြစ်လေသည်။ မိခင်ဖြစ်သူသည် သားကို ဥပုသ်စောင့်ပါ။ သီလယူပါဟု ဘုရားရှင်အထံတော်သို့ လွှတ်လျှင် သူသည် သီလကို ယူကာ တစ်နေကုန်အောင် အိပ်သည်။ အမေပေးလိုက်သည့် ငွေကိုမူ မသုံးမစွဲဘဲ စုဆောင်းထားသည်။ ဤသို့ဖြင့် သူ့တွင် ငွေများစုဆောင်းမိလာလျှင် ကုန်သည်လုပ်မည်ဟု မိခင်ထံ ခွင့်တောင်း၏။

သို့သော် မိခင်ဖြစ်သူက တားမြစ်လေသည်။ 'သားရယ် ကုန်သည်အလုပ်ဆိုတာ ပင်လယ်သမုဒ္ဒရာကို ဖြတ်သန်းသွားရတယ်။ ခရီးရက်တွေက အကြာချည်း ခြောက်လ၊ တစ်နှစ် ကြာသွားရတာမျိုး၊ အမေ့မှာက တစ်ယောက်တည်း ကျန်ခဲ့ရမှာ မသွားချင်ပါနဲ့၊ အမေခွင့်မပြုနိုင်ဘူး ’ဟု ပြော၏။ သို့သော် မိတ္တဝိန္ဒကသည် လုံးဝ နားမထောင်ဘဲ တားမြစ်နေသည့် မိခင်ဖြစ်သူအား နေရာတွင် ပုံလဲကျသွားသည့်အထိ တွန်းထိုးပစ်လှဲစေကာ ထွက်ခွာလာခဲ့၏။ သမုဒ္ဒရာတွင် ခုနစ်ရက်ကြာသည်အထိ သင်္ဘောနှင့် ဖြတ်သန်းလာခဲ့လျှင် သင်္ဘောသည် ရုတ်တရက် ရပ်တန့်သွားလေတော့၏။ ထိုအခါ သင်္ဘော၏ အခြေအနေကို စစ်ဆေးကြသည်။ သင်္ဘောသည် ဘာမျှမဖြစ်။ အခြေအနေ အားလုံးကောင်းသည်။ ဤသို့ဆိုလျှင် သင်္ဘောပေါ်၌ သီလမရှိသည့် သူယုတ်မာပါလာ၍ ဖြစ်မည်။ မဲချကြည့်မည်ဟု သင်္ဘောလူကြီးက ပြော၏။

ဤသို့ဖြင့် မဲချမည်ဟု မဲလိပ်နှိုက်ကြလျှင် မိတ္တဝိန္ဒကချည်းသုံး ကြိမ်တိုင်တိုင် မဲကျသဖြင့် သူ့ကို ဖောင်ပေါ်သို့တင်ကာ မျှောချလိုက်လျှင် သင်္ဘောသည် အလိုအလျောက် လှုပ်လမပြုရဘဲနှင့် ထွက်ခွာလာတော့၏။ မိတ္တဝိန္ဒက ပါလာသော ဖောင်သည် ကျွန်းတစ်ခုပေါ်သို့ ရောက်သွားသည်။ ထိုအခါ မိတ္တဝိန္ဒကသည် ဖောင်ပေါ်မှ ဆင်း၍ ကျွန်းပေါ်သို့ လှည့်ပတ်ကြည့်လျှင် ဖန်သားပြင်နှင့် ဆောက်လုပ်ထားသည့် ဗိမာန်

အဆောက်အအုံတစ်ခုကို မြင်၍ အထဲသို့ ဝင်ကြည့်၏။ အထဲတွင် အလွန်လှပသော မိန်းမလေးယောက်ကို တွေ့ရ၏။ ထိုမိန်းမများနှင့်အတူ ဗိမာန်ထဲတွင် ပျော်ရွှင်စွာ နေလိုက်သည်မှာ ခုနစ်ရက်ကြာသွားသည်။ ထိုအခါ မိန်းမလေးယောက်က 'ကျွန်မတို့ ခုနစ်ရက်ကြာသည်အထိ ခရီးထွက်ကြမည်။ ဒီမှာပဲ စောင့်နေပါပြန်လာခဲ့မည်'ဟု မှာသွား၏။

ထိုမိန်းမလေးယောက်သည် ဝေမာတိက နတ်ပြိတ္တာမများ ဖြစ်ကြ၏။ ချမ်းသာနှင့် ဆင်းရဲကို ခုနစ်ရက်လျှင် တစ်ကြိမ်လှည့်၍ ခံစားနေကြရသူများ ဖြစ်လေသည်။ ထိုမိန်းမများ ထွက်သွားသည်နှင့် မိတ္တဝိန္ဒကသည် သူစီးလာခဲ့သည့် ဖောင်ပေါ်သို့ တက်ကာ ခရီးဆက်ခဲ့ပြန်လျှင် ကျွန်းတစ်ကျွန်းပေါ်သို့ ဆိုက်ပြန်လေ၏။ ထိုကျွန်းပေါ်သို့တက်ကာ ကြည့်လျှင် ငွေဗိမာန်နှင့် စံနေသည့် ပြိတ္တာမရှစ်ယောက်ကို တွေ့ပြန်၍ ပျော်ပျော်ကြီးနေလိုက် ပြီးမှ ထွက်ခွာလာလျှင် မြို့တံခါးလေးပေါက်ရှိသော မြို့ကြီးတစ်မြို့သို့ ရောက်သွားလေ၏။ မိတ္တဝိန္ဒက စိတ်ထဲ၌ ထိုမြို့တွင် သူမင်းဖြစ်တော့မည်ဟု ထင်၏။

မြို့ထဲသို့ အနှံ့ဝင်ကြည့်လျှင် တောင်ကုန်းတစ်နေရာ၌ ယောကျ်ားတစ်ယောက်သည် ရွှေရောင်၊ ငွေရောင်များ လျှပ်စီးလက်သကဲ့သို့ တဖျတ်ဖျတ်ထွက်နေသည့် ပဒုမ္မာကြာပန်းကဲ့သို့ ပန်းကြီးတစ်ပွင့်ကို ဦးခေါင်းပေါ်ဆောင်းလျက် သာယာသောအသံဖြင့် သီချင်းထိုင်ဆိုနေသည်ကို မြင်လိုက်ရ၏။ ထိုအခါ မိတ္တဝိန္ဒကသည် 'ပန်းပွင့်ကြီးက ရွှေရောင်၊ ငွေရောင်တွေဖြာလျက် အလွန်လှပသည်။ ငါတောင်းယူလို့ရလျှင် ကောင်းမှာပဲ'ဟု တွေးကာ 'မိတ်ဆွေခေါင်းပေါ်က ပန်းကြီး ကျွန်တော့်ကို ပေးပါ ’ဟု တောင်းလိုက်သည်။ ထိုလူက ပြောသည်။ 'မိတ်ဆွေ ကျုပ်ခေါင်းပေါ်မှာ ရှိနေတာ မိတ်ဆွေထင်သလို သိပ်လှတဲ့ ပန်းတစ်ပွင့်မဟုတ်ဘူး၊ သင်တုံးစက်လို့ ခေါ်တယ်၊ မလိုချင်ပါနဲ့ ’

သို့သော် မိတ္တာဝိန္ဒကသည် ထိုသူပြောသည်ကို ယုံကြည်မှု မရှိသောကြောင့် 'မိတ်ဆွေက မပေးချင်လို့ ပြောနေတာ မဟုတ်လား' ဟု ဆိုလျှင် ထိုသူက သူ့ခေါင်းပေါ်မှ သင်တုံးစက်ကို မိတ္တာဝိန္ဒက၏ ခေါင်းပေါ်သို့ တင်ပေးလိုက်၏။ ထိုအခါမှ ရွှေပဒုမ္မာကြာပွင့်ဟု သူထင်မှတ်ခဲ့သော ပန်းပွင့်သည် ပန်းအစစ်မဟုတ်ဘဲ မျက်စိကို လှည့်စားထားသည့် 'ငရဲပန်း' သင်တုံးစက်မှန်းသိကာ၊ ဒုက္ခဆင်းရဲခြင်းကို ခံရသောအခါမှ မိတ္တာဝိန္ဒက သည် ဤပင်လယ်ခရီးသို့ ထွက်ခွာလာချိန်၌ မိခင်ဖြစ်သူအား ကြမ်းတမ်းနာကျင်အောင် ပြုမူခဲ့မိသော အပြစ်ကြောင့် ဤသို့ခံစားရသည်ဟု နောင်တကြီးစွာ ရမိလေသတည်း။

(သင်တုံးစက်ငရဲသည် 'ဥဿဒ္ဒရက်ငရဲ' ဟု ခေါ်သောနေရာတွင် ရှိသည်။ လည်ကိုရစ်၍ သင်တုံးဓားနှင့် ဖြတ်လျှင် သွေးများ ဖြာထွက်၍ ဝေဒနာခံစားရသည်ဟု စာမှာ တွေ့ရသည်။)

**(မာတောဝါဒဆုံးမစာ) မှ**

## အဖထက်သားတစ်လကြီး

ပုဂံမင်း အနော်ရထာမင်းစောနှင့် သထုံမင်း မနူဟာတို့ စစ်ဖြစ်ကြလျှင် ပုဂံမင်းသည် သထုံမင်းကို အောင်မြင်အနိုင်ရသွားသောကြောင့် သထုံမင်းအား မိဖုရားသားတော်သမီးတော်များနှင့် အခြံအရံ အမှုထမ်းများကိုပါ ပုဂံပြည်သို့ ခေါ်ယူလာခဲ့၏။ သထုံပြည်ရှိ စာတတ်ပေတတ် ရဟန်းတော်များကိုလည်း ပင့်ဆောင်တော်မူလာ၏။ သထုံမင်း ကိုးကွယ်ထားသည့် ပိဋကတ်တော်များ၊ သထုံပြည်နန်းတွင်း၌ ကိုးကွယ်ပသထားသည့် နတ်ရုပ်များကိုလည်း သယ်ဆောင်လာကြ၏။

ထိုသို့ နတ်ရုပ်များကို ဆောင်ယူလာရာတွင် ရွှေညိုသင်နတ်ရုပ်နှင့် ရွှေစကားနတ်ရုပ်တို့ကို ပုဂံပြည်ရှိ ရွှေစည်းခုံဘုရား ရင်ပြင်တော်၌ နေရာချထားရာတွင် ရွှေစကားနတ်ရုပ်အတွက်သာ နေရာရသည်။ ရွှေညိုသင်နတ်ရုပ်အတွက် နေရာမရသောကြောင့် အောက်ဆင့်အနိမ့်ပိုင်းတွင် ရွှေညိုသင်နတ်ရုပ်ကို နေရာချပေးလိုက်ရ၏။ ထိုနတ်ရုပ်နှစ်ခုသည် သားအဖဖြစ်ကြသည်ဆို၏။ ရွှေစကားနတ်က သားဖြစ်ကာ ရွှေညိုသင်နတ်က အဖဖြစ်သည်။

တစ်နေ့တွင် ဘုရင်အနော်ရထာသည် နတ်ရုပ်များကို မည်သို့ထားရှိသနည်းဟု လာရောက်ရှုစားလျှင် သားဖြစ်သူ ရွှေစကားနတ်ရုပ်သည် အဖေဖြစ်သူ ရွှေညိုသင်နတ်ရုပ်ထက် နေရာမြင့်နေသည်ကို တွေ့ရ၍ 'သြော် အဖထက် သားက တစ်လကြီးနေသည်ကိုး'ဟု မိန့်တော်မူလေ၏။

(သထုံမှ ပုဂံသို့ နတ်ရုပ်များ သယ်ယူရာတွင် ရွှေစကားနတ်ရုပ်က၊ တစ်လစော၍ ပုဂံသို့ ရောက်လာသည်ဖြစ်၍ ဤကဲ့သို့ ဘုရင်အနော်ရထာက မိန့်ဆိုရေရွတ်သွားခြင်း ဖြစ်လေသည် ဆို၏။)

**(လောကပညတ္တိကျမ်း)မှ**

ယခုအခါ ရွှေစည်းခုံဘုရားသို့ ဖူးမြော်ရန် သွားလျှင် ထိုနတ်ရုပ်နှစ်ခုကို 'အဖထက် သားတစ်လကြီးနတ်'ဟု အမည်ပေးထားသည်ကို တွေ့ရ၏။

## သမင်မွေးရင်း ကျားစားရင်း

ဘုရားရှင်လက်ထက်တော်တွင် သာဝတ္ထိပြည်၌ သူဌေးကြီးတစ်ဦး၏ မိသားစုတွင် သားတစ်ယောက်ရှိ၏။ ထိုသားတွင် မိဘများက ထိမ်းမြားပေးသည့် ဇနီးသည် ရှိသည်။ သူဌေးသားသည် ထိုဇနီးနှင့် နှစ်များစွာ ပေါင်းသင်းလာသော်လည်း သားသမီးမထွန်းကားသောကြောင့် မိခင်ဖြစ်သူသည် နောက်ထပ်မိန်းမတစ်ယောက်ကို ယူရန် သားကို တိုက်တွန်းသည်။ ထိုအခါ သူဌေးသားသည် ထိုအကြောင်းကို ဇနီးဖြစ်သူအား ပြောပြလေလျှင် ဇနီးဖြစ်သူက ခင်ပွန်းအတွက် ဇနီးအသစ်ကို သူကိုယ်တိုင်ရှာပေးမည်ဟု ပြော၏။ ခင်ပွန်းဖြစ်သူက သဘောတူလျှင် ဇနီးဖြစ်သူသည် သူပြောဆိုသမျှကို နာယူမည့် မိန်းမပျိုတစ်ယောက်ကို သူ့ခင်ပွန်းနှင့် လက်ထပ်ပေးလိုက်၏။ ဇနီးအသစ်ကိုလည်း 'ညီမမှာ ပဋိသန္ဓေရှိရင် မမကိုပြော'ဟု မှာထား၏။ မကြာမီ ဇနီးအသစ်သည် သူ့မှာ ပဋိသန္ဓေ ရှိနေပြီဟု ဇနီးအကြီးကို ပြောလေသည်။ ထိုအခါ ဇနီးအကြီးသည် ပဋိသန္ဓေပျက်စေသော ဆေးများကို ဇနီးအငယ်အား တိုက်ကျွေးလျှင် လွယ်ထားသော ပဋိသန္ဓေသည် ပျက်စီးသွားတော့၏။

ဤသို့ဖြင့် ဒုတိယအကြိမ် ဇနီးအငယ်တွင် ပဋိသန္ဓေရှိပြန်လျှင် ဇနီးအကြီးအား 'ကျွန်မတွင် ပဋိသန္ဓေရှိနေပြီ'ဟု ပြောပြ၏။ ဇနီးအကြီးကလည်း ပဋိသန္ဓေပျက်စေသောဆေးကို တိုက်ကျွေးပြန်လျှင် ပဋိသန္ဓေပျက်စီးပြန်လေ၏။ ဇနီးအငယ်သည် တတိယအကြိမ် ပဋိသန္ဓေရှိလာလျှင် ဇနီးအကြီးအား မပြောဘဲနေသဖြင့် ပဋိသန္ဓေလရင့်လာသောအခါမှ

ဇနီးကြီးသိရှိပြန်လျှင် ဇနီးငယ်ကို ဆူသည်။ ငါက ကောင်းကောင်းစောင့် ရှောက်ပေးနေတာကို ဘာ့ကြောင့် မပြောရသနည်းဟု ဆိုကာ အစာထဲသို့ ဆေးထည့်၍ တိုက်ကျွေးသောအခါ လရင့်လာပြီဖြစ်သည့် ပဋိသန္ဓေသည် ပျက်စီးရပြန်ကာ ဇနီးငယ်သည်လည်း ထိုဝေဒနာနှင့်ပင် သေလေ၏။ သေကာနီးတွင် 'နင့်ကြောင့် ငါပျက်စီးရသည်။ ဖြစ်လေရာဘဝတွင် နင် မွေးလာသမျှသော သားကို ငါစားရပါလို၏'ဟု ကျိန်ဆဲသွားလေ၏။ ခင်ပွန်းဖြစ်သူကလည်း သူ့ဇနီးကြီးကြောင့် ဇနီးငယ်နှင့် သား ပျက်စီးရ သည်ဟု ဇနီးကြီးကို ရိုက်လျှင် ဇနီးကြီးသည်လည်း သေသွားလေ၏။

ထိုအခါ ဇနီးငယ်ဖြစ်သူသည် ကွယ်လွန်ချိန်၌ လင်နှင့် အိမ်ကို စွဲလမ်းသွားသောကြောင့် ထိုအိမ်၌ပင် ကြောင်ဖြစ်လေ၏။ ဇနီးအကြီးသည် လည်း ခင်ပွန်းဖြစ်သူအား မကျေနပ်သောစိတ်ဖြင့် ဤအိမ်မှာပင် ကြက်မ အဖြစ်သို့ ရောက်လာ၏။ ကြက်မနှင့် ကြောင်သည် တစ်အိမ်တည်းတွင် အတူနေရင်း ကြက်မဥချသမျှသော ဥများကို ကြောင်က ယူစားကာ ကြာရှည်လာလေ၏။ ကြက်မသည် သူ့ဥများကို စားသည့် ကြောင်အား အမျက်ဖြစ်လာသည်။ ထို့ကြောင့် မကျေနပ်သောစိတ်ဖြင့် 'နင်မွေးသမျှ သားကို ငါစားရပါလို၏'ဟု ကျိန်ဆိုရင်း ဒေါသစိတ်ဖြင့် သေသွားရလျှင် ကြက်မသည် တောတစ်ခု၌ ကျားဖြစ်လေ၏။

ကြောင်သည်လည်း သေပြန်လျှင် သမင်မအဖြစ်နှင့် တောမှာ ကျင်လည်ပြန်၏။ ထိုအခါ တောတစ်ခုတည်း၌ ရှိနေကြသည့် သမင်မ နှင့် ကျားသည် ကျိန်ဆိုလာကြသည့်အတိုင်း 'သမင်မက မွေးသမျှသား ကို ကျားကစားပြန်လေ၏။' ထိုသို့ဘဝများစွာ ကျင်လည်လာကြရင်း သမင်မက လူမိန်းမဖြစ်ကာ ကျားက ဘီလူးမဖြစ်သွား၍ လူမိန်းမက မွေးသမျှသားကို ဘီလူးမက ယူစားပြန်၏။

(ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်း သုံးနေတော်မူစဉ် ဘီလူးမ၏ ရန်ကို ကြောက်၍ မိန်းမသည် သားကို ပိုက်ကာ တရားသဘင်သို့ ပြေးဝင်လာ၏။ ထိုအခါ ဘုရားရှင်သည် လူ မိန်းမနှင့် ဘီလူးမတို့အား ရန်ကိုရန်ချင်း မတုံ့နှင်းကြစေရန်အတွက် အတိတ်ကို ဆောင်၍ တရားဟောကြားတော်မူသောအခါ ရန်ဘက်ဖြစ်ကြသည့် ထိုနှစ်ဦးသည် ဘုရားရှင်၏ ဆုံးမတော်မူသော စကားတော်ကြောင့် စိတ်နှလုံး နူးညံ့သွားကြပြီးလျှင် အချင်းချင်း ရန်ပြေငြိမ်းကြလေသတည်း)

**(ဓမ္မပဒ၊ ကာဠီယက္ခိနီဝတ္ထု)မှ**

## အရင်းစစ်က အမြစ်မြေက

လွန်လေပြီးသောအခါက ရွာကြီးတစ်ရွာတွင် အလွန်ခင်မင်ကြသည့် အိမ်ထောင်စုနှစ်ဦးတို့ ရှိကြသည်။ သူတို့သည် အိမ်ချင်းကပ်နေရုံမျှမက သူတို့စိုက်ပျိုးစားကြသည့် ယာခင်းချင်းလည်း နီးကပ်နေကြသောကြောင့် သူ့ခြံကိုယ့်ခြံသတ်မှတ်နိုင်ကြရန်အတွက် စည်းရိုးကာလျက် သတ်မှတ်ထားကြ၏။

တစ်နေ့သ၌ တစ်ဖက်သောခြံမှ သခွားပင်သည် တစ်ဖက်သောခြံသို့ အနွယ်များရောက်ကာ အသီးများ သီးလေ၏။ ထိုအခါ အပင်ရှင်မဟုတ်သော တစ်ဖက်ခြံမှ သခွားသီးများကို ခူးယူစားလေ၏။ ဤသည်ကို သခွားပင်ပိုင်ရှင်က သိလျှင် 'ငါ့အပင်က သီးတဲ့ သခွားသီးကို ခူးမစားရ ’ဟု တားမြစ်သည်။ ခူးစားသူကလည်း 'ငါ့ခြံစည်းရိုးပေါ် လာသီးလို့ ငါခူးစားခွင့်ရှိသည်’ဟု ခူးစားမြဲ ခူးစားသည်။

ထိုအခါ အပင်ရှင်ဖြစ်သူသည် မကျေနပ်သောကြောင့် တရားရုံးသို့ သွားတိုင်သည်။ တရားသူကြီးက နှစ်ဦးလုံးအား ခေါ်ယူစစ်ဆေးလျှင် အကြောင်းချင်းရာအားလုံးကို သိရသောကြောင့် ‘သူ၏ယာဘက်ရှိ စည်းရိုးပေါ်သို့ လာရောက်၍ သီးသည်ဖြစ်၍ အသီးကို သူပိုင်စေ’ဟု ဆုံးဖြတ်၏။ လာရောက်နားထောင်ကြသည့် ပရိသတ်သည် အခါတိုင်းကဲ့သို့ ကောင်းချီးပေးခြင်းမပြုဘဲ တိတ်ဆိတ်နေကြ၏။ ထို့ကြောင့် တရားသူကြီး၏ စိတ်ထဲတွင် သူဆုံးဖြတ်သည်ကို နတ်၊ လူတို့ မနှစ်သက်၍ ကောင်းချီးပေးခြင်း မပြုဟု ယူဆသည်။

အမှန်စင်စစ် ဩောင်ပင်တစ်ပင်သည် အစေ့ငယ်ကနေ၍ အပင်ပေါက်လာခြင်းဖြစ်သည်။ အရင်းစစ်ကြည့်လျှင် အမြစ်ရှင်ကသာ မှန်ပေမည်။ တစ်ဖက်သော ယာခင်းရှင်သည် ခူးယူပိုင်ခွင့်မရှိချေဟု တရားသူကြီးသည် အမှန်တရားကို တွေးမိကာ။ သခွားပင်စိုက်သူသာလျှင် သခွားသီးကို ခူးယူပိုင်ခွင့်ရှိသည်။ ‘အရင်းစစ်လျှင် အမြစ်မြေသည်’ သူ့ဘက်၌သာ ရှိသည်ဖြစ်၍ တစ်ဖက်သော ယာခင်းပိုင်ရှင်သည် သူ၏ စည်းရိုးပေါ်သို့ လာရောက်သီးသည့် သခွားသီးများကို ခူးယူပိုင်ခွင့်မရှိ ”ဟု ဆုံးဖြတ်ချက်ကို ပြင်ဆင်ချမှတ်လျင် နတ်၊ လူအပေါင်းတို့သည် သောင်းသောင်းဖျဖျ ကောင်းချီးပေးကြလေကုန်သတည်း။

**(မနုကျယ် ဓမ္မသတ်) မှ**

## သေတူရှင်ဘက်

ဟိုးရှေးရှေးသောအခါက ကမ္ဘောဇတိုင်းတွင် ငယ်သူငယ်ချင်းများဖြစ်ကြသည့် သူဌေးကြီးလေးဦး ရှိသည်။ သူတို့သည် ‘တို့များကြီးပြင်း

လာလို့ အိမ်ထောင်တွေပြု၊ သားသမီးတွေရလာကြရင် တို့အချင်းချင်းပဲ သားပေး သမီးယူဖြစ်ကြစေ ’ဟု ကတိထားခဲ့ကြလေသည်။

သူတို့ကြီးပြင်းလာကြ၍ အိမ်ထောင်ရှင်များ ဖြစ်လာကြသောအခါတွင် သူငယ်ချင်းသုံးဦးက သားတွေချည်း မွေးသည်။ ကျန်သောသူငယ်ချင်းတစ်ဦးကသာ မိန်းကလေးတစ်ယောက် မွေးသည်။ ထိုကလေးများ အရွယ်ရောက်လာကြလျှင် မိန်းကလေးသည် အလွန်လှပချောမွေ့သောကြောင့် လုလင်သုံးဦးလုံးက နှစ်သက်လျက် ရှိ၏။

ထိုအခါ လုလင်တစ်ဦးက မိန်းကလေး၏မိဘများကို ‘ကျွန်တော် မိန်းကလေးကို ဘယ်လောက်မေတ္တာရှိတယ်ဆိုတာကို ပြောပါ့မယ်၊ တကယ်လို့များ မဆိုကောင်းဆိုကောင်း မိန်းကလေးဟာ အသက် ၁၅ နှစ် မပြည့်ခင် ကွယ်လွန်သွားမယ်ဆိုပါတော့ မိန်းကလေးအလောင်းကို ကျွန်တော် လှလှပပသင်္ဂြိုဟ်ပေးပါ့မယ်လို့ ကတိပေးပါတယ် ’ဟု ပြောလေသည်။ ထိုစကားကို ကြားသိလိုက်ရသော လုလင်ကလည်း ‘ကျွန်တော်သာဆိုလျှင်၊ သူပြောသလို သင်္ဂြိုဟ်ရုံမျှမက၊ မိန်းကလေးရဲ့အရိုးကိုတောင် တစ်သက်ပတ်လုံး လွယ်ထားပါ့မယ် ’ဟုပြောပြန်၏။ သို့သော် ကျန်သောလုလင်ကမူ သူတို့နှစ်ဦးထက်ပိုလွန်ကာ ‘ကျွန်တော်ကတော့ သူတို့ပြောသလို မိန်းကလေး ကွယ်လွန်သွားမယ်ဆိုရင် သူ့ကိုသင်္ဂြိုဟ်တဲ့ သင်္ချိုင်းထဲမှာပဲ သူ့အရိုးပြာကို စောင့်ရှောက်ပြီး ဘယ်ကိုမှမသွားဘဲ တစ်သက်လုံးနေသွားမယ် ’ဟု အဆုံးစွန်ပြောသည်။

သူတို့ပြောကြသည့်အတိုင်း မိန်းကလေးသည် အသက် ၁၅နှစ် မပြည့်မီ ကွယ်လွန်သွားလျှင် မိန်းကလေး၏မိဘများက ‘မောင်တို့ဘယ်လိုလုပ်ကြမလဲ ’ဟု လုလင်သုံးယောက်ကိုမေး၏။ လုလင်တို့သည်လည်း သူတို့ကတိပြုခဲ့ကြသည့်အတိုင်း ပထမလုလင်က မိန်းကလေးအလောင်းကို

ကောင်းမွန်လှပစွာ သင်္ဂြိုဟ်ပေး၏။ ဒုတိယလုလင်ကလည်း မိန်းကလေး၏အရိုးများကို အိတ်တွင်ထည့်ကာ ကိုယ်နှင့်မကွာဆောင်ထား၏။ တတိယလုလင်ကလည်း မိန်းကလေးကို သင်္ဂြိုဟ်သည့်နေမှစ၍ သင်္ချိုင်း၌သာ နေတော့၏။

တစ်နေ့သောအခါ၌ ဟိမဝန္တာတောင်၌နေသည့် ဆေးဝိဇ္ဇာတစ်ဦးသည် ခရီးသွားရင်းဖြင့် သုသာန်ထဲမှာရှိနေသည့် သူဌေးသားကိုမြင်လျှင် 'အမောင် ဒီနေရာမှာ အဘယ့်ကြောင့်နေရသနည်း ' ဟု မေး၏။ သူဌေးသားက 'ကျွန်တော့်ချစ်သူရဲ့ အရိုးပြာပုံကို စောင့်ရှောက်ပေးနေတာပါ' ဟု ဖြေလျှင် ဝိဇ္ဇာသည် 'အမောင့်ချစ်သူကို အသက်ပြန်ရှင်စေချင်သလား ' ဟုမေးသည်။ သူဌေးသားက 'ရှင်စေချင်ပါတယ် ' ဟုဖြေလျှင် ဝိဇ္ဇာသည် သူ၏ပညာဖြင့် ပြုလုပ်လိုက်လျှင် မိန်းကလေးသည် ပြာပုံထဲမှထလာလေသည်။ သူဌေးသားသည်လည်း မိန်ကလေးကို သူ၏အိမ်သို့ခေါ်သွားလျှင် ကျန်သောသူဌေးသားနှစ်ယောက်ကမြင်၍ ဤမိန်းကလေးကို သူတို့လည်း ပိုင်ဆိုင်သည်ဟု ငြင်းခုန်ကြလေ၏။ ဤသို့ဖြင့် ဘုရင့်သမီးတော် သုဓမ္မစာရီထံ ဤပြဿနာကို အဆုံးအဖြတ်ပေးရန် ရောက်လာသည်။

သမီးတော်သည် အမှု၏ကြောင်းခြင်းရာကို အားလုံးနားထောင်ပြီးလျှင် 'ငါ အဆုံးအဖြတ်ပေးသည်ကို နားထောင်ကြမည်လား ' ဟု မေး၏။ လုလင်သုံးယောက်လုံးက 'နားထောင်ပါမည် ' ဟု ကတိပေးလျှင် မင်းသမီးသည် 'ကောင်းပြီ နားထောင်ကြလော့ ငါဆုံးဖြတ်မည် ပထမသူဌေးသားသည် သူ၏ကတိအတိုင်း မိန်းကလေးကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးလေပြီ။ ဒုတိယသူဌေးသားသည်လည်း သူ၏ကတိအတိုင်း အရိုးကို လွယ်ယူဆောင်ထားပြီးလေပြီ။ တတိယသူဌေးသားမှာမူ သူ၏ကတိအတိုင်း သင်္ချိုင်း၏ စောင့်ကျန်နေရလေပြီ။ သင်္ချိုင်း၌ စောင့်ရသူသည်

ဆွေခုနစ်ဆက်အထိ အမျိုးယုတ်ညံ့ခြင်းကို ခံယူရ၏။ သို့ပါလျက် သူသည် မိန်းကလေးအား ချစ်မြတ်နိုးစွာဖြင့် သူ့ဘဝကိုသာမက ဆွေခုနစ်ဆက်၏ဘဝကိုပါ အနစ်မွန်းခံ၍ သချိုင်းစောင့်အဖြစ် ကတိတည်စွာ နေလာခဲ့သည်။ ယခု ကံကောင်းထောက်မ၍ ဝိဇ္ဇာနှင့်တွေ့ကာ မိန်းကလေး အသက်ပြန်ရှင်လာရသည်မှာ သူသချိုင်း၌ စောင့်ရှောက်နေသောကြောင့်သာ ဖြစ်ပေသည်။ အကယ်၍ မိန်းကလေး၏အသက်ပြန်လည်ရှင်သန်ခြင်း မရှိခဲ့လျှင် သူနှင့်တကွ အဆွေအမျိုးအားလုံး ယုတ်ညံ့သောအဖြစ်သို့ ရောက်ရတော့မည်မှာ အမှန်ပင်။ ထို့ကြောင့် 'သေအတူရှိနေသူသာလျှင် ရှင်ဘက်ဖြစ်ကောင်းသည်ဖြစ်၍ မိန်းကလေး၏ကြင်ဘက်သည် သချိုင်း၌ စောင့်ရှောက်နေရသည့် သူဒွေးသားသာလျှင် ဖြစ်ရမည် 'ဟု ဆုံးဖြတ်လိုက်လေသတည်း။

**(သုခမ္မစာရီဖြတ်ထုံး) မှ**

## မမေးဘဲ မဆိုရ

ရှေးသောအခါက ဆေးသမားတစ်ယောက် ရှိလေသည်။ ထိုဆေးသမားသည် သူတစ်ပါးက မေးခြင်းစမ်းခြင်းမရှိပါဘဲ သူပြောလိုသည်ကို လွှတ်ကနဲပြောတတ်သည့် မကောင်းသောအကျင့်တစ်ခု ရှိခဲ့၏။ တစ်နေ့တွင် လူတစ်ယောက်နှင့် ခရီးလမ်းမှာ ဆုံတွေ့မိလျှင် 'သင့်ကိုယ်ပေါ်မှာ အိုင်းအနာကြီးပေါက်လိမ့်မည် 'ဟု သူပြောလေ၏။

ထိုအခါ အပြောခံရသူက 'ဒါဖြင့် ဆရာရယ် အိုင်းအနာမပေါက်ရအောင် ဆရာပဲ တင်တင်ကြိုကြို ကုသပေးပါ 'ဟု တောင်းပန်၏။ ထို

အခါ ဆရာဖြစ်သူသည် ထိုလူ၏ ကိုယ်ပေါ်မှ အသားအနည်းငယ်ကို လှီးဖြတ်၏။ မကောင်းသောသွေးများကို ပယ်ထုတ်ကာ ကုသပေး၏။ ထို့နောက် 'ကိုင်း ပြီးပြီ၊ သင့်ကိုယ်ပေါ်မှာ အိုင်းအနာဆိုတာ ဘယ်အခါမှ မပေါက်တော့ဘူး။ အသားလှီးထားတဲ့နေရာမှာ မကြာခင် အသားကောင်း ပကတိ ဖြစ်သွားလိမ့်မည် 'ဟု ဆရာက ပြောသည်။

ဆရာပြောသည့်အတိုင်း မကြာခင် အနာကျက်ကာ အသားကောင်း ပကတိ ဖြစ်သွားလျှင် ဆရာသည် သူကုသပေးခဲ့ရသည့် ဆေးဖိုးကို တောင်း ၏။ ထိုအခါ ကုသမှုခံယူခဲ့သူသည် ဆေးဖိုးမပေးနိုင်ဟု ငြင်းဆိုလျှင် တရားသူကြီးထံ ဆရာ သွားတိုင်လေ၏။ နှစ်ဦးနှစ်ဖက်ကို ဆုံစေပြီးမှ တရားသူကြီးက အကျိုးအကြောင်းကိုမေးလျှင် ဆေးကုသခံယူသူက 'ကျွန် တော်က သူ့ကို ဆေးကုသပေးပါလို့ မပြောရပါ၊ သူကသာလျှင် ကျွန် တော့်၌ အိုင်းအနာပေါက်တတ်သည်ဟု ပြောဆိုကာ ကုသပေးခြင်း ဖြစ် ပါသည်။ ကျွန်တော်က စတင်၍ မေးခြင်းမရှိဘဲ သူ့သဘောအလျောက် ကျွန်တော်၏ အသားကောင်းကို လှီးထုတ်သွားသည့်အတွက် ကျွန်တော့်မှာ ဝေဒနာခံစားရပါသည်။ ထို့ကြောင့် ကျွန်တော်ကပင် သူ့ထံ လျော်ကြေး တောင်းရန် သင့်ပါသေး၏ 'ဟုလျှောက်ထား၏။

ထိုအခါ တရားသူကြီးသည် ဆေးဆရာအား 'အမောင်သည် သူ တစ်ပါးက ဆေးဆရာအမှတ်ဖြင့် ဆေးကုသပေးပါဟု ပြောဆိုမေးစမ်းမရှိပါဘဲ ကုသပေးခြင်းအတွက် ဆေးဖိုးတောင်းခံခြင်းမပြုရ၊ နောင်ကိုလည်း သူတစ်ပါးက မမေးဘဲနှင့်လည်း မဆိုရ'ဟု ဆုံးမလိုက်လေသတည်း။

**(ဝိစိတြာလင်္ကာရစကားပုံ) မှ**

## ကျားသေကို အသက်မသွင်းရ

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ၌ အတိုင်းတိုင်း အပြည်ပြည်မှ လာရောက်ပညာသင်ယူကြသော ကျောင်းသားများအနက် သိဉ္စိဝအမည်ရှိကျောင်းသားသည် သေပြီးသူကို အသက်ပြန်ရှင်စေသည့် အသက်သွင်းမန္တန်ကို တတ်ချင်ပါသည်ဟု ဆရာကြီးအား တောင်းပန်လျှင် ဆရာကြီးက သင်ပေးလေ၏။

တစ်နေ့တွင် ကျောင်းသားများစု၍ တောထဲသို့ ထင်းရှာထွက်ကြလျှင် သိဉ္စိဝသည် ကျားသေတစ်ကောင်ကိုတွေ့ရ၍ ဆရာကြီးသင်ထားပေးသည့် အသက်သွင်းမန္တန်ကို စမ်းသပ်လိုကြောင်း အဖော်များကိုပြောလျှင် အဖော်များသည် ကျားအသက်ဝင်လာလျှင် အန္တရာယ်တွေ့မည်ကို စိုးရိမ်သောကြောင့် သစ်ပင်မြင့်များပေါ်သို့ တက်ကာနေကြ၏။

သိဉ္စိဝသည် အန္တရာယ်ကို မတွေးဘဲနှင့် အသက်သွင်းလိုသော ဇောတစ်ခုတည်းနှင့် ကျောက်ခဲတစ်လုံးကိုကောက်ယူကာ မန္တန်ကို ရွတ်၏။ ပြီးလျှင် ထိုကျောက်ခဲဖြင့် ကျားသေအနားသို့ကပ်ကာ ထိမိအောင်ပေါက်လိုက်လျှင် ကျားသေသည် အသက်ပြန်ဝင်လာကာ အနီးတွင်ရှိနေသည့် သိဉ္စိဝအား ကိုက်ချီ၍ တောနက်ထဲသို့ ဝင်သွားလေ၏။

ဤအကြောင်းကို ဆရာကြီးသိရလျှင် 'တပည့်တို့ သိဉ္စိဝဟာ သေသူကို ရှင်စေတဲ့ မန္တန်ကိုသာ သင်ရသေးသူဖြစ်သည်။ အသက်ဝင်လာသူကို အသက်ပြန်နှုတ်တဲ့ မန္တန် သူမသင်ရသေး။ ဒါကြောင့် ကျားကိုက်သတ်တာကို ခံရခြင်းဖြစ်တယ်၊ အန္တရာယ်ပေးတတ်သည့် မသူတော်ကိုမှ သွားရောက်ကယ်တင်ခြင်းသည် ထိုမသူတော်ကြောင့်ပင် ပျက်စီးဆုံးရှုံးတတ်ခြင်းကို ရစေတာပဲ 'ဟု တပည့်များကို ဆုံးမစကားပြောကြားလိုက်သတည်း။

**(ဇကနိပါတ်၊ သိဉ္စိဝဇာတ်)မှ**

# အလိုကြီး၍ အရနည်းသည်

ဂေါတမဘုရားအလောင်းတော်သည် ပုဏ္ဏားအမျိုး၌ဖြစ်ကာ အရွယ်သို့ရောက်လျှင် မိဘတို့ထိမ်းမြားပေးသည့် မိန်းမနှင့် အိမ်ထောင်ပြုလေရာ သမီးသုံးယောက်ရလေ၏။ သမီးသုံးယောက်တို့ကား နန္ဒာ၊ နန္ဒဝတီ၊ သုန္ဒရီနန္ဒာဟု အမည်ရှိကြလေ၏။

သမီးသုံးယောက်ရပြီး မကြာမီ ဖခင်ပုဏ္ဏားသည် ကွယ်လွန်သွားလေရာ ရွှေဟင်္သာမျိုး၌ဖြစ်လေ၏။ ထိုရွှေဟင်္သာသည် ဘဝဟောင်းကိုပြန်လည်သိရှိသည့် (ဇာတိဿရဉာဏ်) ကို ရသောကြောင့် လုပ်ကိုင်ကျွေးမည့်သူမရှိဘဲ ဆင်းရဲဒုက္ခရောက်နေရသည့် ဇနီးပုဏ္ဏေးမနှင့် သမီးသုံးယောက်တို့ ၏အဖြစ်ကို မြင်သိလေ၏။ သူတို့သည် သူတပါး၏ အစေအပါးအဖြစ်အခစားလုပ်နေကြရသောကြောင့်လည်း ပင်ပန်းကြ၏။

ထို့ကြောင့် ရွှေဟင်္သာသည် ဇနီးနှင့် သမီးများကို သနားလှသောကြောင့် သူ့ကိုယ်မှာ ပေါက်လာသည့် ရွှေစင်ရွှေသားအတိဖြစ်သော အမွေးအတောင်ကို ပေးခြင်းဖြင့် ချမ်းသာလာကြပါစေဟုတွေးကာ တစ်နေ့သောအခါ၌ သမီးများနေထိုင်သည့် အိမ်ခေါင်၏ အစွန်းတွင် သွားရောက်နားခိုလေ၏။

ဇနီးနှင့် သမီးများကမြင်လျှင် 'အို ရွှေဟင်္သာကြီး လှလိုက်တာ' ဟု ဆိုကြသည်။ ထိုအခါ ရွှေဟင်္သာက 'သမီးတို့ ငါဟာ အရင်ဘဝက သမီးတို့ရဲ့ ဖခင်ဖြစ်ပေသည်၊ သမီးတို့ ဆင်းရဲဒုက္ခရောက်နေကြတာကို မြင်သိလို့ စောင့်ရှောက်ကြည့်ရှုဖို့ လာခဲ့ခြင်းဖြစ်သည် 'ဟု ပြော၏။ သမီးတို့က ရွှေဟင်္သာကြီးကို 'ဘယ်လိုစောင့်ရှောက်ကြည့်ရှုမှာလဲ 'ဟု မေးလျှင် 'သမီးတို့ ဖခင်ကိုယ်ပေါ်မှာ ပေါက်နေတဲ့ အမွေးအတောင်အားလုံးဟာ ရွှေသားပကတိဖြစ်ပေတယ်။ ထိုရွှေသားပကတိ အတောင်တွေကို သမီးတို့

အားလုံးအတွက် တစ်ခုစီပေးခဲ့မယ်။ ထုခွဲရောင်းချပြီး ချမ်းသာစွာနေကြ။ သူတပါးအိမ်မှာ အစေအပါးမလုပ်ကြနှင့်တော့’ဟု မှာကြားကာ ရွှေတောင်တစ်ခုစီကို ချွတ်ကာပေး၍ ပျံသွားလေ၏။ ပုဏ္ဏေးမတို့သားမိသည်လည်း ထိုရွှေတောင်များကို ထုခွဲရောင်းချခြင်းဖြင့် ချမ်းသာလာကြလေ၏။

တစ်နေ့သ၌ မိခင်ဖြစ်သူက သမီးများကို ‘တိရစ္ဆာန်တို့ရဲ့ စိတ်ဆိုတာ သိဖို့မလွယ်ဘူး။ ရွှေဟင်္သာဟာ အခုလာနေသော်လည်း နောက်ကိုလာချင်မှ လာလိမ့်မည်။ သူမလာတော့ရင် အမေတို့ဆင်းရဲခြင်းသို့ ရောက်ရပေဦးမည်။ ဒါ့ကြောင့် ရွှေဟင်္သာ ဒီတစ်ကြိမ်လာရင် သူ့အတောင်တွေ ကို အမေတို့ဝိုင်းနှုတ်ကြစို့ ’ဟု ပြောသည်။ သို့သော် သမီးများက ‘အမေရယ် မလုပ်ပါနဲ့ အဖေ့သနားပါတယ်၊ အတောင်တွေနှုတ်ယူရင် နာမှာပေါ့’ ဟု တားမြစ်ကြ၏။

သို့သော် လောဘကြီးသော မိခင်ပုဏ္ဏေးမသည် သမီးများတားမြစ်နေသည့်ကြားမှပင် ရွှေဟင်္သာရောက်လာသောအခါ၌ အဓမ္မဖမ်းယူပြီးလျှင် အတောင်နှစ်ဖက်ကို စုကိုင်၍ ရွှေအမွေးအတောင်များကို နှုတ်ယူလေ၏။ ရွှေဟင်္သာ၏အတောင်းအမွေးအားလုံး ပုဏ္ဏေးမကြီးနှုတ်ယူနေဆဲခဏမှာပင် ရွှေရောင်ပကတိ မဟုတ်တော့ဘဲ ဗျိုင်း၏အတောင်များကဲ့သို့ ဖြူဆွတ်သွားကြကုန်၏။

ထိုအခါ ရွှေဟင်္သာသည် အပေါ်သို့တက်သို့ မရတော့ဘဲ တုံးလုံး လဲလျက် ရှိနေစဉ် ပုဏ္ဏေးမသည် ရွှေဟင်္သာကို အိုးစရည်းကြီးထဲသို့ ထည့်ကာ ထားလိုက်၏။ နောက်ထပ်ထွက်လာသော အမွေးအတောင်တို့ သည်လည်း အဖြူရောင်ချည်းဖြစ်လျှင် ပုဏ္ဏေးမသည် ရွှေဟင်္သာကို လွှတ်လိုက်လေ၏။ ထိုအခါမှစ၍ ရွှေဟင်္သာသည် သမီးများထံသို့ ပြန်မလာတော့ပေ။

**(ကေနိပါတ်–သုဝဏ္ဏဟံသဇာတ်) မှ**

## ပတ္တမြားမှန်လျှင် ညွှန်မနစ်

ဗုဒ္ဓဘုရားရှင် ပွင့်တော်မမူမီ ရှေးရှေးသောအခါက တရားအားထုတ်နေသည့် ရသေ့ကြီးတစ်ပါး၏ ကျောင်းအနီးတွင် ပတ္တမြားလိုဏ်ဂူကြီးတစ်လုံးရှိလေသည်။ ထိုလိုဏ်ဂူကြီးထဲ၌ ဝက်များစွာတို့နေကြ၏။ တစ်နေ့သောအခါ ထိုတော၌ကျက်စားသည့် ခြင်္သေ့တစ်ကောင်သည် ပတ္တမြားလိုဏ်ဂူကြီးအနီးမှ ဖြတ်သွားလျှင် ပတ္တမြားလိုဏ်ဂူ၏နံရံများပေါ်၌ ခြင်္သေ့၏အရိပ်ထင်လာလေသောကြောင့် ဝက်တို့ ထိတ်လန့်ကြောက်ရွံ့ကုန်ကြ၏။

ထိုအခါ ဝက်တို့သည် ပတ္တမြားလိုဏ်ဂူ၏အရောင် ကြည်လင်နေသောကြောင့် ခြင်္သေ့အရိပ်ထင်လာရသည်ဟု တွေးကာ ပတ္တမြားလိုဏ်ဂူ၏အရောင်ညစ်နွမ်းမှေးမှိန်သွားအောင် ပြုလုပ်ရမည်ဟု စိတ်ကူးကြ၏။ ဝက်တို့သည် ပထမဆုံး ညွှန်အိုင်သို့ဆင်း၍ သူတို့၏ကိုယ်ကို ညွှန်ဖြင့် လူးစေပြီးမှ ပတ္တမြားလိုဏ်ဂူ၏ နံရံများကို သူတို့၏ကိုယ်ဖြင့် အကြိမ်ကြိမ်ပွတ်တိုက်ကုန်ကြ၏။ သို့သော် ပတ္တမြားလိုဏ်ဂူသည် ဝက်တို့ပွတ်တိုက်မှုကြောင့် အရောင်မှေးမှိန်သွားရမည့်အစား ပို၍ပင် လင်းလက်ကြည်လင်လာသည်ကို ဝက်တို့မြင်ရလျှင် မည်သို့မျှ မကြံတတ်သောကြောင့် ရှင်ရသေ့ထံသို့ သွားရောက်ကာ မည်သို့ပြုလုပ်ရမည်ဟု အကြံဉာဏ်တောင်းကြလေ၏။

ရှင်ရသေ့က 'အသင်ဝက်တို့ ဤလိုဏ်ဂူသည်ကား ပတ္တမြားအစစ်ဖြစ်လေသည်။ သင်တို့ မည်မျှပင်ပြုလုပ်သော်လည်း အရောင်အဆင်းညစ်နွမ်းမှေးမှိန်သွားမည်မဟုတ်၊ သင်တို့သည်သာ ပင်ပန်းချေတော့မည်။ ထို့ကြောင့် သင်တို့အားလုံး ဤလိုဏ်ဂူတွင် မနေကြနှင့်၊ ထွက်သွားကြလော့' ဟု နှင်လိုက်၏။ ဝက်တို့သည် ရှင်ရသေ့အမိန့်ရှိသည့်အတိုင်းလိုဏ်ဂူမှ ထွက်ခွာသွားကြလေတော့သတည်း။

**(တိကနိပါတ်–မဏိဃံသဇာတ်)မှ**

# မြိန်ရာဟင်းကောင်း

ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် အကြား တစ်ခုသောကာလတွင် ဗာရာဏသီပြည်၊ ဗာရာဏသီမင်းကိုးကွယ်သည့် ရသေ့ကြီးတစ်ပါးသည် ထိုမင်း၏ ဥယျာဉ်တွင် သီတင်းသုံးလျက်ရှိ၏။ မင်းသည် ရသေ့ကြီးအား အလွန်ကြည်ညိုသည်ဖြစ်၍ စားကောင်းသောက်ဖွယ် အမယ်မယ်တို့ဖြင့် နေ့စဉ်ဆက်ကပ်လှူဒါန်း၏။ ရသေ့ကြီး၏ အမည်ကား ကေသဝဖြစ်လေ၏။

သို့သော် ရသေ့ကြီးမှာကား မင်းကကိုးကွယ်၍သာ သည်းခံနေထိုင်ရသော်လည်း ပျော်မွေ့မှုမရှိပေ။ စားရာတွင်လည်း မပျော်ပိုက်၊ နေရာတွင်လည်း မပျော်ပိုက်ဘဲ ဟိမဝန္တာတွင် အတူနေထိုင်သည့် တပည့်ဖြစ်သူကပ္ပရသေ့ကိုသာ အချိန်ရှိသမျှ သတိရနေ၏။ ဗာရာဏသီမင်းက ဆက်ကပ်သည့် ဆွမ်းဘောဇဉ်အမယ်မယ်တို့ကိုလည်း အရသာမတွေ့၊ ကောင်းသည်ဟုလည်းမထင်၊ ထို့ကြောင့် အာဟာရမဝင်ဖြစ်လာ၏။ ကာလကြာသော် ရသေ့ကြီးသည် မအီမသာ မစားမသောက်နှင့် မကျန်းမမာဖြစ်လာတော့၏။

ထိုအခါ ဗာရာဏသီမင်းက ‘အရှင်ရသေ့ မည်သည့်အာဟာရများ မှီဝဲလိုပါသလဲ’ဟု လျှောက်၏။ ရသေ့ကြီးက ‘ငါ့ကိုချမ်းသာလိုလျှင် ဟိမဝန္တာသို့သာ ပို့ပေးကြပါ’ ဟု မိန့်သဖြင့် ရသေ့ကြီးအား ဟိမဝန္တာသို့ ပို့ပေးလေ၏။ ဟိမဝန္တာသို့ရောက်၍ တပည့်ဖြစ်သူကပ္ပရသေ့အား မြင်ရသည်နှင့် ရသေ့ကြီးသည် စိတ်ချမ်းသာသွားလေ၏။ ကပ္ပရသေ့ကလည်း မကျန်းမမာဖြစ်လာသည့် ဆရာရသေ့အား ဆားမပါသော ဟင်းရွက်ပြုတ်နှင့် မြက်သီးဆံတို့ကို ကြိတ်ကာ ကြိုထားသည့် ယာဂုကို တိုက်ကျွေးပြုစုလျှင် အရသာတွေ့ကာ မြိန်ယှက်စွာ မှီဝဲလေ၏။

ဤသို့ဖြင့် ရသေ့ကြီးသည် တဖြည်းဖြည်းကျန်းမာလာလျှင် ဗာရာဏသီမင်းက လွှတ်လိုက်သည့် မှူးမတ်များ ရောက်ရှိလာ၏။ 'အရှင်ရသေ့ ကျန်းမာပါရဲ့လားလို့ ဘုရင်မင်းမြတ်က အကြည့်လွှတ်ပါတယ် 'ဟု နာရဒအမတ်ကပြော၏။ နာရဒအမတ်နှင့်အတူ ပါလာသည့် ဆရာရသေ့အား ဆေးကုသပေးမည့် နန်းတွင်းသမားတော်ကြီးငါးဦးကလည်း ကျန်းမာရေး အလွန်ကောင်းနေပြီ ဖြစ်သည့် ဆရာရသေ့အား ကြည့်ကာ အံ့သြနေကြ၏။

ကေသဝရသေ့ကြီးက ပြန်ပြောသည်။ 'အမတ်ကြီး တပည့်ဖြစ်သည့် ကပ္ပရသေ့နှင့် ငါဟာ အကျွမ်းတဝင်ရှိကြသည်။ သူနှင့်နေရလျှင် စိတ်ချမ်း သာမှုရှိသည်။ သူပြုစုကျွေးမွေးသမျှအားလုံး ဆားမပါ၊ ဆီမပါကြ၊ ရေနှင့် ပြုတ်ထားသည့် ဟင်းရွက်တွေကို မြက်ဆံနှင့်ကြိတ်ပြီး ကျိုထားသည့် ယာဂုပဲဖြစ်သည်။ အမတ်ကြီး အကျွမ်းတဝင်၊ ချစ်ခင်လေးစားစွာ ပေးကျွေးတဲ့ အာဟာရဆိုတာ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ အရသာရှိတာချည်းပဲ' မြိန်မြိန်ယှက်ယှက် ဖြစ်တာချည်းပဲ၊ ဒါ့ကြောင့် ငါ့ရောဂါပျောက်ရသည်"

နာရဒအမတ်ကြီးသည် ဗာရာဏသီမင်းသို့ ရသေ့ကြီးပြောလိုက် သည်များကို ပြန်လည်လျှောက်ထားလျှင် ဗာရာဏသီမင်းသည် 'အင်း ဆရာရသေ့ကြီး မြိန်ယှက်စွာ စားသုံးနိုင်သမျှ အာဟာရဟာ ဟင်းကောင်း တွေချည်းပါပဲ 'ဟု အမိန့်ရှိလေသတည်း။

**(စတုကနိပါတ် ကေသဇာတ်)မှ**

## သမုဒ္ဒရာရေကို တစ်ယောက်တည်းသောက်၍ မကုန်နိုင်

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ စဉ် ဥပနန္ဒာဟူသော ရဟန်းတစ်ပါးရှိလေသည်။ ထိုရဟန်းသည် လောဘ ကြီး၏။ အစားကြီး၏။ လှည်းတစ်စီးတိုက်ခန့် ပစ္စည်းရှိသော်လည်း ရောင့်ရဲ တင်းတိမ်ခြင်းမရှိ၊ ဝါဆိုကျောင်းကို နှစ်ကျောင်းသုံးကျောင်း စသည် ဝါ ကပ်၍ ကျောင်းတစ်ခု၌ ဖိနပ်ကိုထားသည်။ အခြားကျောင်းတစ်ခု၌ တောင်ဝှေးကိုထားသည်။ ကျောင်းတစ်ခု၌ကား မိမိကိုယ်တိုင်ဝါကပ်၏။

ဇနပုဒ်ကျောင်းတို့၌ ကောင်းမွန်သော ပရိက္ခရာကို မြင်လျှင် အရိယ ဝံသတရားကိုဟော၍ ပံ့သုကူဆောင်စေကာ ထိုရဟန်း၏သင်္ကန်းကို ယူ သည်။ မြေသပိတ်ကိုဆောင်စေပြီး သူက ကောင်းသောသပိတ်ကိုယူကာ လှည်းနှင့် အပြည့်တင်ပြီးလျှင် ဇေတဝန်ကျောင်းသို့ယူသည်။

တစ်နေ့သောအခါ တရားသဘင်၌ ရဟန်းတို့သည် 'ဥပနန္ဒရဟန်း လောဘကြီးပုံ၊ သူတပါးကို အရိယဝံသတရားဟောကာ သူကိုယ်တိုင်က မူ ထိုရဟန်းတို့၏ ပစ္စည်းတို့ကို ယူပြီး လှည်းနှင့် ပြန်လာသည်'ဟုပြော ကြလျှင် ဘုရားရှင်ကြွလာတော်မူ၍ ကြားသိတော်မူလျှင် 'ရဟန်းတို့ ဥပနန္ဒသည် ယခုမှ လောဘရမ္မက်ကြီးသည်မဟုတ်၊ ရှေးအခါကလည်း သမုဒ္ဒရာရေကို သူတပါးသောက်၍ ကုန်သွားမည်ကို စိုးရိမ်ကာ ကန့်ကွက် တားမြစ်ခဲ့ဖူးပြီ' ဟု ဥပနန္ဒရဟန်း၏ အတိတ်ဇာတ်ကို ဟောတော်မူလေ ၏။

ရှေးလွန်လေပြီးသောအခါက ဘုရားအလောင်းတော်သည် သမုဒ္ဒရာ ကို စောင့်ရှောက်သောနတ်ဖြစ်လေ၏။ ထိုအခါ ကျီးတစ်ကောင်သည်လည်း

သမုဒ္ဒရာတစ်ခု၌ နေသည်ဖြစ်၍ သမုဒ္ဒရာမှ ရေကို သောက်သုံးကြသည့် ငါး မကာရ်း၊ ငှက်စသည်တို့အားမြင်လျှင် သမုဒ္ဒရာအထက်၌ လူးလာပျံသန်းနေပြီး 'သမုဒ္ဒရာရေကို အတိုင်းအဆကြည့်ပြီး သောက်ကြနော်၊ ရေတွေမကုန်စေနှင့်'ဟု ရေသောက်သူအားလုံးကို အော်ဟစ်တားမြစ်၏။

သမုဒ္ဒရာကိုစောင့်သော နတ်သည် ထိုကျီးအဖြစ်ကို မြင်ရ ကြားရလျှင် 'ဤကျီးကား သမုဒ္ဒရာအထက်ကလည်း ပျံသန်းပြေးလွှားတယ်၊ ရေသတ္တဝါနှင့် ငှက်တို့ကိုလည်း ရေမသောက်အောင်တားမြစ်တယ်၊ ဘယ်လိုကျီးပါလိမ့် 'ဟုပြောလျှင် ကျီးကပြန်ပြောသည်။

"ငါ့ကိုမရောင့်ရဲနိုင်တဲ့ ငှက်လို့ အရပ်မျက်နှာအားလုံးမှာ ထင်ရှားတယ်။ အဆုံးမရှိတဲ့ သမုဒ္ဒရာရေကို အမြဲသောက်နေတဲ့ငှက်ဖြစ်တယ်။ ငါကိုယ်တိုင်လည်း ရတနာတို့ရဲ့ တည်ရာဖြစ်တဲ့ ဟောဒီသမုဒ္ဒရာရေကို သောက်ချင်တယ် "

ထိုအခါ သမုဒ္ဒရာစောင့်နတ်သည် အလိုရမ္မက်ကြီးမားလှသည့် ထိုကျီးကို သမုဒ္ဒရာအနီးတွင် မနေစေလိုသောကြောင့်–

"ဤသမုဒ္ဒရာကား ပြည့်လည်းပြည့်၏။ လျော့လည်းလျော့၏။ တလောကလုံး သောက်သုံးသော်လည်း သမုဒ္ဒရာရေကို ကုန်စေခြင်းငှာ မတတ်နိုင်ကောင်း "

ဟုဆိုကာ သမုဒ္ဒရာစောင့်နတ်သည် ကြောက်လန့်ဖွယ်ရာသော ရုပ်အဆင်းကိုပြ၍ ကျီးကို နှင်ထုတ်လိုက်လေသတည်း။

**(တိကနိပါတ်–သမုဒ္ဒဇာတ်)မှ**

# အတုမြင် အတတ်သင်

ဗာရာဏသီပြည်တွင် မဟိဋ္ဌာမုခခေါ်သော ဗာရာဏသီမင်း၏ ဆင်တော်တစ်စီးရှိသည်။ ထိုဆင်တော်သည် လူတို့နှင့်လည်း ယဉ်ပါး၏။ သဘောကောင်း၍ တတ်သိလိမ္မာသောစိတ်လည်း ရှိ၏။

တစ်နေ့သောအခါ ထိုဆင်တော်ကိုထားသည့် တင်းကုပ်အနီးသို့ ညဥ့်အခါမှ ကျက်စားတတ်သည့် သူခိုးတို့ လာရောက်ကာ 'ခြံကိုဖျက် ဆီးရမည်၊ ဥမင်လိုဏ်ခေါင်းကိုတူးရမည်။ မည်သို့တိုက်မည်။ မည်သို့ သတ်မည်။ မည်သို့လုယက်မည်။ ညှင်းဆဲမည်။ သူခိုးတို့မည်သည် သီလ စောင့်၍မဖြစ် အကျင့်ကောင်းရန်လည်း ထိန်းသိမ်းဖို့မလို' စသည်ဖြင့် ကြမ်းကြုတ်ရက်စက်သောစကားများနှင့် ညစဉ်ညတိုင်းဆွေးနွေးတိုင်ပင် ပြောဆိုလေ့ရှိ၏။

ဆင်တော်သည် ထိုစကားများကို ညစဉ် ကြားရဖန်များလာလျှင် သူ့အား နည်းပေးလမ်းပြသင်ကြားနေသည်ဟူသော အမှတ်ဖြင့် နံနက် စောစော သူ့ထံသို့ အမြဲလာရောက်လေ့ရှိသည့် ဆင်ထိန်းအား နှာမောင်းဖြင့် ယူကာ မြေကြီးနှင့် ရိုက်ကာသတ်လိုက်၏။ ထို့နောက်လည်း သူ့ထံသို့ ရောက်သူတိုင်းအား ဤနည်းဖြင့်ပင် ရိုက်သတ်ပစ်၏။

ထိုအခါ မင်းမှုထမ်းများသည် ဗာရာဏသီမင်းသို့ 'အရှင့်မင်္ဂလာ ဆင်တော်သည် ရူးသွပ်သွားပြီ ထင်ပါကြောင်း သူ့အနားသို့ ရောက်လာ သူတိုင်းအား သတ်နေကြောင်းပါ ’ဟု လျှောက်ကြ၏။ မင်းသည်လည်း အလွန်ယဉ်ကျေးသိမ်မွေ့ပါသော သူ၏မင်္ဂလာဆင်တော်သည် အဘယ့် ကြောင့် လူတွေအား သတ်ဖြတ်နေပါသနည်းဟု သိနိုင်ရန်အတွက် ပညာရှိ အမတ်ကြီးအား လွှတ်လိုက်၏။

ပညာရှိအမတ်ကြီးလည်း ဆင်ဦးစီး၊ ဆင်ထိန်းနှင့် ဆင်အမှုများ ထံ သွားရောက်ကာ ဆင်တော်မှာ မည်သည့်အနာရောဂါဖြစ်နေသနည်းဟု စုံစမ်းသည်။ ဆင်တော်မှာ မည်သည့်ရောဂါမျှမရှိကြောင်းသိရလျှင် ဆင်ထိန်းကို အမတ်ကြီးကမေးသည်။

"ဆင်တော်ကိုထားသည့် တင်းကုပ်အနီးတွင် ရက်စက်ကြမ်းကြုတ်သော စကားများကို ပြောကြသလား "

'ကျွန်တော်တို့မပြောပါ။ သို့သော် ညဥ့်ကာလများတွင် သူခိုးသူဓားပြ တို့သည် ဆင်တင်းကုပ်အနီးသို့ လာရောက်ကာ စကားများပြောဆိုတိုင်ပင် လေ့ရှိကြောင်းပါ 'ဟု ဆင်ထိန်းက ပြောသည်။

ထိုအခါ ပညာရှိအမတ်ကြီးသည် ဘုရင်မင်းမြတ်အား 'အရှင်မင်းကြီး ဆင်တော်မှာ မည်သည့်ဝေဒနာမျှ မကပ်ငြိပါ။ သို့သော် ဆင်တင်းကုပ်အနီးသို့ ညဥ့်လူများသည် မကြာခဏလာရောက်၍ စကားပြောကြပါသည်။ ထိုစကားများကို ဆင်တော်သည် ကြားရဖန်များလာလျှင် သူ့အား သင်ပေးသည် ထင်မှတ်၍ ယခုကဲ့သို့ ရိုင်းပြသွားခြင်းဖြစ်ပါသည်'ဟု လျှောက်ထား၏။

"ဆင်တော် နဂိုအတိုင်း ပြန်လည်ယဥ်ကျေးလာစေရန် မည်သို့ပြုလုပ်သင့်မည်နည်း "

ဟု အမတ်ကြီးကိုမေးလျှင် 'မှန်ပါ ရဟန်း၊ ပုဏ္ဏားအစရှိသည့် သူတော်ကောင်းများကို ဆင်တင်းကုပ်နားသို့ပင့် ဖိတ်ပြီးလျှင် ပညာရှိတို့၏ စကားဖြင့် အမြဲဆွေးနွေးဟောပြောသင့်ကြောင်းပါ 'ဟု အမတ်ကြီးက ဖြေသည်။

ထိုနေ့ညမှစ၍ အမတ်ကြီးပေးသည့် အကြံအတိုင်း ဆင်တင်းကုပ်အနီးတွင် 'သူ့အသက်ကိုမသတ်ရ၊ ဂရုဏာတရားထားရမည်။ သူတပါးကို

မညှဉ်းဆဲရ၊ မေတ္တာစိတ်ထားရှိရမည်’ဟူသောစကားများဖြင့် သူတော်ကောင်းတို့၏စကားကို မပြတ်ဆွေးနွေးလျှင် ဆင်တော်သည် ကောင်းမွန်သိမ်မွေ့နူးညံ့သောစကားများကို ကြားရသောကြောင့် နဂိုအတိုင်း ယဉ်ကျေးသိမ်မွေ့လာသည်ကို မင်းကြီးသိရလျှင် အမတ်ကြီးအား စည်းစိမ်ဥစ္စာများစွာပေး၍ ချီးမြှောက်လေ၏။

‘ပညာရှိအမတ်ကြီးကား၊ လူတို့၏သဘောကိုသာ သိသည်မဟုတ်တိရစ္ဆာန်တို့၏ အတုမြင် အတတ်သင်တတ်သော စရိုက်ကိုလည်း သိနိုင်စွမ်းပေသည် ’ဟု အမိန့်ရှိလေသတည်း။

**(ကုရုဂ်ဝဂ် မဟိဠာမုခဇာတ်) မှ**

## သူတော်ကောင်းကို နတ်ကောင်းမ

ရှေးသောအခါတွင် သူဌေးကြီးတစ်ဦး၌ သားနှစ်ယောက်ရှိ၏။ သူဌေးကြီးသည် အသက်ကြီးလာ၍ လူအိုနာဖြင့် သေရတော့မည်ဟု ထင်ကာ သားနှစ်ယောက်ကို ‘ချစ်သားတို့ ဖခင်သေသွားလျှင် သားတို့နှစ်ယောက် ဖခင်၏ မိတ်ဆွေထံသို့သွားကာ ဖခင်အပ်ထားသည့် ပစ္စည်းဥစ္စာထုပ်ကို တောင်းယူကြ’ဟု မိတ်ဆွေ၏ အမည်နာမ၊ နေရပ်တို့ကိုပြောပြကာ ကွယ်လွန်သွားလေ၏။

ထိုအခါ သားနှစ်ယောက်သည် ဖခင်မှာခဲ့သည့်အတိုင်း ပစ္စည်းဥစ္စာများကို အပ်နှံထားခဲ့သည့် ဘခင်၏ မိတ်ဆွေထံသို့ သွားရောက်ကာ ပစ္စည်းများ တောင်းယူ၍ ပြန်လာခဲ့ကြ၏။ ပစ္စည်းသည် ရွှေအတုံးအခဲများ ဖြစ်၍ ညီဖြစ်သူက သယ်လာခဲ့သည်။ လမ်းခရီး၌ ညီဖြစ်သူသည် ပစ္စည်းထုပ်ကို သူတစ်ဦးတည်းသာ လိုချင်သောစိတ်ဖြင့် အကောက်ကြံကာ

ရွှေထုပ်ကိုဝှက်၍ ကျောက်ခဲများကို ရွှေထုပ်နှင့်တူအောင် ထုပ်ယူလာခဲ့ရာမှ မြစ်ဆိပ်အနီးသို့ ရောက်လာကြလေ၏။ နေလည်းမြင့်လာပြီဖြစ်သောကြောင့် အစ်ကိုဖြစ်သူက ဤနေရာမှာ ထမင်းစားကြမည်ဟု ထမင်းထုပ်ကို ဖြည့်သည်။ ထို့နောက် ထမင်းအနည်းငယ်ကို ယူ၍ မြစ်ထဲမှ ရေသတ္တဝါများ စားကြပါဟု ထမင်းများကို လောင်းချကျွေးသည်။ ထိုသို့ကျွေးပြီးနောက် 'ဤပြုရသော ကုသိုလ်အဖို့ကို မြစ်မှာ စောင့်ရှောက်နေကြသည့် နတ်များကို အမျှဝေငှပါတယ်'ဟု ပြောပြီးမှ ထမင်းကို စားသည်။

စားကြပြီးသည်နှင့် တစ်ဖက်ကမ်းသို့ လှေငယ်နှင့် ကူးကြလျှင် မြစ်အလယ် ရေနက်သည့်နေရာသို့ ရောက်သည်နှင့် ညီဖြစ်သူသည် ရွှေထုပ်ဟန်ဖြင့် ဆောင်ယူလာသည့် ကျောက်ခဲထုပ်အား မြစ်ထဲသို့ မတော်တဆကျသွားဟန်ဖြင့် ပစ်ချလိုက်ပြီးလျှင် 'အစ်ကိုရေ ရွှေထုပ် မြစ်ထဲကျသွားပြီ'ဟု အော်သည်။ ထိုအခါ အစ်ကိုသည် ညီဖြစ်သူအား အပြစ်ပြောဆိုခြင်း မပြုဘဲ၊ 'ကျသွားလည်း မတတ်နိုင်ဘူး'ဟု ပြော၏။ အိမ်သို့ရောက်၍ ညီဖြစ်သူ၏ စိတ်တွင်း၌ ရွှေထုပ်ကို ငါပိုင်ပြီဟု ဝမ်းမြောက်လျက် ရှိ၏။

အစ်ကိုဖြစ်သူ၏ အမျှဝေငှသံကို သာဓုခေါ်လိုက်ရသော မြစ်စောင့်နတ်သည် ညီဖြစ်သူ မကောင်းကြံစည်မှုအားလုံးကို သိနေသောကြောင့် ရေထဲကျလာသည့် ကျောက်ခဲထုပ်ကို ရွှေထုပ်အစစ်နှင့် လဲကာ ငါးကြီးတစ်ကောင် မျိုမိစေရန် ဖန်တီးလိုက်ပြီးလျှင် ထိုငါးကို တံငါသည်များ ဖမ်းမိစေရန်နှင့် ငါးကို ရောင်းရာ၌လည်း အစ်ကိုထံသို့ ရောက်သွားစေရန် အားလုံးကိုပါ စောင့်မကြည့်ရှု စီစဉ်ပေးလိုက်၏။

ဤသို့ဖြင့် ငါးကြီးကို ဖမ်းမိလာသည့် တံငါသည်များသည် ဗာရာဏသီတစ်မြို့လုံးကို လှည့်၍ ငါးကြီးကို ရောင်းသော်လည်း ဝယ်သူ

မရှိ၍ နောက်ဆုံးတွင် အစ်ကိုဖြစ်သူထံသို့ ရောက်လာ၏။ အစ်ကိုသည် တံငါသည်များအား ငါးကို ဝယ်ယူမည်။ မည်မျှပေးရမည်နည်းဟု မေးလျှင် တံငါသည်များက ပိုက်ဆံမယူပါဟု အလကားပေးပစ်ခဲ့၏။ ထို့ကြောင့် အစ်ကိုသည် ငါးကြီးကို ခုတ်ထစ်ရန် ဝမ်းဗိုက်ကိုခွဲလိုက်လျှင် ရွှေထုပ်သည် ငါးကြီး၏ဝမ်းထဲမှ ဘွားခနဲပေါ်လာ၏။ အစ်ကိုသည်လည်း ဝမ်းမြောက်စွာဖြင့် ညီဖြစ်သူကို အခေါ်လွှတ်၍ ထက်ဝက်ခွဲပေးမည်ဟု စိတ်ကူးလျှင် မြစ်စောင့်နတ်သည် ကိုယ်ထင်ရှားပြကာ ဘွားခနဲ ပေါ်လာပြီးနောက်

"သင့်ညီသည် သင့်အပေါ် ကောင်းသည်မဟုတ် ကျောက်ခဲထုပ်ကို ရွှေထုပ်ဟန်ဆောင်၍ အကောက်ဉာဏ်ဖြင့် ရေထဲသို့ ပစ်ချခဲ့၏။ သူ၏စေတနာနှင့်သူ အကျိုးပေးခြင်းဖြစ်သည်။ သူ့အား လုံးဝမပေးလေနှင့်

ဟုပြောသည်။ သို့သော် အစ်ကိုသည် မြစ်စောင့်နတ်က မည်သို့ပြောသော်လည်း ညီဖြစ်သူအား ခေါ်ယူကာ ရွှေထုပ်ထဲမှ ထက်ဝက်ကိုခွဲ၍ပေးဖြစ်အောင် ပေးလေသတည်း။

**(တိကနိပါတ် မစ္ဆဒါနဇာတ်)မှ**

## လိပ်ခဲတန်းလန်း

ဗုဒ္ဓဘုရားရှင် ပွင့်တော်မမူမီကာလမှာ ပါရမီဖြည့်ကျင့်ဆည်းပူးတရားတော်အထူးကို အားထုတ်နေတော်မူသည့် ရသေ့ကြီးတစ်ပါးရှိခဲ့၏။ ထိုရှင်ရသေ့သည် ဟိမဝန္တာတောင်ခြေ၊ ဂင်္ဂါမြစ်ကမ်းတစ်နေရာ၌ ကျောင်းသင်ခန်းကလေးဆောက်ကာ ဥပေက္ခာပါရမီဖြင့် ဖြည့်ကျင့်ဆည်းပူးကာ သီတင်းသုံးနေတော်မူသော အချိန်ကာလ ဖြစ်လေသည်။

(ဥပေက္ခာပါရမီဆိုသည်မှာ ဘုရားအလောင်းတော်များသာ ကျင့်သုံးဆောက်တည်တော်မူနိုင်သည့် ပါရမီတော်ဆယ်ပါးရှိသည့်အနက်မှ သူစိမ်းသူကျက်ဟူ၍ ငဲ့ကွက်ခြင်းရွေးခြယ်ခြင်းမပြုဘဲ ချမ်းသာဆင်းရဲခြင်းဆိုသည်ကိုလည်း တွေးဆစိတ်ကူးခြင်းမပြုဘဲ အလယ်ကြားမှာသာ ရှုမှတ်ပွားများ အားထုတ်နေခြင်းတရားကို ခေါ်သည်။)

ထိုရှင်ရသေ့ တရားအားထုတ်သည့်နေရာသို့ မျောက်ကြီးတစ်ကောင်သည် အမြဲလာရောက်လေ့ရှိကာ ကျောက်တိုင်တစ်ခုကဲ့သို့ ငြိမ်သက်ကာ စျာန်အင်္ဂါပွားနေတော်မူသည့် ရှင်ရသေ့၏ ဦးခေါင်းကို လက်နှင့်ပုတ်သည့်အခါ ပုတ်သည်။ ကျောပြင်ကို ကုပ်သည့်အခါ ကုပ်သည်။ ထို့အပြင် ရှင်ရသေ့၏နားထဲသို့ သူ၏အင်္ဂါဇာတ်ကို သွင်းချည်ထုတ်ချည်လုပ်သည့်အခါ လုပ်သည်။ သို့သော် ဥပေက္ခာပါရမီကို ဖြည့်ကျင့်ဆည်းပူးနေသည့် ရှင်ရသေ့ကမူ သူ့အား ဘာမျှပြန်မလုပ်ဘဲ နဂိုအတိုင်း ငြိမ်သက်လျက်ပဲ သီတင်းသုံးနေတော်မူ၏။

တစ်နေ့သောအခါ ထိုမျောက်သည် ဂင်္ဂါမြစ်ကမ်းသို့ ရောက်သွားလေလျှင် ထိုမြစ်ကမ်းစပ်တွင် နေလေ့ရှိသည့် လိပ်ကြီးတစ်ကောင်သည် နေထွက်လာလျှင် နေရောင်ရှိရာဘက်သို့ လှည့်ကာ ပါးစပ်ကို အမြဲဖွင့်ထားလေ့ရှိသည်ကို မြင်လိုက်ရသော မျောက်သည် သူရှုပ်နောက်နေကျအကျင့်အတိုင်း ပါးစပ်ဟထားသည့် လိပ်၏ခံတွင်းထဲသို့ သူ၏အင်္ဂါဇာတ်ကို ထိုးသွင်းလိုက်လျှင် လိပ်သည် ခံတွင်းပိတ်ကာ မျောက်၏အင်္ဂါဇာတ်ကို မလွှတ်ဘဲ ကိုက်ခဲထားလိုက်လေ၏။

မျောက်သည် နာကျင်လွန်းလှ၍ အော်လည်းအော် ညည်းလည်းညည်းသည်။ သို့သော် မည်သူကမျှလည်း မကြား၊ မည်သူကမျှလည်း မလာရောက်လျှင် မျောက်သည် ကူညီမည့်သူ မည်သည့်နေရာမှာရှိပါလိမ့်

ဟု စဉ်းစားသည်။ ထိုအခါ သူအမြဲတမ်းနှောင့်ယှက်သမျှအား အမြဲသည်းခံ နေလေ့ရှိသည့် ရှင်ရသေ့ကို သတိရကာ ထိုနေရာသို့ သွားမည်ဟု သူ့ အင်္ဂါဇာတ်အား ခဲရင်းတန်းလန်းဖြစ်နေသည့် လိပ်ကြီးအား မနိုင်မနင်းဖြင့် မ၍ချီယူကာ လက်နှစ်ဘက်ဖြင့် ပိုက်ပွေ့လျက် ချက်၏အောက်မှာ ကပ် ထား၍ ရသေ့ကြီးထံသို့ရောက်သွား၏။

ရှင်ရသေ့ကြီးသည် သပိတ်ကိုပိုက်ကာ လျှောက်သည်ပုံဖြင့် နေးကွေး၊ လေးလံစွာ သူထံသို့လျှောက်လာသည့် မျောက်ကိုမြင်လျှင်–

'အဆွေ တန်ဆောင်မုန်းလရောက်လို့ ပရိတ်ရွတ်သွားရာက အလှူဝတ္ထုတွေ အများချည်းရလာလို့ သပိတ်ကို မနိုင်မနင်းပွေ့ပြီး လာ နေတာ ဘယ်သူလဲ၊ ဘယ်အရပ်ကလာတာလဲ၊ သဒ္ဓါတရားနှင့် ပြည့်စုံသည့် မည်သို့သော ပုဂ္ဂိုလ်မျိုးက ကပ်လှူလိုက်သနည်း'ဟု လှောင်ပြောင်၍ မေး လိုက်၏။ မျောက်သည် မည်သို့သော ဒုက္ခနှင့် ကြုံတွေ့လာခဲ့ရသည်ဟု ရှင်ရသေ့မှာ သိထားပြီး ဖြစ်လေ၏။

ထိုအခါ မျောက်သည် ငိုယိုလျက် 'အရှင်ရသေ့ ကျွန်ုပ်ဟာ သီလ မရှိတဲ့ မျောက်ပျက်ဖြစ်ပါတယ်။ ခုအခါ ကျွန်ုပ်ဟာ ကျွန်ုပ်၏ ပညာမရှိ၊ မိုက်မဲမှုကြောင့် ဒုက္ခရောက်နေရပါပြီ။ အရှင်ရသေ့ ကယ်မပါမှ ချမ်းသာပါ တော့မယ်။ လိပ်ခံတွင်းက လွတ်မြောက်သွားရင် မည်သူ့ကိုမျှ မနှောင့်ယှက် တော့ဘဲ၊ တောင်ပေါ်မှာ သွားနေပါတော့မယ် 'ဟု လျှောက်၏။

ရှင်ရသေ့သည် မျောက်ကို သနားသောကြောင့် လိပ်ကို ဖျောင်းဖျ သည်မှာ 'အဆွေလိပ် လိပ်ဆိုတဲ့အနွယ်ဟာ ကဿပအနွယ်ဖြစ်ပေတယ်။ မျောက်တို့အနွယ်ကတော့ ကောဏ္ဍညဖြစ်တယ်၊ ဒါ့ကြောင့် ကဿပအနွယ် ဖြစ်တဲ့ အဆွေလိပ်ဟာ သင့်ကို မေထုန်မှုပြုကျင့်လာတဲ့ ကောဏ္ဍညအနွယ် ဝင်မျောက်ကို လွှတ်ပေးလိုက်ပါ'ဟု ပရိယာယ်စကားနှင့် ပြောလိုက်လျှင်

လိပ်သည် စိတ်နှလုံး နူးညံ့သွား၏။ ရှင်ရသေ့ကိုလည်း ကြည်ညိုသော ကြောင့် မျောက်၏အင်္ဂါဇာတ်ကို ခံတွင်းမှ လွှတ်ပေးလိုက်၏။

**(ဒုကနိပါတ် ကစ္ဆပဇာတ်)မှ**

(ယခုအခါ လိပ်ခဲတန်းလန်းသည် လိပ်ခဲတင်းလင်းဟူ၍မူရင်းမှ ကွဲပြားက သုံးစွဲပြောဆိုလျက် ရှိကြ၏။)

## မရွယ်ဘဲ စော်ကဲမင်းဖြစ်

မြန်မာသက္ကရာဇ် ၇၀၀ တွင် သရက်မြို့ကို စားရသည့် သရက်မြို့ စားမင်းရှင်စောဆိုတာ ရှိသည်။ မြို့စားကတော်ကား မိမြတ်လှခေါ်သည်။ သူတို့မှာ သားသုံးယောက်ရှိသည်။ သားကြီးက နောင်အခါ မြင်စိုင်းဘုရင် ဖြစ်လာသည်။ သားလတ်က (နောင်) ပြည်ဘုရင်စောရန်နောင် ဖြစ်လာ သည်။ သားငယ်ကား (နောင်) မင်းကြီးစွာစော်ကဲ ဖြစ်လာသည်။ သမီး သုံးယောက်လည်း ရှိသောကြောင့် သမီးကြီးသည် (နောင်)အင်းဝဘုရင် သတိုးမင်းဖျား၏ မိဖုရား၊ သမီးလတ်သည် (နောင်)ရမည်းသင်းမြို့စား သီလဝ၏မိဖုရား၊ သမီးငယ်သည် (နောင်) စကုမြို့စား သိခ်သူစောနှောင်း ၏ မိဖုရား စသည်ဖြင့် အသီးအသီး ဖြစ်လာကြလေ၏။

ထိုအချိန်တွင် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ သုံးပြည်ထောင်လုံးကို သတိုးမင်းဖျား အုပ်ချုပ်သည်။ သတိုးမင်းဖျားသည် အသက် နှစ်ဆယ့် ငါးနှစ်တွင် ဘုရင်ဖြစ်လာသည်။ ကြောက်ရွံ့သောစိတ် လုံးဝမရှိ၊ အလွန် သတ္တိကောင်းသည်။ မည်သူမျှ ဖမ်းမမိသည့် သူခိုးတကော်ပြားကို သူကိုယ် တိုင် ဖမ်းယူခဲ့သည်။ တစ်ကြိမ်တွင်လည်း သူကိုယ်တိုင် ဓားနှင့် ခုတ်၍ သေသွားသော လူဆိုး၏အလောင်းပေါ်တွင် ခွထိုင်လျက် နံနက်စာကို

ပွဲတော်တည်သည်။ တိုင်းသူပြည်သားများသာမက မှူးမတ်အစရှိသည်တို့ကပါ သတိုးမင်းဖျားကို အလွန်ကြောက်ကြ၏။

သို့သော် ဤမင်းသည် အသက်မရှည်ရှာ၊ အင်းဝတွင် သုံးနှစ်၊ ပင်းယတွင် ခုနစ်လသာ နန်းစံရပြီးလျှင် ကျောက်ရောဂါနှင့် နတ်ရွာစံသွား၏။ ထိုအခါ အင်းဝနန်းကို တင်ရမည့် မင်းလောင်းကို ရှာကြ၏။ ပထမဆုံး ရမည်းသင်းစား သီလဝကို မင်းပြုပါဟု ပင့်သည်။ သီလဝက လုံးဝလက်မခံ 'ငါဟာ တစ်နေ့ကို စကားလေးခွန်းပြောဖို့ကိုတောင် ဝန်လေးသည်။ မင်းမလုပ်ချင်၊ အမြင့်မြို့စား တရာ့ဖျားစော်ကဲ မသင့်လား၊ သူသည် သတိုးမင်းဖျားရဲ့ မိဖုရားစောဥမ္မာရဲ့ အစ်ကိုဖြစ်လို့ သမီးယောက်ဖ တော်စပ်သူချင်းလည်း ဖြစ်ကြသည်။ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသူလည်း ဖြစ်ပေသည်။ သူ့ကိုသာ ပင့်ချေတော့ '

ထို့ကြောင့် တရာ့ဖျားစော်ကဲသည် မည်သို့မျှ မျှော်လင့်ချက်မထားသည့် အင်းဝဘုရင်မင်းကြီးစွာစော်ကဲဟု ဖြစ်လာရသည်။ သူမင်းမဖြစ်မီကပင် အင်းဝတွင် 'မရွယ်ဘဲ ကိုစော်ကဲ ထွက်သည်'ဟူသော တပေါင်ကို ကလေးများ သီဆိုကြသည်။ စော်ကဲမင်းဖြစ်သည့်နှစ်တွင် သူစားခဲ့ရသော အမြင့်မြို့တွင် စိုက်ထားကြသမျှသော ကွမ်းပင်များသည် ကွမ်းရွက်များ ထွက်မလာဘဲ ဆူးချွန်တွေချည်း ထွက်လာသည်။ ထိုအခါမှ စ၍ လူတို့သည် မရည်ရွယ်ပါဘဲနှင့် ဖြစ်လာရသည့်အခါမျိုး၌ 'မရွယ်ဘဲ စော်ကဲမင်းဖြစ်'ဟု ပုံနှိုင်းတတ်ကြ၏။

**(ဦးကုလားရာဇဝင်ကြီး ပထမတွဲ)မှ**

## တောင်ငူလဲ တောင်ငူ မောင်းထောင်လဲမောင်းထောင်

မြန်မာသက္ကရာဇ် ၁၁၄၃ နှစ်တွင် အမရပူရမြို့တော်ကို ဘိုးတော်ဘုရားခေါ် ဗဒုံမင်းအုပ်ချုပ်မင်းလုပ်သည်။ ဘိုးတော်ဘုရားလက်ထက်တွင် သာသနာပိုင်သည် မောင်းထောင်ဆရာတော် ဖြစ်လေသည်။ ဘိုးတော်ဘုရားတွင် သားတော်၊ သမီးတော် တစ်ရာကျော်ခန့်ရှိသည့်အနက်မှ မောင်အူ ခေါ်သည့် သားတော်ကို ဘိုးတော်ဘုရားက အလွန်ချစ်သည်၊ မောင်အူသည် ဉာဏ်ကောင်း၏ ဂီတမှာလည်း ဝါသနာပါ၏။ ကဗျာလင်္ကာစသည်ကိုလည်း ပြောင်မြောက်စွာ စပ်ဆိုသီကုံးနိုင်၏။ ထို့ကြောင့် ဘိုးတော်သည် ထိုသားတော်မောင်အူကို မျက်နှာသာပေးသည့်အပြင် တောင်ငူမြို့ကိုလည်း စားစေခွင့်ပေးသောကြောင့် မောင်အူသည် တောင်ငူမင်းသားဟူ၍ ဖြစ်လာလေ၏။

တောင်ငူမင်းသားကို စာသင်ပေးရသူမှာ ဆရာတော် ဦးတေဇဖြစ်သည်။ တစ်နေ့တွင် သာသနာပိုင် မောင်းထောင်ဆရာတော်သည် တောင်ငူမင်းသား၏ ဆရာ ဦးတေဇကို သူ့ကျောင်းသို့ ခေါ်ယူ၍ ဘိက္ခုပါတိမောက်ပါဠိနိဿျနှင့် ဘိက္ခုနီပါတိမောက်ပါဠိနိဿျ ဒွေသိက္ခာပါဠိနိဿျ ဆိုသည့် ရဟန်းတော်များ တတ်သိရမည့် ကျမ်းများကို ပါဠိရော အနက်ပါ အလွတ်ပြန်ဆိုစေသည်။

သို့သော် ဦးတေဇသည် ပြန်ဆိုပြသည့်အခါတွင် အချို့သော စာများကို မေ့လျော့နေသည့်အတွက် မဆိုမပြနိုင်ဖြစ်နေလျှင် မောင်းထောင်ဆရာတော်သည် ဦးတေဇကို သူ့ကျောင်းတိုက်ထဲတွင် အမှိုက်လှဲခိုင်းသည်။ သဲကျုံးခိုင်းသည်။ ရေခပ်ခိုင်းသည်။ ထိုအကြောင်းကို တောင်ငူမင်းသား

ကြားသိရလျှင် မောင်းထောင်ဆရာတော်ထံ သွားကာ 'အရှင်ဘုရား တပည့်တော်ရဲ့ ဆရာတော်ဟာ ဝိနည်းကျမ်းစာကို အလွတ်မဆိုပြနိုင်တာ အပြစ်မဟုတ်ပါဘူး။ ဝိနည်းသိက္ခာပုဒ်ကို ဆန့်ကျင်လွဲမှားနေမှသာ အပြစ်လို့ ဆိုနိုင်ပါတယ်'ဟု လျှောက်ထား၏။

'မင်းသား မင်းသားဆရာကို အကျင့်သိက္ခာပျက်တယ်လို့ ငါမဆို၊ ငါမေးတဲ့စာကို မရလို့ ဒဏ်ပေးခြင်း ဖြစ်သည် ' မောင်းထောင်ဆရာတော်က ထိုသို့မိန့်လျှင် မင်းသားက ထပ်၍ လျှောက်သည်။ 'အကျင့်သိက္ခာ ပျက်ယွင်းတာမဟုတ်ပါလျှင် သည်းခံတော်မူသင့်ပါတယ်ဘုရား ' ထိုအခါ မောင်းထောင်ဆရာတော်က မိန့်ပြန်သည်။

"မင်းသား မင်းသားရဲ့ဆရာဟာ နှုတ်တက်အာဂုံဆောင်ထားရမည့် ဝိနည်းသိက္ခာကျမ်းကို မဆောင်နိုင်သည့်အတွက် နောင်ကို မှတ်သားရအောင် ငါဒဏ်ပေးခြင်း ဖြစ်သည်"

မင်းသားသည် သူ၏ဆရာ ဒဏ်ခံနေရသည်ကို မကျေနပ်၊ မကြည့်ရက်၍ မောင်းထောင်ဆရာတော်ကို ထပ်လျှောက်ပြန်၏။

"ဆရာတော်အရှင်ဘုရား ဒီလောက်များလှတဲ့ စာတွေကို နှုတ်ငုံပြန်ဖို့ ခဲယဉ်းလှပါတယ်။ အချိန်ပေးပြီး ပြန်ကျက်စေပြီးမှ အာဂုံဆောင်သင့်ပါတယ်ဘုရား၊ အဲဒီအခါမှာ အာဂုံမပြန်နိုင်ဘူးဆိုလျှင် အပြစ်ဒဏ်ပေးသင့်ပါတယ်။ တပည့်တော်ရဲ့ ဆရာမှာ အရှင်ဘုရားပေးတဲ့ အပြစ်ဒဏ်ကြောင့် ပင်ပန်းလှပါပြီဘုရား ၊ သည်းခံတော်မူပါ "

မောင်းထောင်ဆရာတော်သည် မင်းသားစကားဆုံးသည်နှင့် 'သယ ' ဟုဆိုကာ အနားမှာရှိနေသည့် ထွေးအင်နှင့် မင်းသားကိုပေါက်၏ မင်းသားသည်လည်း သည်းခံ၍မနေ၊ သူ့ကိုပေါက်သည့် ထွေးအင်နှင့်ပင် မောင်းထောင်ဆရာတော်အား ပြန်ပေါက်၏။ ထိုအခါ မောင်းထောင်

ဆရာတော်သည် အမျက်ထွက်လာသဖြင့် မင်းသားကို ခြေနှင့် ကန်၏။ မင်းသားသည်လည်း လူငယ်ပီပီ အားကောင်းမောင်းသန်စွာဖြင့် ဆရာတော် ကန်လာသည့်ခြေကို ဖက်ကာ ကြမ်းပေါ်သို့ လှဲချ၍ နပမ်းလုံးတော့၏။

ဤအဖြစ်ကို ဘိုးတော်ဘုရား ကြားလေလျှင် 'အင်း တောင်ငူက လည်း တောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင်' ဟု မိန့်တော်မူ သည်။ ထို့နောက်မှ တောင်ငူမင်းသားကို ကလေးဘဝကစ၍ စောင့်ရှောက် ထိန်းသိမ်းလာခဲ့သည့် ရန်ကုန်မြို့ဝန်ကြီး ဦးကျော်ရွှေးကို ခေါ်ယူပြီးလျှင် ဤကိစ္စအား နှစ်ဖက်စလုံး ကျေအေးသွားရလေအောင် စေ့စပ်ပေးရန် တာဝန်ကို ပေးအပ်လိုက်၏။

ဦးကျော်ရွှေသည် တောင်ငူမင်းသားကို ဖျောင်းဖျချော့မော့ ဆုံးမ ကာ စိတ်နှလုံး နူးညံ့စေပြီးမှ နန်းတော် ဇေတဝန်ဆောင်တွင် ဆွမ်းကပ် လှူရသည်။ ဆွမ်းအလှူပွဲတွင် မောင်းထောင်ဆရာတော်ကြီးနှင့်အတူ သုဓမ္မာဆရာတော်များကိုပါ ပင့်ဖိတ်သည်။ ဆွမ်းအလှူပွဲပြီးသည့်နောက် တောင်ငူမင်းသားသည် သံဃာတော်အများရှေ့၌ မောင်းထောင်ဆရာတော် ကြီးကို ရိုရိုသေသေ ကန်တော့ပြီးလျှင် 'တပည့်တော် ပြုမိမှားသမျှ အပြစ် များကို ခွင့်လွှတ်သည်းခံပါဘုရား ' ဟု လျှောက်သည်။ အားလုံးသော သံဃာများက သာဓုခေါ်ကြသည်။

ထိုအခါ မောင်းထောင်ဆရာတော်ကြီးသည်လည်း သာဓုသုံးကြိမ် ခေါ်သည်။ သာဓုခေါ်ပြီးသည့်နောက် 'မင်းသားအပြစ်ကို ငါသည်းခံသည်။ အမှန်မှာ မင်းသားချည်း အမှားမဟုတ်၊ ငါသည်လည်း မှားလေသည်။ မင်းသားရော ငါပါ ပုထုဇဉ်ချင်း တူကြသော်လည်း ငါသည် ဘုရားရှင် ၏ သား၊ သံဃာတော်ဖြစ်သည့်အတွက် ငါသည် ပို၍ မှားခဲ့ပေသည်။ သည့်အတွက်ကြောင့် မင်းသားကလည်း ငါ့အပေါ် အမျက်မထားနှင့် ရန်

ပြုံးမထားလေနှင့် သည်းခံလေ ’ဟု မိန့်လျှင် မင်းသား၏ ခမည်းတော် မယ်တော်များကပါ သာဓုသုံးကြိမ်ခေါ်ကြသည်။

**(မော်ပီဆရာသိန်း၏ ပစပ်ရာဇဝင်) မှ**

ဗူးလုံးနားမထွင်း

တကောင်းပြည်ဘုရင်၏ မိဖုရားမှ ‘မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ’ အမည်ရှိ မျက်မမြင်အမွှာညီနောင် သားနှစ်ပါးကိုမြင်သည်။ ခမည်းတော် တကောင်းဘုရင်သည် မျက်မမြင်သားနှစ်ပါးဖွားသည်ဟု အများပြည်သူ မသိစေလိုသောကြောင့် သားနှစ်ပါးကို လွှင့်ပစ်ခိုင်းသည်။

မယ်တော် ဘဒ္ဒနုဝတီ မိဖုရားကြီးမှာ သားတော်များ သူတို့ကံအလျောက် ရှိပါစေဟု ဝှက်ထားပါသော်လည်း မင်းကြီးက သိတော်မူသောကြောင့် ထပ်မံ၍ ပစ်ခိုင်းပြန်လျှင် မယ်တော်သည် မနေသာတော့သောကြောင့် ဖောင်ကြီးတစ်ခုကို စီရင်စေကာ ထိုဖောင်ပေါ်တွင် သားနှစ်ပါး ကာလရှည်ကြာစွာ သုံးစားနိုင်ရန်အတွက် အထားခံသော ခြောက်သွေ့သော ပုပ်သိုးခြင်းမဖြစ်စေသော အစာအာဟာရများနှင့်အတူ သားတော်နှစ်ပါးကို ဖောင်ပေါ်တင်ကာ မျှောလိုက်၏။ ဖောင်ကြီးသည် ဧရာဝတီမြစ်အတွင်းသို့ ရေအလျဉ်နှင့် မျှောပါလာရာမှ စစ်ပင်ကြီးတစ်ပင်သည် ဧရာဝတီမြစ်တွင်းသို့ ကိုင်းလျက်ကျနေသည့် နေရာသို့ရောက်လျှင် စန္ဒမုခိဆိုသော ဘီလူးမသည် ဖောင်ပေါ်သို့ တက်လာလေ၏။ (စစ်ပင်ကြီး ကိုင်းလျက်ရှိသည့်နေရာကို နောင်အခါ စစ်ကိုင်းဟု ခေါ်တွင်လာကြသည်) ဆို၏။

စန္ဒမုခီသည် မင်းသားတို့ မျက်မမြင်ဟု သိရလျှင် မင်းသားတို့၏ အစာကို မသိအောင် ယူစားသည်။ သို့သော် ညီနောင်တို့သည် ငါတို့၏ အစာသည် အခါတိုင်းထက် ကုန်မြန်လှသည်။ ဖောင်ပေါ်သို့ တစ်စုံ တစ်ဦး တက်ရောက်လာကာ ငါတို့၏ အစာကို ယူစားသလားဟု သင်္ကာ မကင်းဖြစ်သောကြောင့် ညီနောင်တို့သည် အချင်းချင်းတိုင်ပင်ကာ တစ် ယောက်၏ လက်ကို တစ်ယောက်က ကိုင်ဆုပ်ကာ သတိနှင့် စားကြမည်ဟု အချိန်းအချက် လုပ်ကြလေ၏။ ထိုအခါ ညီနောင်တို့ ပွဲတော်တည်စဉ် အလစ်ဝင်နှိုက်သည့် စန္ဒမုခီ၏လက်ကို ညီငယ်က ဖမ်းဆုပ်မိ၏။ 'သင်ဘယ် သူလဲပြော'ဟု မေးစဉ် နောင်တော်သည် ဓားကို ထုတ်ကာ ခုတ်မည်ပြု၏။

ထိုအခါ စန္ဒမုခီသည် ကြောက်ရွံ့ကြီးစွာဖြင့် 'အရှင့်သားတို့ ကျွန်မကို ချမ်းသာပေးမယ်ဆိုရင် အရှင့်သားတို့ မျက်စိနှစ်ကွင်း အလင်း ရလာအောင် ကျွန်မ ကုသပေးပါ့မယ်'ဟု တောင်းပန်သည်။ ဤသို့ဖြင့် မင်းသားညီနောင်သည် စန္ဒမုခီကို သစ္စာပေးကာ မျက်စိကွယ်နေသည်ကို အလင်းရလာသည်အထိ ကုစေခိုင်းလိုက်၏။ မကြာမီ မင်းသားတို့ မျက်စိ မြင်လာကြ၏။ စန္ဒမုခီသည် နတ်ဘီလူးမျိုးဖြစ်သောကြောင့် လှပ သော လူသားမိန်းမပျိုတစ်ယောက်အသွင် ဖန်ဆင်း၍ နေ၏။ ကြာသော် ညီတော် စူဠသမ္ဘဝနှင့် မေတ္တာမျှကြလေ၏။ ဖောင်မြောရာသို့ လိုက်ပါလာ ကြသည့် သူတို့သုံးဦးသည် ဧရာဝတီမြစ်ကွေ့၏ တစ်နေရာ ရေပါးနေ သည့် ကမ်းစပ်တစ်ခုအနီးတွင် ဖောင်ကို ကမ်းကပ်၍ အပေါ်သို့ တက် လာကြသည်။ ထိုအခါ ကမ်းစပ်တစ်နေရာ ရေတိမ်ရာဆိပ်တစ်ခု၌ ဘူးသီး ခြောက်တစ်လုံးနှင့် ရေငင်နေသည့် မိန်းမငယ်တစ်ယောက်ကို တွေ့ရ၍ အနားသို့ ကပ်သွားကြ၏။

မိန်းမငယ်သည် မျောက်အမြီးကို ရေမှာ နှစ်၍ ပါလာသော ရေအစက်တို့ဖြင့် ဗူးသီးခြောက်ထဲသို့ ထည့်နေသည်ကို မြင်ရလျှင် နောင်တော်မဟာသမ္ဘဝက 'ဗူးလုံးကို နားမထွင်းထားဘဲ ရေဘယ်လိုဝင်မှာလဲ၊ ရေဝင်ချင်ရင် ဗူးလုံးကို နားထွင်းမှပေါ့'ဟု ဆိုကာ သူ့လက်မှ ဓားနှင့် ဗူးလုံးကို ထိပ်နေရာမှ ဖောက်ပေးလိုက်၏။

ထိုအခါ မိန်းမငယ်က ပြောသည်။ 'ကျွန်မခမည်းတော်ရှင် ရသေ့က ဗူးကို နားမထွင်းစေဘဲ မျောက်မြီးကို ရေမှာ နှစ်ယူပြီးပါလာတဲ့ ရေနှင့် ဗူးပြည့်မှ ပြန်လာခဲ့ရမယ်ဆိုလို့ နေ့တိုင်း ဒီလိုပဲ ရေခပ်နေရပါတယ်' ညီနောင်တို့သည် ထူးဆန်းသော ရှင်ရသေ့ထံသို့ မိန်းမငယ်နှင့် လိုက်သွားကြ၏။ ရောက်လျှင် ရှင်ရသေ့သည် ညီနောင်တို့ မယ်တော်၏ အစ်ကိုဖြစ်နေကာ ဝက်ဆိုးတစ်ကောင်၏ ရန်ကို လိုက်လံနှိမ်နင်းရင်း ဝက်ကြီးသေလျှင် သံဝေဂဉာဏ်ရ၍ ရသေ့ဘဝဖြင့် နေလာ၏။ ထိုအခါ ရသေ့၏ ကျင်ငယ်စွန့်ရာကို အမြဲလာရောက်သောက်ယူလျက် ရှိသည့် သမင်မတစ်ကောင်၏ ဝမ်းမှ ဤမိန်းကလေးကို ဖွားကာ ပစ်ထားခဲ့၏။ သမင်မက ဖွားသောကြောင့် ကလေးကို ဗေဒါရီဟု ရသေ့ကြီးက အမည်ပေးထား၏။

ဗေဒါရီသည် အရွယ်ရောက်လာသောအခါ၌ ရသေ့ရဟန်းတို့နှင့် အတူနေရန် မသင့်သောကြောင့် ယခုကဲ့သို့ 'ဗူးလုံးကို နားမထွင်းဘဲ မျောက်မြီးနှင့်သာ ရေဝင်အောင် ခပ်စေပြီး အဝေးမှာ နေခိုင်းစေခြင်းဖြစ်၏။'ဟု ရှင်းပြကာ နောင်တော်လက်သို့ ဗေဒါရီကို အပ်ကာ လက်ထပ်ပေးလိုက်သည်။ နေရာထိုင်ခင်းအတွက်ကိုလည်း ရသေ့မြို့ဟု အမည်ပေးသည့် မြို့တော်တစ်ခုကို စနစ်တကျ တည်ဆောက်ပေးလိုက်လေသတည်း။

(ဗူးလုံးနားမထွင်းကို အချို့က ဗလုံးဗထွေးဟုလည်း သုံး၏။)

**(မဟာရာဇဝင်ကြီး) မှ**

ကြမ္မာဆောင်သားကောင်ဆိတ်ဖြစ်

ရှေးရှေး ဥဇ္ဇေနီပြည်ကြီးတွင် သူခိုးကြီးတစ်ယောက်ရှိ၏။ ခိုးဝှက်ရသောပစ္စည်းများကို စုဆောင်းမိလျှင် ဥဇ္ဇေနီပြည်၏ သူဌေးကြီးဟု ဖြစ်လာသည်။ ထိုသူဌေးကြီးသည် သားမယား စသည် မရှိသောကြောင့် သူသေလျှင် သူရှာဖွေလာခဲ့သော ပစ္စည်းကို သူတစ်ပါးတို့ ယူကြမည်ကို စိုးရိမ်စိတ်ဖြင့် သူသေမည့်နေ့ကို သိချင်လာကာ လူတို့၏ ရှေ့ဖြစ်နောက်ဖြစ်ကို အကြားအမြင်ပညာဖြင့် မှန်ကန်တိကျစွာ ဟောပြနိုင်သည့် ပုဏ္ဏားဆရာကြီးထံသို့ သူသွားသည်။

သူသွားသည့်အခါတိုင်း ပုဏ္ဏားဆရာကြီးသည် အိမ်မှာမရှိ။ မြို့စောင့်နတ်ကွန်းသို့ သွားသည်ဟု အိမ်သားများက ဆို၍ လိုက်သွားလျှင် ပုဏ္ဏားဆရာသည် နတ်ကွန်းရှေ့၌ မီးပူဇော်ဝတ်ပြုလျက် ရှိသည်ကို အမြဲမြင်ရ၏။ ထို့ကြောင့် သူဌေးသည် ရွှေစင်တစ်ကျပ်သားကို ပုဏ္ဏားကြီးမြင်သာသည့် နတ်ကွန်းပေါ်သို့ အမြဲတင်လှူ၍ ပြန်လာခဲ့၏။ ဤသို့ဖြင့် လေးရက်မြောက်သောနေ့တွင် ပုဏ္ဏားဆရာနှင့် သူဌေးကြီးတို့ တွေ့ကြလေ၏။ ထိုအခါ ပုဏ္ဏားဆရာက မေး၏။

"သူဌေးကြီး မြို့စောင့်နတ်ကွန်းကို နေ့တိုင်းလာပြီး ပူဇော်နေတာ ဘာကိုလိုချင်လို့လဲ"

"ကျုပ် နေ့တိုင်းလာနေတာ ပုဏ္ဏားဆရာကို မေးချင်လို့လာနေတာ၊ မြို့စောင့်နတ်ကွန်းကို လာပြီး ပူဇော်တာမဟုတ်ဘူး'ဟု သူဌေးကြီးက ဖြေသည်။

"သင် ဘာမေးချင်သလဲ မေးပါ"

"ကျုပ် ဘယ်အရပ် ဘယ်နေရာမှာ ဘယ်တော့သေမှာလဲဆိုတာကို မေးချင်လို့ပဲ၊ ပုဏ္ဏားဆရာ ကြည့်ပေးပါ "

ပုဏ္ဏားကြီးသည် သူဌေးကြီး၏ လက္ခဏာကိုလည်း ကြည့်သည်။ ဇာတာကိုလည်း တွက်ချက်ကြည့်သည်။ ပြီးလျှင် ဟောစာတမ်းကို ထုတ်သည်။

"ရှေ့လ လပြည့်ကျော် ၈ ရက်နေ့မှာ ဒီမြို့ရဲ့ သုသာန်ကို သွားပါ။ အဲဒီနေ့မှာသေတဲ့ လူသေအလောင်းကို သုသာန်မှာ လာစွန့်ပစ်တာ တွေ့လိမ့်မယ်။ တွေ့ရင် အဲဒီလူသေအလောင်းကို တစ်နေရာမှာ ရွှေ့ထားပြီး သင်က လူသေအလောင်းပစ်ထားခဲ့တဲ့ နေရာမှာ လူသေဟန်ဆောင်ပြီးနေပါ။ မကြာခင် ညရောက်တော့ သုသာန်ကို လာပြီး လူသေတွေကို စားလေ့ရှိတဲ့ ဘီလူးပြိတ္တာတစ်ကောင် ရောက်လာပြီး သင့်ကို လူသေအမှတ်နဲ့ လာဆွဲယူလိမ့်မယ်။

အဲဒီအခါမှာ သင်က 'ငါလူသေမဟုတ်ဘူး'လို့ ပြောလိုက်၊ လူသေမဟုတ်ရင် ဒီနေရာကို ဘာဖြစ်လို့ ရောက်နေရတာလဲလို့ ဘီလူးက မေးလိမ့်မယ်၊ အဲဒီအခါမှာ သင်က 'ငါသေရမယ့် နေရာကို သိချင်လို့ သင့်ကို လာစောင့်တာပဲ'လို့ ဖြေလိုက်ရင် သင်သေရမယ့် နေရာကို ဘီလူးက ပြောပြလိမ့်မယ် "

သူဌေးကြီးဟာ ပုဏ္ဏားဆရာ ပြောလိုက်တဲ့အတိုင်း ရှေ့လ လပြည့်ကျော် ၈ ရက်နေ့ညကို ရောက်တော့ သုသာန်ကို သွားပြီး ပုဏ္ဏားဆရာခိုင်းတဲ့အတိုင်းလုပ်တော့ ဘီလူးပြိတ္တာနှင့် တွေ့ရသည်။ ဘီလူးက ပြောလိုက်သည်မှာ 'သင်ဟာ ပါဋလိပုတ်မြို့တော်၏ မြောက်ဘက်စူးစူးမှာ ရှိသည့် ညောင်ကြပ်ပင်ကြီးအောက်၌ အသက်ပျောက်ရလိမ့်မည်'ဟု ဆိုသည်။

ထိုအားလုံးကို သူဌေးကြီးသည် ပုဏ္ဏားဆရာအား ပြောပြလျှင် ပုဏ္ဏားဆရာသည် ‘သင်ဟာ ကျုပ်ကို ရွှေအများကြီး ပူဇော်ထားသည့်အတွက် သင်အကျိုးရှိစေရန် ကျုပ်ဟောလိုက်မည်။ သင်သည် အသက်ရှင်လိုပါလျှင် ပါဋ္ဋိလိပုတ်မြို့တော်နှင့် ယူဇနာတစ်ရာဝေးကွာသည့်အရပ်မှာ နေထိုင်ပါ။ ပါဋ္ဋလိပုတ်မြို့တော်ကိုလည်း ဘယ်ခါမျှမသွားလေနှင့် ’ဟု ဟောကြားလိုက်လေ၏။

သူဌေးကြီးသည် ဥဇ္ဇေနီပြည်မှာပဲ ပျော်ပျော်ကြီးနေလိုက်သည်။ နှစ်များစွာကြာလာလျှင် ခရီးသွားလိုသောစိတ်များ ပေါ်လာသည်နှင့် မရောက်ဖူးသောအရပ်သို့ ခရီးထွက်လာခဲ့လျှင် မိန်းမပျိုတစ်ဦးနှင့် တွေ့ဆုံကာ အတူပေါင်းသင်းနေထိုင်လေ၏။ ဤကဲ့သို့ ပေါင်းသင်းနေထိုင်၍ သုံးလခန့်ကြာလျှင် မိန်းမဖြစ်သူသည် သူ၏ ဆွေမျိုးများရှိရာသို့ လိုက်ပို့ပါဆို၍ လိုက်ပို့ရလေ၏။ သူဌေးကြီးသည် ပုဏ္ဏားဆရာဟောလိုက်သည်များကို မေ့လျော့ကာ မိန်းမနှင့် ပျော်ပျော်ကြီး ခရီးထွက်လာခဲ့သည်မှာ တဖြည်းဖြည်းနှင့် ပါဋ္ဋလိပုတ်မြို့ဆီသို့ နီးကပ်၍လာ၏။

ထိုအခါ ပါဋ္ဋလိပုတ်၏ မြောက်စူးစူးအရပ်၌ ကြီးမားစွာ ပေါက်ရောက်နေသည့် ညောင်ပင်ကြီးတစ်ပင်အောက်သို့ ရောက်လာ၏။ မိန်းမဖြစ်သူသည် ညောင်ပင်အရိပ်အောက်သို့ရောက်သည်နှင့် ‘မောလိုက်တာရှင် ခဏနားကြရအောင်’ဟု ဆိုသည်။ သူဌေးကြီးသည် ထိုအခါမှ ‘အရိပ်ကကောင်းလှသည်၊ မည်သည့်အပင်ပါလိမ့်’ဟု အပင်ကို မော့ကြည့်မိလျှင် ညောင်ကြပ်ပင် ဖြစ်နေ၏။ ညောင်ကြပ်ပင်ကို တွေ့သည်နှင့် သုသဿန်စောင့်ဘီလူးဟောလိုက်သည်ကို ဖြုန်းခနဲ သတိရသွား၏။ သူ့တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ဘာလုပ်ရမည်နည်းဟု သူတွေး၏။ သို့သော် သူ့မိန်းမကား သူ့ပေါင်ကို ခေါင်းအုံးပြုကာ အိပ်ပျော်နေပြီတည်း။

ဟယ် မတတ်နိုင်ပါဘူး၊ ကံစီမံရာပဲဟု သူဌေးကြီး သက်ပြင်းချလိုက်သည်။ လေကလည်း ပြင်းပြင်းထန်ထန် တိုက်လာသည်။ ထိုအခါ သူ့မိန်းမချမ်းမည်စိုး၍ အပိုယူလာခဲ့သည့် ပုဆိုးနှင့် သူ့မိန်းမကို လုံခြုံအောင် ထွေးပေးနေစဉ် မင်းမှုထမ်းနှစ်ယောက် သူတို့အနားသို့ ရောက်လာသည်။

"ဒီမှာ ဆိတ်အဖြူကြီးတစ်ကောင် တွေ့မိသလား "

ဟု တစ်ယောက်က မေးသည်။ သူက ခေါင်းခါပြလိုက်သည်။ ထိုအခါ ကျန်သောတစ်ယောက်က ဘုရင်မင်းမြတ်မွေးထားတဲ့ အချစ်တော်ဆိတ်ဖြူကြီးနော်၊ ရှာမတွေ့လို့မဖြစ်ဘူး၊ တွေ့အောင်ရှာရမယ်'ဟု အော်ပြောသည်။ ပြောရင်းဖြင့် 'မင်းပေါင်ပေါ်က ဘာထုပ်လဲ 'ဟု သူဌေးကြီးကို မေး၏။ သူဌေးကြီးသည် ဒေါသဖြင့် ပြန်ပြောလိုက်၏။

"အထုပ်မဟုတ်ဘူး၊ ကျုပ်မိန်းမအိပ်နေတာ"

"အိပ်နေတာဟုတ်လား၊ အိပ်နေတာက အထုပ်ကြီးလိုပဲ၊ အဝတ်ကို ဖယ်ပြီး ပြစမ်း "

သူဌေးကြီးသည် မင်းမှုထမ်းများ၏ အာဏာသံနှင့် ပြောနေသည်များကို မကျေနပ်စွာဖြင့် အပေါ်မှ လွှမ်းခြုံပေးထားသည့် သူ၏ ပုဆိုးကို ဖယ်လိုက်လျှင် ခါးနှင့်ခုတ်သတ်ထားသည့် အဖြူရောင်ဆိတ်သေကြီးတစ်ကောင်ကို တွေ့လိုက်ရလေသတည်း။ သူဌေးကြီးသည် 'သြော် ကြမ္မာဆောင်တော့ သားကောင်က ဆိတ်ဖြစ်နေပါပေါ့လား 'ဟု သူ၏ထူးဆန်းလှစွာသော ကံကြမ္မာကို အံ့သြစွာ ရေရွတ် ညည်းတွားရင်း အမှုထမ်းတို့၏ ခါးအောက်မှာ အသက်ပျောက်သွားရရှာလေတော့၏။

**(လောကပညတ္တိကျမ်း) မှ**

# ခွာရာချင်းတိုင်းသည်

ဂေါတမမြတ်စွာဘုရားမပွင့်မီ တစ်ခုသောကာလ၌ ဟိမဝန္တာတော ကြီးထဲတွင် ကျွဲဆိုးကြီးတစ်ကောင် ရှိသည်။ ထိုကျွဲဆိုးကြီးသည် ဟိဝမန္တာ ရှိ ကျွဲအပေါင်းတို့၏ မင်းလည်း ဖြစ်၏။ သူသည် အင်အားလည်း အလွန်ကောင်းသည်။ သူ့ပိုင်နက်အတွင်းရှိ ကျွဲမများက မွေးသမျှသော ကျွဲထီးများကို အသေခတ်သတ်တတ်သောကြောင့်လည်း ကျွဲမများက သူ့ကို အလွန်ကြောက်ကြသည်။ ကျွဲမကလေးမွေးလာလျှင်ကား သူသည် မည်သည့် အန္တရာယ်ကိုမျှ မပြုဘဲ ချမ်းသာမှု ပေးခဲ့၏။

တစ်နေ့သောအခါ ကျွဲဆိုးကြီးမယားၤ ကျွဲမတွင် သန္ဓေတည်လာ၏။ ထိုအခါ ကျွဲမသည် သူ၏သန္ဓေကို ကျွဲဆိုးကြီးရန်မှ ကာကွယ်စောင့်ရှောက် ရန်အတွက် အခြံအရံမပါဘဲ တစ်ကောင်တည်းသာ တောနက်ရာသို့ ပုန်းရှောင်လာကာ သန္ဓေကိုဖွားလျှင် ကျွဲအထီးကလေး ဖြစ်နေ၏။ ထို အခါ ကျွဲမသည် သားကျွဲထီးကလေးကို သတိကြီးစွာဖြင့် စောင့်ရှောက် လာခဲ့၏။

ထိုကျွဲထီး အရွယ်ရောက်လာလျှင် မိခင်ကျွဲမကြီးကို 'အမေ အမေ့မှာ အပေါင်းအသင်းမရှိဘူးလား၊ ဘာ့ကြောင့် တောနက်ကြီးထဲမှာ အဖော်မရှိဘဲ လာနေရတာလဲ 'ဟု မေး၏။ ထိုအခါ မိခင်ကျွဲမကြီးက ဖခင်ဖြစ်သူ ကျွဲဆိုးကြီး၏ အန္တရာယ်ကြောင့် ယခုကဲ့သို့ ပုန်းလျှိုးနေရ ကြောင်းကို ပြောပြသောအခါ ကျွဲငယ်က သူ၏ဘခင် ကျွဲဆိုးကြီးကို မြင် လိုပါသည်ဟု မိခင်ကျွဲမကြီးကို ပြော၏။

ထို့ကြောင့် ကျွဲမကြီးသည် ကျွဲမင်း ရေအမြဲချိုးလေ့ ရှိသည့် အိုင် ကြီးအနီးရှိသော ချုံများထဲတွင် ကျွဲငယ်ကို ပုန်းခိုင်းထားစေပြီးမှ ကျွဲမင်း ရေလာချိုးလျှင် 'အဲတာမောင့်ဘခင်ပဲ 'ဟုပြော၏။ ထိုနေ့မှစ၍ ကျွဲငယ်

သည် အိုင်မှာ ထင်ကျန်ရစ်ခဲ့သည့် ကျွဲဆိုးကြီး၏ ခွာရာကို နေ့ရှိသမျှ လာ၍ လာ၍ တိုင်းသည်။ ခွာရာချင်း ထပ်တူဖြစ်လာမည့်နေ့ကို ကျွဲငယ်သည် စောင့်ကြည့်လျက် ရှိ၏။

လများစွာ ကြာလျှင် ကျွဲငယ်၏ ခြေရာသည် သူ့ဖခင်ကျွဲမင်းကြီး၏ ခွာရာနှင့် ထပ်တူဖြစ်နေသည်ကို မြင်တွေ့ရလျှင် ကျွဲငယ်သည် မိခင်ကျွဲမကြီးထံသို့ သွားရောက်ကာ 'မိခင် ရက်စက်ကြမ်းကြုတ်လွန်းတဲ့ ဖခင်ကျွဲမင်းရဲ့ခြေရာနှင့် ကျွန်တော့်ခြေရာ ခွာရာချင်း တူနေပြီး သူ့ကို ကျွန်တော် အနိုင်တိုက်တော့မည်'ဟု ကြုံးဝါး၏။

ကြုံဝါးသည့်အတိုင်း ကျွဲငယ်သည် သူ့ဖခင်ကျွဲမင်းနှင့် တိုက်ကြလျှင် အနိုင်ရရှိသွားကာ ဟိမဝန္တာတွင် ကျွဲအပေါင်းတို့အား တရားသဖြင့် စောင့်ရှောက်သည့် ကျွဲမင်းကြီး ဖြစ်လာလေ၏။

**(နိပါတ်တော်) မှ**

## သူ့ဆန်စားရဲမှ

သက္ကရာဇ် ၉၇၀ ခုနှစ်တွင် အနောက်ဘက်လွန်မင်းတရားကြီး ပြည်မြို့ကို လုပ်ကြံလေသည်။ အောင်မြင်တော်မူသောကြောင့် ပြည်စား ရန်နိုင်မှူးနှင့်တကွ၊ ပစ္စည်းဥစ္စာ၊ လက်နက်လူသူ စသည်တို့အား သိမ်းပိုက်ရာတွင် ကျမ်းဂန်တတ်၊ စာတတ်၊ 'ပဋ္ဌင်းကျော်' ရှင်မုနိန္ဒဃောသနှင့် ရန်နိုင်မှူး၏ တပ်သားဖြစ်သော အသက်(၁၃)နှစ်ရှိ 'ငထင်ငယ်'တို့ကို အင်းဝသို့ ဆောင်ယူသည်ဟု ဦးကုလားရေး မြန်မာရာဇဝင်ကြီးတွင် တွေ့ရသည်။ အနောက်ဘက်လွန်မင်းတရားသည် အင်းဝနန်းသို့ ရောက်လျှင် 'ငါ ပြည်မြို့ကို တိုက်သည်မှာ' ရှင်တစ်ဆူနှင့် လူတစ်ယောက်သာ

ရခဲ့သည်ဟု ပြောစမှတ်ပြုလေ၏။

[ရှင်တစ်ဆူဆိုသည်မှာ (နောင်) တောင်ဖီလာဆရာတော်ဖြစ်လာမည့် ပဥ္စင်းကျော် ရှင်မုနိန္ဒဃောသ ဖြစ်လေ၏။ လူတစ်ယောက်ဆိုသည်မှာ ငထင်ငယ် (နောင် နန္ဒယော်ဓာအမည်ဖြင့် အင်းဝနန်းတွင် ထင်ရှားလာသူဖြစ်လေ၏။]

(၁၃) နှစ်သား ငထင်ငယ်သည် ပြည်မြို့ကြီးကျသွားပြီ ဖြစ်သော်လည်း သူသည် သူ၏ အရှင်သခင်ဖြစ်သူ ရန်နိုင်မှူးအား ကာကွယ်မည်ဟု ပလ္လင်ပေါ်မှ မဆင်းဘဲ ဓားနှစ်လက်ကို တစ်ဘက်စီဆုပ်၍ အရွယ်နှင့်မမျှ ခုခံလျက် အဖမ်းအဆီးကိုလည်း မခံဘဲရှိနေလျှင် ဦးရီးတော်သူ 'ဘယဂါမဏိက' ဟဲ့ ငထင်ငယ် လူပျိုလူရွယ်ကလေးရှိသေးတယ်။ ဒီမျှ တိုက်ခိုက်နေရသလား၊ တစ်မြို့လုံးပျက်လို့ သူ့လက်တွင်းကို ရောက်သွားပြီဆိုတာ နင်မသိသလော အညံ့ခံလိုက်' ဟု အော်ဟစ်ပြီး ဆူပူပြောဆိုတော့မှ ငထင်ငယ်သည် သူ့လက်မှ ဓားကို မချသေးဘဲနှင့် 'သူ့ကျေးဇူးသစ္စာနှင့် ဖြစ်နေပြီ၊ အသက်ပင်ငယ်သော်လည်း ငါ့အရှင်၏ ရာဇပလ္လင်အနီးမှာ သေပါစေတော့၊ ငါ့အရှင်ကို ကာကွယ်ရမည်။ ငါသေမှ ငါ့အရှင်ကို ထိပါကြ ' ဟု ပြန်၍ အော်ဟစ်၏။ ထိုအခါ ဦးရီးတော်က 'နင့်တစ်ယောက်တည်း ခံတိုက်လို့ နိုင်မတဲ့လား၊ နင့်လက်ထဲက ဓားကို ချက်ချင်းချပြီး အညံ့ခံ ' ဟု ပြောတော့မှ ငထင်ငယ်သည် လက်မှဓားကို ချကာ 'သူ့ဆန်ကိုစားသောကြောင့် ရဲရတော့သည်' ဟု ဆိုလျက် အညံ့ခံလိုက်လေ၏။

(ထိုသို့ ငထင်ငယ်ပြောခဲ့သည့် စကားသည် နောင်သောအခါ၌ 'သူ့ဆန်စားရဲမှ' ဟူ၍ စကားပုံတွင် သွားရလေ၏။)

**(ရာဇဝင်ကြီး တတိယတွဲ)မှ**

# ကမ္ဘာရန်

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဇေတဝန်ကျောင်းတော်ကြီးအနီးရှိ ထန်းပင်တစ်ပင်အောက်၌ ရဟန်းတော်တစ်ပါး သီတင်းသုံးနေတော်မူသည့် တဲကျောင်းကလေးတစ်ဆောင် ရှိလေ၏။ ညဥ့်ဘက်သို့ ရောက်လျှင် ထိုထန်းပင်ထက်၌ အိပ်နေကြသော ကျီးများကို ခင်ပုတ်ငှက်တို့သည် ဦးခေါင်းများကို လာရောက် ကိုက်ဖြတ်လေ့ရှိကြသောကြောင့် နံနက်လင်းသည်နှင့် ကျီးတို့၏ ဦးခေါင်းပြတ်များကို ထိုရဟန်းကောက်ယူရသည်မှာ နှစ်တင်းခန့် ရှိလေ၏။

တစ်နေ့သောအခါ ရဟန်းတို့သည် 'ကျီးနှင့် ခင်ပုတ်တို့သည် မည်သို့သော ကာလက စ၍ ဤကဲ့သို့ ရန်ဖြစ်ခဲ့ကြပါသနည်း'ဟု ဘုရားရှင်အား မေးလျှောက်ကြလေလျှင် 'ရဟန်းတို့ ကမ္ဘာဦးကတည်းက ဖြစ်လာကြသည့် ကမ္ဘာရန်သူတွေ ဖြစ်ကြပေတယ် 'ဟု မိန့်တော်မူကာ—

'ကမ္ဘာဦးအခါက ငှက်တို့သည် ဟိမဝန္တာ၌ စည်းဝေးကြ၏။ လူ တို့မှာလည်း အုပ်ချုပ်သူ မဟာသမတမင်းရှိသည်။ အခြေလေးခုတို့မှာလည်း အုပ်ချုပ်သူ ခြင်္သေ့မင်းရှိသည်။ ရေနေသတ္တဝါ ငါးတို့မှာလည်း အာနန္ဒာ ငါးမင်းကြီးရှိသည်။ အတောင်ကို အားပြုနေကြသော ငါတို့ငှက်မျိုးတွေမှာကား အုပ်ချုပ်သူမင်းမရှိလေ။ ထို့ကြောင့် ငါတို့အား အုပ်ချုပ်ရန် မည်သူ့အား မင်းတင်မြှောက်ရလျှင် သင့်လျော်မည်နည်း 'ဟု တိုင်ပင်ကြသည်။

ထိုအခါ လျင်မြန်သွက်လက်၍ ကိုယ်လုံးကိုယ်ထည် ခန့်ညားသော ခင်ပုတ်ကို မင်းတင်မြှောက်ရလျှင် ကောင်းပေမည်ဟု အားလုံးသောငှက်တို့က သဘောတူကြ၍ 'သဘောမတူသူရှိသလား'ဟု ငှက်များကို မေး၏။

ထိုအခါ ကျီးတစ်ကောင်က ရှေ့သို့ထွက်၍ 'ခင်ပုတ်ဟာ ရုပ်ဆိုးပါတယ်၊ သူ့မျက်နှာဟာ နကိုယ်ပတိကပင် ကြောက်စရာကောင်းလှပါသည်။ စိတ်ဆိုး ဒေါသထွက်သောအခါ၌ ပြောဖွယ်ရာမရှိတော့ပါ။ အကယ်၍ သူမင်းဖြစ်လျှင် အမျက်ထွက်သောအခါများ၌ သူ့အနားသို့ မည်သူမျှ ကပ်ဝံ့ကြမည်မဟုတ်ပါ။ ထို့ကြောင့် သူ့ကိုကန့်ကွက်ပါတယ် 'ဟု ကျီးကပြော၏။ ခင်ပုတ်သည် ကျီးကို အလွန်စိတ်ဆိုးကာ အများသဘောတူပါလျက် သူက ဖျက်ဆီးရမည်လားဟု နေရာမှာပင် ကျီးကိုထိုးဆိတ် တိုက်ခိုက်လေ၏။ ကျီးများကလည်း ကျီးဘက်မှ ဝိုင်းကူကာ ခင်ပုတ်ကို တိုက်ခိုက်ကြ၏။ ထိုနေ့မှစ၍ ကျီးနှင့် ခင်ပုတ်တို့သည် ရန်ပွဲကြီးဖြစ်လာကြ၏။

ကာလကြာလျှင် ကျီးတို့သည် အကောက်ဉာဏ်ဖြင့် ကျီးတစ်ကောင်ကို အပြစ်ပေးမည်ဟု အတောင်အမွေးများကို နှုတ်ကာ တစ်ကောင်တည်း ပစ်ထား၏။ ထိုကျီးသည် ခင်ပုတ်တို့နေရာသို့သွားကာ 'အဆွေတို့ ငါကို အဆွေတို့ကယ်မှ ချမ်းသာရပါတော့မည်။ ငါ့မှာ နေစရာလည်းမရှိတော့ပါ။ အဆွေတို့နှင့်နေပါရစေ 'ဟု သနားခံ၏။ ခင်ပုတ်တို့ကလည်း ယုံကြည်သနားသောကြောင့် နေ့ဘက်တွင် အတူနေခွင့်ပြုလိုက်သည်။ ညဉ့်သို့ရောက်လျှင်ကား ခင်ပုတ်တို့၏ နေရာအိပ်ရာကို အသိမပေးလို၍ အတူအိပ်ခွင့်မပြုချေ။ သို့သော် ကျီးကလည်း ပရိယာယ်နှင့် လာသည်ဖြစ်၍ ခင်ပုတ်တို့နှင့် အတူအိပ် ခွင့်ရရန်အတွက် 'ညဉ့်ဘက်များ၌ ကျီးတို့သည် သူ့အားလာရောက်၍ ထိုးဆိတ်ကြသည်'ဟု လည်ဆည်၍ပြော၏။

ခင်ပုတ်တို့ သနား၍ ထိုကျီးကို သူတို့နှင့်အတူ အိပ်ခွင့်ပြုလိုက်လေ၏။ ထိုအခါ ကျီးသည် သူ၏အဖော်ကျီးများရှိရာသို့ ပြန်သွား၍ ခင်ပုတ်တို့ အိပ်သည့်နေရာကို ညွှန်ပြလျက် ကျီးတို့သည် မီးစများကို ကိုက်ချီယူဆောင်လာကြပြီးလျှင် ခင်ပုတ်တို့နေသည့် အသိုက်ထဲသို့ ပစ်ချကြလေ၏။

ခင်ပုတ်တို့သည် အသိုက်များ မီးလောင်ကာ အားလုံးသေကျေပျက်စီးခြင်းသို့ ရောက်ကြရလေ၏။

'ချစ်သားတို့ ထိုကာလမှစ၍ ခင်ပုတ်နှင့်ကျီးတို့သည့် ကမ္ဘာရန်ကြီးကို ဆင်နွဲ့လာကြသည်မှာ ယနေ့တိုင်ပင် ဖြစ်ကြလေတည်း ' ဟု ဟောကြားတော်မူလေ၏။

(ဤသို့သော အဖြစ်ကို ရည်ရွယ်၍ 'ကမ္ဘာရန်' ဟူသောစကားပုံကို ယနေ့တိုင် သုံးစွဲလာကြခြင်း ဖြစ်လေသတည်း)

**(တိကနိပါတ် ဥလုကဇာတ်တော်)မှ**

## နှုတ်ကြောင့်သေ လက်ကြောင့်ကျေ

ဗာရာဏသီမင်းတစ်ပါးသည် အလွန်စကားများသောကြောင့် ထိုမင်းကို အနီးကပ်ခစားနေရသော အမတ်ကြီးသည် ထိုမင်းကို ဆုံးမစကားပြောဆိုရန်အတွက် အခါအခွင့်ကို စောင့်လျက်ရှိ၏။

တစ်နေ့သောအခါ ဗာရာဏသီမင်းနှင့် ထိုအမတ်ကြီးတို့သည် ဥယျာဉ်တော်သို့ ထွက်လာရင်းဖြင့် သရက်ပင်တစ်ပင်အောက်၌ ခေတ္တနားကြ၏။ ထိုအခါ သရက်ပင်ထက်၌ရှိသော ကျီးသိုက်ထဲ၌ ဥဩမတစ်ကောင်က ထားခဲ့သည့် ဥဩဥတစ်လုံးကို ကျီးမသည် သူ၏ဥအမှတ်ဖြင့် စောင့်ရှောက်ထားခဲ့ရာမှ ဥဩငယ်ပေါက်ဖွားသောအခါမှာလည်း ကျီးမသည် သူ၏သားသမီးအမှတ်ဖြင့် အစာရှာဖွေကျွေးမွေးထားသည့် ဥဩငယ် တစ်ကောင်ရှိလေ၏။

ကျီးမစောင့်ရှောက်ထားသည့် ဥဩငယ်သည် အတောင်အမွေးလည်း မစုံသေး၊ တွန်ကျူးရန်အချိန်လည်း မရောက်သေးပါလျက် ဥဩသံကိုပေး

လိုက်လျှင် ကျီးမသည် ယခုကပင် ကျီးမဟုတ်သောအသံကို မြည်သည်။ ကြီးပြင်း၍အရွယ်ရောက်လာလျှင် မည်သို့ပြုမည်မသိဟုတွေးကာ ဥသြ ငယ်ကို နှုတ်သီးဖြင့်ပေါက်သတ်၍ အသိုက်မှ ပစ်ချလိုက်လျှင် ဗာရာဏသီ မင်းကြီး၏ ရှေ့မှောက်သို့ကျလာ၏။ မင်းကြီးသည်လည်း အကြောင်းဘယ် သို့ ပါနည်းဟု သိလို၍ အမတ်ကြီးအား မေး၏။

ထိုအခါ အမတ်ကြီးသည် အကြောင်းတိုက်ဆိုင်လာပြီဟု မင်းကြီး ကို ပညာပေးစကား လျှောက်ထားသည်မှာ 'အရှင်မင်းမြတ် ဤဥသြ ငယ်သည် ဥသြမကမွေးသည့် ဥသြငယ်ဖြစ်ပါသော်လည်း အချိန်အခါ မဟုတ်မီ ဥသြသံကို မြည်မိသောကြောင့် ကျီးမက သူ၏သားမဟုတ်ကြောင်း ကိုသိကာ နှုတ်သီးဖြင့် ထိုးပေါက်ဆိတ်သတ်ကာ ကျီးသိုက်ထဲမှ ချလိုက် ခြင်း ဖြစ်ပါသည်။ အရှင်မင်းမြတ် လောက၌လည်း ကာလ၊ ဌာန၊ ပမာဏ (အချိန်၊ နေရာ၊ အတိုင်းအရှည်အနည်းအများ) ကို မသိရှိဘဲ စကားပြော ခြင်းသည် ဤဥသြငှက်ပျက်စီးသွားရသကဲ့သို့ ပျက်စီးကြရမြဲဖြစ်ပါသည်။ မကောင်းမသင့်လျော်သော စကားသည် ထက်စွာသောဓား၊ ပြင်းစွာသော အဆိပ်တို့ထက်၊ သေစေနိုင်ပါ၏။ ထို့ကြောင့် စကားပြောခြင်းသည် ကာလ၊ ဌာန၊ ပမာဏကိုကြည့်ပြီးမှ အချက်ကျကျပြောဆိုခြင်းသာ အောင်ကြောင်း ဖြစ်ပါသည်'ဟု လျှောက်ထားလိုက်လေ၏။

ဗာရာဏသီမင်းကြီးသည် ထိုအခါမှစ၍ စကားများများပြောဆို ခြင်းကို ဆင်ခြင်ကာ ပညာရှိအမတ်ကြီးကိုလည်း ကြီးစွာချီးမြှောက်ခြင်းကို ပြုလေ၏။

ထိုသင်ခန်းစာကို ကြည့်၍ လူတို့သည် ဆုံးမစကားပြောဆိုကြ ရာ၌ –

"နှုတ်ကြောင့်သေ၊ လက်ကြောင့်ကျေ

စကားများလျှင် အမှားပါသည်
ဟောင်လွန်းသောခွေး လူမလေး”
ဟူသော စကားပုံများကို အသုံးပြုပေါ်ပေါက်လာရခြင်း ဖြစ်ပေ၏။

**(စတုကနိပါတ် ကောကာလိကဇာတ်တော်)မှ**

## ခွေးစကားယုံသည့် ပုဏ္ဏား

လွန်လေပြီးသောအခါက ဗာရာဏသီပြည်ရှိ သုဿန်တောအုပ်၌ ဂေါတမဘုရားအလောင်းတော်သည် ရုက္ခစိုးနတ်ဖြစ်နေလေ၏။ တစ်နေ့သောအခါ ဗာရာဏသီမြို့တော်၏ နက္ခတ်ပွဲသဘင်ကြီးကျင်းပရန်အတွက် မြို့သူမြို့သားတို့သည် ခရီးလမ်းဆုံလမ်းမများ၌ အစားအသောက်၊ အချိုအချဉ်၊ ငါး၊ အမဲစ သည်တို့ကို ကြဲဖြန့်ထား၏။ နတ်တို့အား ပူဇော်မည့်ပွဲများကိုလည်း ခင်းကျင်းပြင်ဆင်ထားကြ၏။ ခွက်အကြီးအငယ်များ၌လည်း များစွာသော သေရည်တို့ကို ထည့်ထားကြ၏။

ထိုည၏ သန်းခေါင်အချိန်၌ မြေခွေးတစ်ကောင်သည် ရေပြွန်ပေါက်မှနေ၍ မြို့တွင်းသို့ ဝင်ကာ လူတို့ကြဲဖြန့်ထားသည်တို့အား စားသောက်ကာ သေရည်များကိုလည်း များစွာသောက်လျက် ချုံကွယ်တစ်ခုထဲသို့ ဝင်ကာ အိပ်၏။ ဤသို့ဖြင့် မြေခွေးသည် မိုးလင်းသည်အထိ အိပ်နေရာမှ မနိုးဘဲ ရှိလေ၏။

လူတို့၏ အသံများကိုကြားမှ နိုးလာသည့် မြေခွေးသည် အိပ်နေသည့် ချုံထဲမှ မထွက်ဝံ့တော့ဘဲ ပုန်းလျှို၍ ဝပ်ကာနေလေ၏။ ထိုအခါ၌ ပုဏ္ဏားတစ်ယောက်သည် မျက်နှာသစ်မည်ဟု မြေခွေးရှိသည့် ချုံအနီးသို့ ရောက်လာလေသည်။ ပုဏ္ဏားလာနေသည်ကို မြင်လျှင် မြေခွေးသည်

"ပုဏ္ဏားတို့မည်သည် ဥစ္စာ၌ တပ်မက်တတ်ကြသည်။ ငါသည် ဤပုဏ္ဏားကို ဥစ္စာဖြင့် ဖြားယောင်းကာ ဤနေရာမှ လွတ်မြောက်အောင် ကြံရတော့မည်" ဟုတွေးကာ 'အသင်ပုဏ္ဏား'ဟု အသံပေးလိုက်၏။ ပုဏ္ဏားသည် ဟိုမှသည်မှ စောင်းငဲ့ကြည့်ကာ 'ငါ့ကိုခေါ်တာ ဘယ်သူလဲ'ဟုမေးလိုက်သည်။ မြွေခွေးက ပြန်ဖြေသည်။

"ငါခေါ်တာ ပြောစရာရှိလို့"

"ဘာပြောမှာလဲ မြန်မြန်ပြော"

"ငါ့မှာဝှက်ထားတဲ့ ငွေအသပြာနှစ်ရာရှိတယ် ယူမလား"

"ယူမယ် ဘယ်မှာလဲ"

"မြို့ပြင်မှာ ငါထားတယ်၊ ငါ့ကို မြို့ပြင်ရောက်အောင်ခေါ်သွား၊ဝှက်ထားတဲ့နေရာက ငါယူပေးမယ်"

ပုဏ္ဏားသည် လောဘစိတ်ဖြင့် မြွေခွေးစကားကို ယုံကြည်ကာ သူယူလာသည့် အဝတ်ဖြင့် မြွေခွေးကို ထုပ်ကာ မြို့ပြင်သို့ ယူသွားလေ၏။ မြို့ပြင်သို့ရောက်လျှင် မြွေခွေးက 'အသင်ပုဏ္ဏား ငါ့ကို သုသာန်မြေသို့ ပို့ပေးပါ။ ငါဝှက်ထားသည့်နေရာသည် သုသာန်တွင်းမှာ ဖြစ်သည်' ဟု ဆို၍ ပုဏ္ဏားသည် ကလေးငယ်ကို ယုယစွာဖြင့် ထွေးပိုက်သကဲ့သို့ မြွေခွေးကိုလည်း ပိုက်ပွေ့ကာ သုသာန်မြေသို့ ပို့လေ၏။

(သုသာန်တွင် လူသေတို့အသားကိုစား၍ တွင်းအောင်းနေတတ် နေလေ့ရှိသည့် မြွေခွေးတစ်မျိုးနှင့် ခွေးအ–များနေလေ့ရှိကြသည် ဖြစ်ရာ ဤမြွေခွေးသည် တွင်းအောင်းတတ်သော မြွေခွေးမျိုးဖြစ်သောကြောင့် နေ့အလင်းရောင်ကို အလွန်ကြောက်တတ်ကြ၏။)

သုသာန်သို့ရောက်လျှက် ပုဏ္ဏားသည် အဝတ်ကိုဖြည်၍ မြွေခွေးကို မြေပေါ်သို့ ချပေး၏။ မြွေခွေးသည် မြေပေါ်သို့ရောက်သည်နှင့် 'အသင်

ပုဏ္ဏား မြေပေါ်၌ အဝတ်ကို ဖြန့်ခင်းထားပါ’ဟုပြော၏ ပုဏ္ဏားကလည်း မြေခွေးဆိုသလိုလုပ်၏။ ပြီးလျှင် မြေခွေးက ‘အသင်ပုဏ္ဏား ဟောဟိုသစ်ပင် ရင်းမှာ တူးပါ’ဟု ညွှန်ပြ၏။ ပုဏ္ဏားသည်လည်း တူးလေ၏။ ထိုသို့ မြေခွေး ဆိုသမျှ ပုဏ္ဏားဆောင်ရွက်နေသည့်အခိုက် မြေခွေးသည် ပုဏ္ဏားဖြန့်ခင်း ထားသည့် အဝတ်ပေါ်၌ထိုင်ကာ ကျင်ကြီးကျင်ငယ်တို့ကို စွန့်၍ သုသာန် ၏ တောအုပ်ထဲသို့ ဝင်ပြေးလေ၏။

ထိုအခါ ရက္ခစိုးနတ်သည် ပုဏ္ဏားကို ကိုယ်ထင်ရှားပြလျက်‘အို ပုဏ္ဏားကြီး သေရည်မူး၍ ထင်ရာပြောသော မြေခွေးစကားကို သင်ယုံကြည် သလော၊ မြေခွေးမှာ အသပြာနှစ်ရာမဆိုထားနှင့် ယောက်သွား၊ ယောက်ခွံ ပင် နှစ်ရာမရှိလေ ’ဟု ဆိုပြီးကာမှ ‘ပုဏ္ဏားကြီးပြန်လေတော့ သင့်အဝတ် ကို စင်ကြယ်သန့်ရှင်းအောင် ဖွပ်လျှော်ပြီး ရေချိုးပါ သင်လုပ်စရာရှိတာကို လုပ်ပါ’ဟု သတိပေးပြီးလျှင် ကွယ်လေ၏။ ပုဏ္ဏားသည်လည်း ‘ငါသည် မြေခွေးစကားကို ယုံမိလေခြင်း’ဟု နောင်တရစွာဖြင့် နှလုံးမသာမယာ ဖြစ်ကာ သုသာန်မြေမှ ထွက်ခွာလာလေရှာသတည်း။

(ဤပုံပြင်ကို သင်ခန်းစာယူ၍ နှောင်းလူတို့သည် ခွေးစကား ယုံသောပုဏ္ဏား ဟူသည့် စကားပုံကို အသုံးပြုလာကြလေ၏။)

**(နိပါတ်တော်စကားပြေ၊ သိင်္ဂါလဇာတ်) မှ**

## ကျည်ပွေ့အတက်ပေါက်

ပုဂံပြည် ကျစွာမင်းကြီးလက်ထက် သက္ကရာဇ် ၅၉၆–ခုနှစ်မှ ၆၁၂ ခုနှစ်၌ ပိဋကတ်စာပေ မလေ့လာသော အသက် ၆၀ အရွယ် ရဟန်း အိုကြီးတစ်ပါး ရှိခဲ့လေသည်။ ထိုရဟန်းအိုကြီးသည် သူ၏ ရဟန်းဘဝ

တစ်လျောက် နေ့စဉ်သွားတိုက်သော ဒန်ပူချောင်းများကို ကျောင်းအောက်ရှိ မြေတွင်းထဲသို့ ပစ်ချထားလေ့ရှိ၏။

တစ်နေ့သောအခါ ထိုရဟန်းအိုကြီးသည် ဒန်ပူများနှင့်ပြည့်နေသည့် မြေတွင်းကိုကြည့်ကာ 'ငါနေ့ စဉ်ပစ်ချခဲ့သော ဒန်ပူချောင်းများသည်ပင် ယခုအခါတွင်း ပြည့်နေလေပြီ။ ငါသည် စာပေ၌ မွေ့လျော်ခြင်းမရှိဘဲ အမှတ်မဲ့နေခဲ့ချေသောကြောင့် စာပေမတတ်ရှိချေပြီ။ နေ့စဉ်မှန်မှန် ဒန်ပူ တစ်ထောက်စာမျှ စာလုံးတို့ကို လေ့ကျက်သွားလျှင် ဘာ့ကြောင့် စာပေ မတတ်ရှိမည်နည်း 'ဟုတွေးမိကာ စာသင်တော့မည်ဟု ခိုင်မာစွာ ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ကျစွာမင်းကြီးထံကြွ၍ စာသင်လို၍ ကန့်ကူဆံလှူပါဟု မင်းကြီးထံ အလှူခံရာတွင် 'အရှင်ဘုရား အရွယ်လွန်ပါပြီ။ ခုချိန်မှ စာသင်နေလျှင် တတ်မြောက်တော့မည်မဟုတ်၊ ကျည်ပွေ့သာလျှင် အတက်ပေါက်ချင် ပေါက်လိမ့်မည်'ဟု ပြက်ရယ်ပြုကာ လျှောက်လိုက်သော်လည်း ကန့်ကူဆံများကိုမူ အလိုရှိသလောက်လှူလိုက်လေ၏။ ရဟန်းကြီးသည် ဘုရင်က ပြက်ရယ်ပြုလိုက်သည်ကို စိတ်တွင်မှတ်လျက် နေ့စဉ်မှန်မှန် ဒန်ပူတံတစ်ချောင်းစာမျှသော စာလုံးများကို ကျေညက်အောင် သင်အံ လေ့ကျက်လာရာ ကာလအတန်ကြာလေလျှင် ရည်မှန်းချက် ပြည့်မြောက်လာသည် အထိ စာပေတတ်မြောက်၍လာလေ၏။

ထိုအခါ ကျစွာမင်းကြီး ပြက်ရယ်ပြုလိုက်သည့် စကားကို ချေပလိုသဖြင့် ကျည်ပွေ့တစ်ခုကို အစို့အညှောက်အတက်များပေါက်လာသကဲ့သို့ ဖန်တီးကာ မင်းကြီးထံသို့ ကြွသွား၍ ပြလေ၏။ ကျစွာမင်းကြီးလည်း ထူးဆန်းသော ရဟန်းကြီး၏ အပြုအမူကို အံ့သြလျက်ရှိနေစဉ် 'ဒါယကာ မင်းမြတ် ဒါယကာထံမှာ ကန့်ကူဆံအလှူလာခံစဉ်က ကျည်ပွေ့သာလျှင်

အတက်ပေါက်ချင်ပေါက်လိမ့်မည်ဟု ပြက်ရယ်ပြုသည်ကို မှတ်မိသလော။ ယခု ကျည်ပွေ့က အတတ်ပေါက်လာလေပြီ။ မေးလိုရာမေးလေတော့’ ဟု မိန့်ကြားသောအခါမှ မင်းကြီး မှတ်မိလေသည်။

ဤရဟန်းကြီးကား ကျစ္စာမင်းကြီးလက်ထက်တွင် ‘ဒိသာပါမောက္ခ’ ဘွဲ့တံဆိပ်တော်ဖြင့် ချီးမြှောက်ပူဇော်ခြင်းကို ခံယူရရှိသော ဘုန်းတော်ကြီး ဦးကျည်ပွေ့ပင် ဖြစ်လေသတည်း။

ဤဖြစ်ရပ်ကို အကြောင်းပြု၍ နောင်သောအခါတွင် ‘ကျည်ပွေ့က အတက်ပေါက်သည်’ဟူသော စကားပုံကို အသုံးပြုလာကြလေ၏။

**(မဟာရာဇဝင်ကြီး)မှ**

## ချီးမွမ်းခုနှစ်ရက် ကဲ့ရဲ့ခုနှစ်ရက်

ဘုရားရှင်သည် ကောသမ္ဗီပြည် သူဌေးကြီးဃောသက ဆောက်လုပ်လှူဒါန်းသော ဃောသိတာရုံကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေတော်မူသောအခါ ကောသမ္ဗီမြို့တွင်းသို့ လှည့်၍ နောက်ပါအရှင်အာနန္ဒာနှင့်တကွ သံဃာတော်များကို ဦးဆောင်ကာ ဆွမ်းခံထွက်ကြွတော်မူလေ့ရှိ၏။

ထိုကာလ၌ ကောသမ္ဗီပြည်၏မင်းသည် ဥတေနဖြစ်လေ၏။ ဥတေနမင်းတွင် ဥဇ္ဇေနီပြည်ဘုရင်မင်းမြတ်၏ သမီးတော် ‘ဝါသုလဒတ္တာ’ ကောသမ္ဗီပြည်သူ ဃောသကသူဌေးကြီး၏ မွေးစားသမီး သာမာဝတီနှင့် မာဂဏ္ဍီဟူသော ပုဏ္ဏားကြီး၏သမီး မာဂဏ္ဍီမိဖုရားဟူ၍ မိဖုရား သုံးပါးရှိ၏။

မာဂဏ္ဍီသည် သူပျိုရွယ်စဉ်အခါက သူ့ဖခင်ပုဏ္ဏားကြီးက ဘုရားရှင်ကို ဘုရားရှင်မှန်းမသိ၍ ရဟန်းကြီးတစ်ပါးဖြစ်သည်ဟူသော အမှတ်ဖြင့် ဘုရားရှင်ကို အခမ္ဗသမက်ဖမ်းသောအခါ ‘ကျင်ကြီးကျင်ငယ်တို့နှင့် ပြည့်နေ

သည့် သင့်သမီးကို ငါအလိုမရှိ’ ဟု တရားဟောလိုက်သည်ကို နာကျည်းသောစိတ်ဖြင့် အခွင့်ကြုံလျှင် လက်စားချေမည်ဟု ဘုရားရှင်အား အညိုးထားလေ၏။

ထို့ကြောင့် ကောသမ္ဗီမြို့တွင်းသို့ ဘုရားရှင်အမှူးပြုသည့် သံဃာတော်များ ဆွမ်းခံကြွတော်မူလာသောအခါ မာဂဏ္ဍီသည် မိဖုရားတစ်ဦး၏ အာဏာကို အသုံးပြုကာ မြို့သူမြို့သားများအား တံစိုးလက်ဆောင်များပေး၍ သူ၏အမှုလုပ်ယောကျ်ားများနှင့်အတူ ဆွမ်းခံကြွလာတော်မူသည်ကို တွေ့သည်နှင့် ဝိုင်း၍ဆဲဆိုကြ၊ ထွက်ပြေးသွားရအောင် လုပ်ကြဟုစေခိုင်း၏။ မာဂဏ္ဍီမိဖုရားက စေခိုင်းသည့်အတိုင်း ဆွမ်းခံကြွလာတော်မူသည့် ဘုရားရှင်နှင့် နောက်ပါသံဃာတော်များအား ‘ကုလားအုပ်တွေ၊ နွားတွေ လူမိုက်တွေ၊ ခိုးသားတွေ တိရစ္ဆာန်တွေ’ ဟု အော်ဟစ်ကာ ဆွမ်းခံကြွရာနောက်သို့ တကောက်ကောက် လိုက်ပါ၍ ဆဲဆိုရေရွတ်ကြလေ၏။

ကောသမ္ဗီသို့ ဗုဒ္ဓသာသနာတော်ရောက်သည်မှာ အခြားသော သာဝတ္ထိ၊ ရာဇဂြိုလ် စသည့် တိုင်းပြည်များထက် နောက်ကျသည်ဖြစ်၍ ကောသမ္ဗီတွင် သာသနာတော်သည် မဖွံ့ဖြိုးသေးဘဲ အယူလွဲမှားနေသည့် မိစ္ဆာဒိဋ္ဌိ အင်အားက များပြားနေသောကာလဖြစ်၏။

ဤသို့ဖြင့် ဆွမ်းခံကြွလာသော နေရာတိုင်း၌ နောက်မှတကောက်ကောက်လိုက်ကာ ဆဲရေးနေကြသည်ကို အရှင်အာနန္ဒာသည် ကြားရဖန်များလာလျှင် သည်းခံနိုင်စွမ်းမရှိတော့၍ ဘုရားရှင်အား လျှောက်ထားတော်မူလေ၏။

“ဘုန်းတော်ကြီးသောဘုရား ကောသမ္ဗီပြည်သူပြည်သားတို့သည် တပည့်တော်တို့ ဆွမ်းခံကြွရာနောက်သို့လိုက်ကာ ဆယ်ပါးသော ဆဲရေးခြင်းစကားတို့ဖြင့် ရေရွတ်ကြပါသည်ဘုရား၊ ဒီအရပ်မှာ မနေလိုတော့ပါ။

တခြားသောအရပ်သို့ ရွှေ့ပြောင်းထွက်ခွာသင့်ကြောင်းပါဘုရား ”

ထိုအခါ ‘ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အာနန္ဒာ အဘယ်အရပ်သို့ ထွက်ခွာလိုသလဲ အာနန္ဒာ’ဟု မေးတော်မူလေ၏။

“ဘုန်းတော်ကြီးတော်မူသောဘုရား ကောသမ္ဗီမှလွဲလျှင် မည်သို့သော အရပ်ဒေသကိုပဲ ဖြစ်ပါစေ သွားလိုပါသည်ဘုရား”ဟု အရှင်အာနန္ဒာက ပြန်၍လျှောက်သည်။ ထိုအခါ ဘုရားရှင်သည် အရှင်အာနန္ဒာအား ထပ်၍ မိန့်တော်မူပြန်၏။

“အာနန္ဒာ နောက်ထပ်ရွှေ့ပြောင်းသွားတဲ့အရပ်မှာ သည်အတိုင်း ဆဲရေးတတ်သူတွေနှင့် တွေ့ပြန်လျှင် ငါတို့သည် ဘယ်ဒေသ၊ ဘယ်အရပ်ကို သွားကြမည်နည်း အာနန္ဒာ ”

“ဘုန်းတော်ကြီးတော်မူသောဘုရား ဤကဲ့သို့ ဆဲရေးသူများနှင့် တွေ့ပြန်လျှင် အခြားတစ်ပါးသောအရပ်သို့ ထပ်မံ၍ ဖယ်ခွာသွားပါမည်ဘုရား”

ထိုအခါမှ ဘုရားရှင်သည် အရှင်အာနန္ဒာအား ဆိုဆုံးမတော်မူလေသည်မှာ ‘အာနန္ဒာ ဤသို့ တစ်နေရာပြီး တစ်နေရာသို့ ဖယ်ခွာရှောင်ရှားသွားခြင်းသည် မသင့်လျော်ချေ။ အဓိကရုဏ်းတစ်ခုသည် ဤအရပ်မှာ ဖြစ်လျှင် ဤအရပ်မှာပဲ ဖြစ်ပေါ်လာသော ထိုအဓိကရုဏ်းကို ငြိမ်းစေရမည်။ ဆဲရေးကြသူများသည် အဘယ်သူတို့နည်း အာနန္ဒာ ’

“ဘုန်းတော်ကြီးသောဘုရား ကျွန်အမှုလုပ်တွေရော လူအမျိုးတို့ပါ ဆဲရေးကြပါသည်ဘုရား ”

‘အာနန္ဒာ ငါဘုရားသည် စစ်မြေပြင်သို့ရောက်နေသည့် ဆင်ပြောင်ကြီးနှင့်တူပေသည်။ စစ်မြေပြင်သို့ ရောက်နေသည့် ဆင်ပြောင်ကြီးကား အရပ်လေးမျက်နှာမှ ပစ်လွှတ်ကြသည့် မြားတို့ကို သည်းခံရပေမည် အာနန္ဒာ၊

ဘာကိုမျှ စိုးရိမ်ပူပန်မှု မရှိလေနှင့် အာနန္ဒာ၊ ဤသူတို့သည် ခုနစ်ရက်မျှသာ ဆဲရေးနိုင်ကြလိမ့်မည်။ ကဲ့ရဲ့နိုင်ကြလိမ့်မည် ထို့ထက်ပို၍ ကဲ့ရဲ့နိုင်ကြလိမ့်မည်မဟုတ်။ ရှစ်ရက်မြောက်သောနေ့တွင် တိတ်ဆိတ် သွားကြလိမ့်မည်’ဟု မိန့်တော်မူလေသတည်း။

(ဤသင်ခန်းစာကို အကြောင်းပြု၍ နောင်လူတို့သည် ‘ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်’ဟူသော စကားပုံကို အသုံးပြုလာကြလေသတည်း)

**(ဓမ္မပဒ ပထမတွဲ) မှ**

## ကျီစားသန်ရန်

ပုဂံပြည်တွင် သက္ကရာဇ် ၆၁၇–၆၄၈ တွင် မင်းပြုသည့် တရုတ်ပြေးမင်းခေါ် (နရသီဟပတေ့မင်း) တွင် သူအလွန်ချစ်ခင်မြတ်နိုးသည့် ‘စောလုံ’ ဟူသော မိဖုရားငယ်တစ်ပါးရှိသည်။ မိဖုရားစောလုံသည် ရှမ်းအမျိုးသမီးဖြစ်သည် ငယ်ရွယ်သူဖြစ်၍ စိတ်ဆတ်သည်၊ စိတ်မြန်သည် စိတ်နောက်ကိုယ်ပါလုပ်တတ်သည်။ တစ်နေ့သော ရေကစားပွဲတွင် မင်းမိဖုရား၊ အခြံအရံ စသည်များဖြင့် မင်းကြီးသည် ပျော်ရွှင်စွာ ရေကစားရင်း မောင်းမငယ်တစ်ယောက်အား အပါးသို့ခေါ်ယူကာ မိဖုရားစောလုံကို တစ်ကိုယ်လုံးရေရွှဲနစ်သွားလေအောင် ရေကစားစေဟု ခိုင်းလိုက်၏။

မောင်းမငယ်သည် မင်းကြီးကခိုင်းသည်ဖြစ်၍ မိဖုရားစောလုံအား ကြမ်းတမ်းစွာဖြင့် ရေဖျန်းပက်၍ကစားလျှင် မိဖုရား၊ အပျိုတော်စသည်တို့က ပျော်ရွှင်စွာဖြင့် လပ်ခုပ်လက်ဝါးတီးကာရယ်ကြ၏။ ဤအဖြစ်ကို စိတ်ဆတ်သော မိဖုရားစောလုံသည် အလွန်ရှက်နာခံပြင်းသွားမိ၍ မင်းကြီး ငါ့ကို

လုပ်ရက်သည်ဟု ရန်ငြိုးထားလေ၏။ ဘုရင်မင်းမြတ်တို့၏ နန်းဓလေ့တွင် ချစ်ခင်သောမိဖုရားများက အလှည့်ကျစနစ်ဖြင့် ပွဲတော်စာကိုဆက်ကြရသည် ဖြစ်၍ တစ်နေ့တွင် မိဖုရားစောလုံက ပွဲတော်စာဆက်ရသောနေ့သို့ ရောက် လာ၏။ အခဲမကျေသောစောလုံသည် မင်းကြီးစားတော်ပွဲကို အဆိပ်ခတ် လိုက်၏။ မင်းကြီးစားမည်ပြုလျှင် အနီးမှာရှိနေသည့် မင်းကြီး၏ အချစ် တော်ခွေးကလေးက 'နှာချေလေ၏'

ခွေးနှာချေလျှင် နိမိတ်မကောင်းဟု အယူရှိသောမင်းကြီးသည် သူ စားမည့် စားတော်ပွဲကို ခွေးအားကျွေးလိုက်သည်။ ခွေးသည် အစာစားပြီး သည်နှင့် နေရာမှာပင် သေလေ၏။ မင်းကြီးက စစ်မေးသောအခါ မိဖုရား စောလုံသည် ရဲရင့်စွာဖြင့် မကွယ်မထောင်ဘဲ 'ဟယ် ပန်းပွတ်သည်မြေး နင် ငါ့ကို လူအများရှေ့မှာ အရှက်တခွဲဖြစ်အောင် လုပ်သည်ကို စိတ်နာ၍ ငါကြံစည်သည်'ဟုဆို၏။

(တရုတ်ပြေးမင်း၏ မိခင်သည် သာမညတောအုံချုံကြားမှာနေသည့် ပန်းပွတ်သည်တစ်ဦး၏ သမီးဖြစ်၏။ ရုပ်အဆင်းလှသည် ဖြစ်၍ ဥဇနာ မင်းကြီး တိုင်းခမ်းလှည့်လည်ရာတွင် မြစ်သာရွာအရောက်၌ တွေ့ရှိ၍ ကောက်ယူတော်မူလာသည်။ ချစ်မြတ်နိုးသောကြောင့် မပြတ်ခစားစေရ သည်။ သားတော်ကလေးဖွားလျှင် ပန်းပွတ်သည်သမီးကို မိဖုရားမြှောက် သည်။ သားတော်ကို ဦးရှီးတော်သည့် (ပန်းပွတ်သည်၏သား) ရဟန်းထံ တွင်အပ်ကာ ပညာသင်ယူစေသည်။ ဤသားတော်ကို ဥဇနာမင်းကြီးသည် ချစ်မြတ်နိုးလွန်းသောကြောင့် နာမည်ပင်မပေးဘဲ 'ခွေးချေးကလေး'ဟု သနားတွယ်တာစွာ ခေါ်ဝေါ်ခဲ့လေသည်။) မင်းကြီးသည် မိဖုရားစောလုံကို စိတ်ဆိုးလွန်းသောကြောင့် ပန်းပဲသမားတစ်ထောင်တို့ကို ခေါ်ကာ မိဖုရား စောလုံကို သံကျပ်စင်ပေါ်တင်ပြီး 'ကျပ်တင်၍သတ်လေ'ဟု အမိန့်ပေး

လေ၏။ ဤမင်းသည် အလွန်ဒေါသကြီး၏။ ဘုရားရှင် ပုဂံပြည် တန့်ကြည့်တောင်သို့ ကြွလာတော်မူသောအခါ အင်ဖက်သုံးချပ်ကို ထီးသဖွယ်ပြုလုပ်၍ ဘုရားရှင်အား နေရောင်မှကာကွယ်ပေးခဲ့သည်။ တန့်ကြည့်တောင်စောင့်နတ်ဘီးလူးဖြစ်ခဲ့လေသည်။ 'ဤကောင်းမှုကြောင့် ဤတောင်စောင့်နတ်ဘီလူးသည် ငါမရှိသည့်နောက် ဤပြည်၌ မင်းသုံးဆက်ဖြစ်လတ္တံ့'ဟု ဗျာဒိတ်ထားတော်မူခဲ့လေသည်။ ထိုမင်းသုံးဆက်ကား(စလေငခွေးမင်း၊ ကုလားကျမင်း၊ နရသီဟပတေ့မင်း) ဟူ၍ မင်းသုံးကြိမ်ဖြစ်ခဲ့၏။ ဖြစ်ခဲ့သော ဘဝတိုင်း၌လည်း အဆင်ခြင်တရားမဲ့စွာဖြင့် ဒေါသကြီးခဲ့သည်မှာ ဘီလူးဘဝမှ လာသည်ဖြစ်သောကြောင့်ဟု သမိုင်းဆရာများကဆို၏။)

မိဖုရားစောလုံသည် သူသတ်တို့အား ရွှေငွေများစွာပေး၍ (သံကျပ်စင်ကို ခုနှစ်ရက်ကြာအောင်ဆောက်ပါ သံကျပ်စင်မပြီးမခြင်း သူသည် သီလဆောက်တည်၍ အဘိဓမ္မာနတရားတော်ကို နာယူမည်) ဟုမှာကြားလေ၏။ သူသတ်တို့လည်း ပြောသည့်အတိုင်း ဆောင်ရွက်ပေး၏။ ထို့ကြောင့် မိဖုရားစောလုံသည် ခုနစ်ရက်၏ နေ့ရောညပါ 'ဣတိပိသော သွက္ခာတော သုပ္ပဋိပန္နော' အစရှိသည့် ရတနာသုံးပါး၏ ဂုဏ်တော်ကျေးဇူးကို အောက်မေ့လျက် ဆောက်တည်ကာနေ၏။

ခုနစ်ရက်စေ့လျှင် ပုတီးကို လက်မှာစွဲလျက် ရဲရဲတောက်နေသည့် သံကျပ်စင်ပေါ်သို့ တုန်လှုပ်ခြင်းကင်းစွာဖြင့် တက်ရောက်သည်။ 'ငါသည် မီးသုံးကြိမ်သေသွားပြီးသည်၏နောက်မှ ခဏချင်း ကျွမ်းပါစေသတည်း' ဟု ဆုတောင်းသည်။ တောင်းသည့်ဆုအတိုင်းလည်း ပြည့်စုံသည်။ မင်းကြီးသည် မိဖုရားစောလုံ အနိစ္စရောက်သွားပြီးနောက် စက်မပျော်ဖြစ်ကာ 'စောလုံ ငါ့ကို ခစားပါလှည့် လာပါလှည့်'ဟု မကြာခဏ ယောင်ယမ်းသည်။ 'စောလုံဘယ်မှာလဲ ’ဟု တမ်းတလျှင် မိဖုရားကြီးဖွားစောက

အရှင်ပင်လျှင် စောလုံကို မျက်တော်မူလိုက်ပြီမဟုတ်လော’ဟုလျှောက်၏။ မင်းကြီးသည် စက်တော်မခေါ် ပွဲတော်မတည်နိုင်ဘဲ များစွာကြေကွဲတော်မူလေ၏။

**(မဟာရာဇဝင်ကြီး ပထမတွဲ) မှ**

(ထိုရာဇဝင်ပါ အကြောင်းအရာကို ကြည့်၍ ‘ကျီစားသန်ရန်’ဟူသော စကားပုံကို နှောင်းလူတို့ အသုံးပြုလာကြလေသတည်း။)

## ကြက်လည်းမသေစေ ယာလည်းညက်စေ

မြန်မာသက္ကရာဇ် ၇၃၂ ခုနှစ်တွင် ကလေးနှင့် မိုးညှင်းတို့စစ်ဖြစ်ကြသည်။ ကလေးကိုစားရသော သိုချည်ဘွားက အင်းဝဘုရင်မင်းကြီးစွာစောကဲထံ ‘ကျွန်ုပ်ကို ကူညီပါ၊ အောင်မြင်လျှင် မိုးညှင်းကို ဆက်ပါမည်’ ဟုလျှောက်လာ၏။ မိုးညှင်းကိုစားရသော စောခုံမှိုင်းကလည်းက ‘ကျွန်ုပ်ကို ကူညီပါ၊ ကလေးကိုဆက်ပါမည်’ဟု မင်းကြီးစွာစော်ကဲထံ လျှောက်သည်။

ထိုကိစ္စကို အဘယ်သို့ပြုမည်နည်းဟု ပညာရှိအမတ်ကြီးစည်းတပြစ်ကို မင်းကြီးစွာက တိုင်ပင်သည်။ အမတ်ကြီးက ‘ကိစ္စတစ်ခုတွင် အမြန်ပြုရသောကိစ္စ၊ အနှေးပြုရသောကိစ္စ ဟူ၍ နှစ်မျိုးရှိပါသည်။ ဤကိစ္စကို ကြည့်သောအခါ သူတို့နှစ်ဘက် အားအင်မတူကြလျှင် အမြန်ပြုရပါမည်။ ယခုတွင် သူတို့သည် အားချင်းတူနေကြပါသည်။ ထို့ကြောင့် နှေးနှေးပင်ပြုတော်မူပါ။ စကားအားဖြင့် ဥပမာပုံတစ်ခုကို လျှောက်ပါမည်။

“လူတစ်ယောက်သည် တောစပ်၌ လယ်ထွန်စဉ် တောကြက်နှစ်ကောင်တို့ ခွပ်နေကြသည်ကိုမြင်လျှင် အမြန်သွားရောက်၍ ဖမ်းယူပါက

ကြက်များ မောပမ်းခြင်းမရှိကြသေးသောကြောင့် လွတ်ထွက်၍ ပြေးသွားနိုင်သည်။ ငါလည်း လယ်ထွန်သည့် အလုပ်ပျက်လိမ့်မည်။ ထို့ကြောင့် 'ကြက်လည်းမောစေ၊ ယာလည်း ညက်စေ'လေအောင် နေစေဦးအံ့ဟု ယာကို ထွန်မြဲထွန်နေ၏။ ယာညက်သောအခါမှ မောပမ်းနေကြပြီးဖြစ်သော ကြက်နှစ်ကောင်ကို သွားရောက်၍ ဖမ်းယူလျက် လွယ်ကူစွာ ဖမ်းရလေ၏။

'ဤသို့ပင် ယခုလည်း ကလေးရော မိုးညှင်းပါတိုက်ကြပါစေဦး နှစ်ဦးလုံး မောပမ်းနွမ်းနယ်လာမှ ချီ၍ သိမ်းယူတော်မူပါလျှင် နှစ်ပြည်လုံးကို အလွယ်နှင့်ပင် ရပါလိမ့်မည်'ဟု တင်လျှောက်၏။ အမတ်ကြီးအကြံပေးသည့်အတိုင်း သင့်မြတ်လှသည်ဟု မင်းကြီးစွာသည်လည်း မည်သူ့အားမျှ မကူညီဘဲ နောင်မှ ချီ၍ သိမ်းပိုက်လျှင် ကလေးနှင့် မိုးညှင်းကိုရလေ၏။ ထိုအခါ စည်းတပြစ်အမတ်ကြီးအား ကလေးနှင့် မိုးညှင်းနှစ်ခုလုံးအား စားစေခွင့်ပေးလေ၏။

(ဤရာဇဝင်လာကိုထောက်၍ နှောင်းလူတို့သည် 'ကြက်လည်း မောစေ၊ ယာလည်းညက်စေ' ဟူသော စကားပုံကို စံပြု၍ သုံးစွဲလာကြလေသတည်း။)

**(မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ) မှ–**

## ကျွမ်းကျင်ရာလိမ္မာ

သာလွန်မင်းတရားကြီးလက်ထက်တွင် မွန်ပညာရှိအမတ်ကြီးဗညားကျန်းတော ဟူ၍ ရှိသည်။ ထိုအမတ်ကြီးသည် အစီအရင်ဖြောင့်မတ်သည်၊ ရက်စက်သည်၊ သနားငဲ့ညှာသည်၊ သည်းခံခွင့်လွှတ်သည်

စသည်ဖြင့် မှတ်တမ်းတင်ခံရသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

ရက်စက်သည်ဆိုရာ၌ အမတ်ကြီးသည် ဆင်ဦးစီးနှင့်အတူ မြစ် တစ်ဖက်သို့ ဆင်စီး၍ ကူးရာတွင် ဆင်သည် ရေနက်ရာ၌ ရေသို့ငုပ်လေ ၏။ ဆင်ဦးစီးသည် ချွန်းချက်ကို မသိသောကြောင့် ချွန်းမချိတ်တတ် ရှိ နေသည်ကို အမတ်ကြီးသိ၍ ဆင်ဦးစီးအား ချွန်းချိတ်ရမည့်နေရာကို ပြော လိုက်သောအခါမှ ဆင်ဦးစီး နားလည်ကာ ချွန်းကိုချိတ်လိုက်တော့၍ ဆင်သည် ရေမငုပ်တော့ဘဲ မြစ်တစ်ဖက်သို့ ရောက်တော့၏။ ထိုအခါ အမတ်ကြီးသည် 'နင်သည် ဆင်ဦးစီးဖြစ်လျက် ချွန်းချက်ကိုမသိရသလော' ဟု ဆင်ဦးစေကို ကွပ်လိုက်၏။

ဤအကြောင်းကို သာလွန်မင်းတရားကြီးသိ၍ အမတ်ကြီးကိုမေး သောအခါ 'ဆင်ဦးစီးသည် ချွန်းချက်ကိုမသိ၍ ဆင်ရေ၌ ငုပ်သည်ကို ကံကောင်း၍ အသက်ချမ်းသာရာရခဲ့သည်။ စစ်ရေး၌ ဤသို့ချွန်းချက်ကို မသိပါက တစ်ဖက်ရန်သူ အောင်မြင်သွားမည် မဟုတ်ပါလော၊ ဤသို့ နားမလည်သူကို ခွင့်လွှတ်ချေက အကျိုးပျက်စီးမည်ဖြစ်၍ ကွပ်ရတော့ သည်'ဟုဆိုလျှင် သာလွန်မင်းတရားကြီး ဆိတ်ဆိတ်နေလေ၏။ သနားငဲ့ ညှာသည်ဆိုရာ၌–

အမတ်ကြီးသည် တစ်နေ့သောအခါ၌ စစ်ကိုင်းဘက်သို့ ကူးသော အခါ မန်ကျည်းရွက်များ နုသောအချိန်ဖြစ်၍ လူအများသည် မန်ကျည်း ပင်သို့တက်ကာ မန်ကျည်းရွက်နုများ ခူးနေကြသည်ကို မြင်လျှင် 'ဤလူ များ၌ သတ္တိရှိသူတစ်ဦးနှစ်ဦးလောက် ရှိတန်ကောင်း၏'ဟု တွေးကာ 'မန်ကျည်းရွက်ခူးနေသူတွေ ဆင်းလာကြစမ်း၊ နင်တို့ကို ရိုက်စမ်းမယ်' ဟု အော်ဟစ်လိုက်လျှင် လူများ ဆင်းကာ ထွက်ပြေးကြ၏။ အမတ်ကြီး နောက်ပါများကလည်း မန်ကျည်းပင်ရင်း၌ ရပ်လျက်ရှိနေကြ၏။ အပင်

ပေါ်၌ ကျန်ခဲ့သူများကို ကြည့်ကာ အမတ်ကြီးက အော်ဟစ်ပြန်၏။ 'အပင်ပေါ်ကျန်နေသူတွေကို လှံနှင့် တက်ထိုးကြစမ်း ' ဟု သူ၏ နောက်ပါးများကို အမိန့်ပေးလျှင် နောက်ပါများက အုတ်ကျောက်လှံတို စသည်များဖြင့် မန်ကျည်းပင်ပေါ်သို့ ပစ်ကြပေါက်ကြ၍ အချို့ဆင်းပြေးလာကြ၏။ သို့သော် ကျန်ခဲ့သော လူတစ်ယောက်ကမူ 'ငါတို့ဆင်းရဲသားတွေ မရှိဆင်းရဲလို့ မန်ကျည်းရွက်ခူးစားသည်ကို ဒီအမတ်ကြီးက နှိပ်စက်ညှဉ်းပမ်းခြင်း ပြုပါကလား၊ ငါ့မှာ ဘာအပြစ်မှ မရှိလို့ ငါမဆင်းဘူး၊ သေချင်လည်း သေပါစေ၊ သတ်ချင်လည်း သတ်ပါစေ' ဟု ဆို၏။

'ဟေ့ကောင် ဆင်းခဲ့ပြောတာ ဘာ့ကြောင့် မဆင်းလာသနည်း၊ နင် သေချင်လို့လား' ဟု အမတ်ကြီးက မေးလျှင် ထိုသူက ပြန်၍ ပြောသည်။ 'အမတ်ကြီးဆိုတာ တိုင်းရေးပြည်ရေး၊ ခိုးသားဓားပြတို့ ဘေးကို စီရင်စစ်ဆေးဖို့ ခန့်အပ်ထားတော်မူသည် မဟုတ်ပါလော၊ မန်ကျည်းရွက်ခူးသူတွေကို စစ်ဆေးစီရင်ဖို့ ခန့်အပ်ထားသည့် အမတ်ကြီးမဟုတ်ချေ။ သို့ပါလျက် သင်နှိပ်စက်လိုသော် ငါမကြောက်၊ လွှတ်ချင်သည့်လက်နက်ကိုလွှတ်၊ ငါအောက်ကို မဆင်း '

ဗညားကျန်းတောအမတ်ကြီးသည် ဤယောကျ်ားကား ရဲရင့်သူပေတည်းဟု သိကာ 'နင် သတ္တိရှိမရှိ သိချင်လို့ ငါစမ်းတယ်၊ နင်သတ္တိရှိတာကို ငါသိရပြီ၊ အသာတကြည် ဆင်းလာခဲ့' ဟု အမိန့်ပေးသောအခါမှ ထိုသူဆင်းလာလျှင် အမတ်ကြီးသည် ထိုသူအား အဝတ်အစား ငွေကြေးစသည်များ ပေး၍ ခေါ်သွားလေသတည်း။

သည်းခံခွင့်လွှတ်သည်ဆိုရာ၌ တစ်ကြိမ်သောအခါ အမတ်ကြီးသည် သာလွန်မင်းတရားကြီး ထွက်တော်မူရာသို့ လိုက်ပါရလေရာ လွန်စွာ ခက်ထန် ကြမ်းကြုတ်သည့်ဆင်ကို စီးလာရန် အမတ်ကြီးကို ပေး၏။

လမ်းသည် ကျောက်အုတ်ခလုတ်သစ်မြစ်သစ်ဆုံ စသည်တို့နှင့် ရောပြွမ်းနေသည့် လမ်းဆိုးလမ်းကြမ်းဖြစ်၏။ အမတ်ကြီးအား ဤလမ်းမှ ဆင်စီးသွားစေရန် ဘုရင်မင်းမြတ်က စီစဉ်ခြင်းသည် အမတ်ကြီးသည် အဘယ်မျှ ချွန်းချက်နိုင်နင်း သိရှိသည်ကို စမ်းသပ်လို၍ ဖြစ်ပေမည်ဟု အမတ်ကြီးက နားလည်လိုက်သည်။

ထို့ကြောင့် အမတ်ကြီးသည် အဟုန်ထန်ပြင်း အားကုန်သွင်းကာ ဆင်ကိုစီးလာရာ ကမ်းပါးတစ်နေရာ၌ မိန်းမတစ်ယောက် ဆီထိုင်ရောင်းလျက် ရှိသည်ကို ဖြုန်းခနဲမြင်လိုက်ရသောအခါမှ အမတ်ကြီးသည် ရုတ်ခြည်း ချွန်းကို သတ်ကာ 'ကံကောင်းလို့ဟယ် ငါချွန်းချက်နိုင်လို့သာနင် မသေတာ'ဟု ပြော၏။ ထိုအခါ ဆီသည်မက 'အို လေး ကျွမ်းကျင်ရာလိမ္မာတာကို ချွန်းချက်နိုင်တယ်လို့ ပြောရသေး' ဆိုပြီး တိုးတိုးပြောသံကို အမတ်ကြီးက ကြားရသောအခါ ကျွမ်းကျင်ရာလိမ္မာသည်ဟု အဘယ်ကြောင့် ပြောရသည်ကို ဆီသည်မအား မေးမြန်းလျှင် ဆီသည်မသည် သူရောင်းချနေသော ဆီဖူးပေါက်ထဲသို့ ဆီတစ်မှုတ်ကို အပေါ်မှ ပင့်မြှောက်ကာ လောင်းချရာ၌ ဆီတစ်စက်မျှပင် အပြင်သို့ ဖိတ်လျှံခြင်းမရှိအောင် သွန်းလောင်း၍ ပြပြီးသောအခါ 'အကျွန်လုပ်နိုင်သကဲ့သို့ အရှင်အမတ်ကြီး လုပ်နိုင်ပါမည်လော'ဟု မေး၏။ ပညာရှိအမတ်ကြီးသည်လည်း ဤဆီသည်မကား ငါ၏အမှားကို သတိပေးဖော်ရပေသည် တကားဟု ခွင့်လွှတ်ကာ ဆုလာဘ်များ ပေးသနားတော်မူလေ၏။

(ထိုအကြောင်းအရာကို မှီ၍ 'ကျွမ်းကျင်ရာလိမ္မာ'ဟူသော စကားပုံကို အသုံးပြုလာကြလေသတည်း။)

**(မော်ဘီဆရာသိန်းကြီး၏ ရေးဖြစ်စာတမ်း)မှ**

## ပျားရည်တစ်စက်ကြောင့် ပြည်ပျက်

ရှေးသောအခါက တိုင်းပြည်ကြီးတစ်ပြည်တွင် ဘုရင်မင်းမြတ်နှင့် ပုရောဟိတ်ပုဏ္ဏားတို့သည် အတူထိုင်၍ ပျားရည်ဆမ်းသောမုန့်ကို မြိန်ယှက်စွာ စားသောက်ရင်းဖြင့် စကားပြောလျက် ရှိ၏။ ထိုအခါ မင်းကြီးစားနေသောမုန့်မှ ပျားရည်တစ်စက်သည် ကြမ်းပြင်ပေါ်သို့ ကျ၏။ ထိုအခါ ပျားရည်စက်ပေါ်သို့ ယင်တစ်ကောင်ရောက်လာ၏။ ထိုယင်ကောင်အား မျက်နှာကျက်ပေါ်တွင် ရှိနေသည့် အိမ်မြှောင်ကမြင်လျှင် အမြန်ပြေးလာကာ ဟပ်ယူ၏။ ထိုအိမ်မြှောင်ကို နန်းကြမ်းပြင်တစ်နေရာ၌ ပုန်းလျှိုးဝပ်နေသည့် ကြောင်က မြင်ပြန်လျှင် ပြေး၍ ဖမ်း၏။ လျင်မြန်စွာဖြင့် ဖြစ်ပျက်နေသမျှအားလုံးအား မင်းကြီးနှင့် ပုရောဟိတ်တို့ ငေးစိုက်ကာ ကြည့်နေခိုက် မင်းအိမ်မှာ မွေးထားသည့် ခွေးသည် ကြောင်ကို မြင်သဖြင့် အပြေးလာ၍ ခုတ်၏။ ကြောင်၏ လက်သည်းများအကြားသို့ ကြောင်ရောက်သွားစဉ် ပုရောဟိတ်ပုဏ္ဏားမွေးမြူထားသည့်ခွေးက ကြောင်ကို အတင်းဝင်ကိုက်တော့၏။ ကြောင်သည်လည်း နေရာတွင်ပင် သေလေ၏။

ထိုအခါမှ ကြောင်ကို ချစ်လှသည့် အိမ်ရှေ့မင်းသားသည် ပုရောဟိတ်ပုဏ္ဏား၏ ခွေးကို သတ်ပြန်၏။ ဤနေရာမှစ၍ ပြဿနာသည် တစ်စထက် တစ်စ ကြီးထွား၍လာကာ မင်းပုဏ္ဏား သူဌေးသူကြွယ်မှစ၍ ဆင်းရဲသားများပါမကျန် သူ့ဘက်၊ ကိုယ့်ဘက် သူ့လူကိုယ့်လူစသည် ဖြင့် ရန်ပွဲများဖြစ်လာကြကာ နောက်ဆုံး၌ တိုင်းပြည်ပါ ပျက်စီးဆုတ်ယုတ်သွားရလေတော့၏။

(ဤဒဏ္ဍာရီစကားလာပုံပြင်ကို စွဲ၍ ပျားရည်တစ်စက်ကြောင့် ပြည်ပျက်သည်ဟူသော စကားပုံကို နှောင်းလူတို့ အသုံးပြုပြောကြားလာကြသည်ဟု ဆိုလေသတည်း။)

**(လောကပညတ္တိကျမ်း) မှ**

## မြွေပါလည်းဆုံး သားလည်းဆုံး

ရှေးသောအခါ ကျေးရွာတစ်ရွာ၌ ခဝါသည် (အဝတ်လျှော်) လင်မယားနှစ်ယောက်တို့ ရှိကြ၏။ သူတို့တွင် နို့စို့အရွယ်သားငယ်တစ်ယောက်နှင့် ယဉ်ပါးလိမ္မာနေသည့် မြွေပါတစ်ကောင် ရှိလေ၏။ ထိုခဝါသည်လင်မယားတို့သည် မြစ်ဆိပ်သို့သွား၍ အဝတ်လျှော်ကြသည့်အခါ မြွေပါအား 'ကလေးကို ကောင်းကောင်းကြည့်ထားနော်'ဟု မှာကြားသွားလေ့ ရှိ၏။ ကလေးသည် မိခင်၏နို့ကိုစို့ကာ အိပ်နေသည်ဖြစ်၍ တစ်ခါတစ်ရံတွင် မိခင်ပြန်လာသောအခါမှ နိုးတတ်လေ၏။ ထို့ကြောင့် ခဝါသည်လင်မယားသည် မြွေပါအား မှာကြားပြီးလျှင် ဤသို့ အဝတ်လျှော်ထွက်သွားကြသည်မှာ အမြဲပင် ဖြစ်လေ၏။

တစ်နေ့သောအခါ ကလေးသည် အိပ်ရာမှ နိုးလာ၍ တွားတွားထလာကာ အနီးမှာရှိသည့် ရေအင်တုံထဲမှ ရေကို ပုတ်ခတ်၍ ကစား၏။ မြွေပါကလည်း ကလေးအနီး၌ ထိုင်ကာ ကလေးကို ထိန်းသိမ်းလျက် ရှိ၏။ ထိုအချိန်တွင် မြွေတစ်ကောင်သည် ရေသောက်လို၍ ရေအင်တုံအနီးသို့ ရောက်လာ၏။ မြွေပါကို တွေ့လျှင် ကြောက်သည်ဖြစ်၍ ရေသောက်ပါရစေဟု မြွေက ခွင့်တောင်းသည်။ မြွေပါက 'သင်တို့ မြွေမျိုးသည် ဒေါသလည်း ကြီး၏။ စိတ်နှလုံးလည်း ဆိုးရွား၏။ ကလေးကို တစ်စုံတစ်ခု

ပြုမိလျှင် ငါ၏ တာဝန်မကင်း။ ထို့ကြောင့် သင့်အား ရေသောက်ခွင့် မပြုနိုင်ဟု တားမြစ်၏။

မြွေက 'အန္တရာယ်မပြုပါ၊ ရေငတ်လွန်းလို့ သောက်ပါရစေ ' ဟု အကြိမ်ကြိမ် ခွင့်တောင်းလေလျှင် မြွေပါသည်လည်း မြွေကို သနားသည်နှင့် ရေသောက်ခွင့်ပြုလိုက်၏။ မြွေသည် ဦးခေါင်းကို ရေအင်တုံထဲသို့ စိုက်ကာ ရေသောက်စဉ် ကလေးသည် ကစားစရာထင်မှတ်သောကြောင့် မြွေကို ပုတ်ခတ်ကိုင်တွယ်၍ ကစားလေ၏။ မြွေသည်လည်း ပေးထားသည့် ကတိကို မေ့လျော့ကာ မြွေတို့၏ သဘာဝအတိုင်း မိမိအား ထိပါးလာသည်ဖြစ်၍ ကလေး၏ လက်ကို ပေါက်လိုက်လေ၏။

ကလေးကို စောင့်ကြည့်နေသည့် မြွေပါသည်လည်း မြွေပေါက်သည်ကို မြင်သည်နှင့် မြွေအား အပိုင်းပိုင်း ကိုက်ဖြတ်ကာ သတ်လိုက်လေ ၏။ ထို့နောက် ကလေးအလောင်းအနီး၌ ထိုင်ကာနေလေ၏။ ခဝါသည်လင်မယားတို့ ပြန်လာလျှင် ကလေးငယ်၏ အလောင်းနှင့်အတူ သွေးများပေလျက် ရှိသည့် မြွေပါကို မြင်ရသောအခါ ငါတို့ကလေးကို မြွေပါကိုက်သတ်လေပြီဟု ထင်ကာ မြွေပါကို ရိုက်သတ်လိုက်ကြလေသတည်း။ ထို့နောက်မှ မြွေပါကိုက်သတ်၍ အပိုင်းပိုင်းပြတ်ကာ သေနေသည့် မြွေသေကို တွေ့ကြလျှင် ခဝါသည်လင်မယားသည် အဖြစ်မှန်ကို တွေးမိကာ သားသမီးလိုချစ်ခင်လာခဲ့သည့် မြွေပါကို အထင်လွဲမှား၍ ရိုက်သတ်မိလေပြီဟု စိတ်မကောင်းဖြစ်ကာ 'သြော် တို့အဖြစ်ကား မဆင်ခြင်မစဉ်းစားဘဲ ပြုမိချေသောကြောင့် မြွေပါလည်းဆုံး သားလည်းဆုံးရလေပြီတကားဟု စိတ်မကောင်းဖြစ်ကာ ငိုကြွေးကြလေ၏။

(ဤပုံပြင်ကို သင်ခန်းစာယူ၍ နှောင်းလူတို့သည် 'မြွေပါလည်းဆုံး၊ သားလည်းဆုံး ' ဟု ပုံထုံးပြုသော စကားပုံကို အသုံးပြုလာကြလေ၏။

**(စတုတ္ထတန်း၊ မြန်မာဖတ်စာ)မှ**

## ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ

ရှေးသူဟောင်းများသည် အလိုရှိသည့်အခါ အသုံးပြုရန်အတွက် စုဆောင်းသိမ်းဆည်းထားတတ်ကြသည့် ပစ္စည်းတစ်ခုကို 'ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ' ဆိုသလို လိုတဲ့အခါ အလွယ်တကူရအောင် သိမ်းဆည်းရတာပဲဟု ပြောစမှတ်ပြုလေ့ ရှိကြ၏။ ထိုစကား၏ အကြောင်းရင်းဇာတ်ပုပ္ပတ်ကို ရှာဖွေသောအခါ–

အမရပူရမြို့ကောင်းစားစဉ်အခါက ကသဲလူမျိုးမိန်းမတစ်ယောက်သည် ဘဲဥများကို တောင်းနှင့် ထည့်ရွက်၍ အမရပူရမြို့တွင်းသို့ နံနက်စောစောဝင်လာ၍ ရောင်းချလေ့ရှိ၏။ တစ်နေ့သောအခါ မြို့တော်၏ တံခါးဖွင့်ချိန်သို့ မရောက်မီ ထိုကသဲမ ဘဲဥရောင်းသူသည် ဟလျက်ထားသော တံခါးမှ တိုးဝင်လာလျှင် တံခါးစောင့်သည် ဤသို့ တိုးဝင်ရမည်လားဟု ကသဲမကို တွန်းထုတ်လိုက်၏။ ကသဲမသည်လည်း ခေါင်းပေါ်မှ ဘဲဥတောင်းကျကွဲသွားရသောကြောင့် မကျေမနပ်ဖြစ်ကာ မိမိဘဲဥများကျကွဲရသည်ကို အလျော်ပေးရန်အတွက် လွှတ်တော်သို့ သွားကာ တံခါးစောင့်ကို တရားစွဲဆို၏။

ထိုအမှုကို လွှတ်တော်အရာရှိများက စစ်ဆေးရာတွင် 'မယ်မင်း၏ ဝမ်းဘဲဥများသည် လုံးရေ မည်မျှရှိသနည်း' ဟု မေးမြန်း၏။ ကသဲမသည် သူ၏ ဘဲဥများ လုံးရေ အဘယ်မျှ ရှိသည်ကို မပြောနိုင်ချေ။ သို့သော် သူအမှတ်အသားပြုထားသည်ကိုမူ ရှင်းလင်းစွာ ပြောပြသည်မှာ–

'ကျွန်တော်မ၏ ဝမ်းဘဲဥသည် ခုနစ်လုံးစီပုံထားလျှင် တစ်လုံးပိုနေသည်။ ကိုးလုံးစီပုံထားလျှင် သုံးလုံးပိုနေသည်' ဟု လျှောက်ထား၏။

ထိုအခါ လွှတ်တော်အရာရှိသည် ဘဲဥအရေအတွက်ကို သိနိုင်ရန်အတွက် စဉ်းစားတွက်ချက်ကြည့်လေ၏။ သို့သော် မည်သို့မျှ တွက်ချက်၍မရသည်နှင့် အမှုကို အဆုံးအဖြတ်ပေးရန် ခက်နေလေ၏။ ဤအဖြစ်ကို တောမှလာ၍ အမရပူရမြို့တော်တွင် ဆီရောင်းနေသည့် ယောက်ျားတစ်ဦးသည် ကြားသိလာရသဖြင့် လွှတ်တော်သို့ ရောက်လာပြီးလျှင် ဤဘဲဥဘယ်နှစ်လုံးရှိသည်ဆိုခြင်းကို ကျွန်တော် တွက်တတ်ပါသည်ဟု ဆို၏။

ထိုအခါ လွှတ်တော်စာရေးတစ်ယောက်က 'ကျွန်တော် စာနှင့်ရေးမှတ်မည်ပြောပါ'ဟု ဆို၍ ဆီသည်ယောက်ျားက 'တစ်ဆယ်ရေးပါ။ သူ့အောက်က 'တစ်'ကို ရေးပါ။ တစ်အောက်က 'ကိုး'ကို ရေးပါ။ 'ကိုး' အောက်က 'တစ်ရာ'ကို ရေးပါ။ အားလုံးပေါင်းရင် 'တစ်ရာ့နှစ်ဆယ်' ရပါတယ်။ တစ်ရာ့နှစ်ဆယ်ကို ဘဲဥသည် ကသဲမပြောသလို ပုံကြည့်ပါ။ အားလုံးမှန်နေလိမ့်မည်' ဆို၍ ပြုလုပ်ကြည့်ကြရာ မှန်ကန်နေသည်ကို တွေ့ရသောကြောင့် ဆီသည်ယောက်ျားအား သင့်လျော်သည့် ဆုလာဘ်ကို ပေးအပ်လိုက်ကြလေ၏။

(ဤသည်ကို အကြောင်းပြု၍ ရေးလူအိုလူမင်းများသည် ခရီးသွားကြသည့်အခါမျိုးတွင် ဖြစ်စေ 'ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ ဆိုသလို ဆေးဝါးကလေးများ ဆောင်သွားကြနော်။ အကြောင်းတစ်စုံတစ်ရာဖြစ်ရင် သုံးရတာပေါ့' စသည်ဖြင့် ပြောဆိုလေ့ရှိကြသော ဤစကားပုံသည်ကား မော်ဘီဆရာသိန်းကြီး၏ ရှေ့ဖြစ်စာတမ်းပါအရ အမရပူရခေတ်မှ စတင်လာခြင်း ဖြစ်သည်ဟု သိရပါသတည်း။)

## အိုးတော်လုပ် ဖုတ်ရင်းကမကျက်

ရှေးရှေး ကာသိကရာဇ်တိုင်းတွင် ခဝါသည်တစ်ဦးနှင့် အိုးထိန်းသည် တစ်ဦးတို့ ရှိကြလေ၏။ ခဝါသည်မှာ အဝတ်ဖွပ်လျှော်သည့် ခဝါသည် အလုပ်ဖြင့် တစ်နေ့တခြား ချမ်းသာကြွယ်ဝလာလေရာ အိုးထိန်းသည် အတွက် မနာလိုဖွယ်ရာ ဖြစ်လာရလေတော့၏။ ထို့ကြောင့် ခဝါသည် ဆင်းရဲဒုက္ခရောက်စေရန်အတွက် ဘယ်သို့ပြုလုပ်ရမည်နည်းဟု အိုးထိန်းသည်မှာ နေ့စဉ် စိတ်ကူးလျက် ရှိနေ၏။ တစ်နေ့သောအခါ အိုးထိန်းသည် စိတ်ကူးရ၍ ဘုရင်မင်းကြီးထံသို့ ဝင်ကာ 'မင်းကြီး၏ စီးတော်ဆင်သည် အရောင်အဆင်း မည်းနက်နေပါသည်။ ဆင်ဖြူတော်ဖြစ်သွားလေအောင် ကျွန်တော်မျိုးကြီး၏ အတတ်ပညာဖြင့် ဖန်တီးပေးပါမည်။ ဤကာသိကရာဇ်တိုင်းရှိ ခဝါသည်ထံ ပထမအပ်နှံလျှော်ဖွပ်ခိုင်းပါ ရွှေနန်းရှင်ဘုရား'ဟု လျှောက်ထား၏။

အသိဉာဏ်နည်းပါးသော ကာသိကရာဇ်ဘုရင်သည်လည်း ဆင်ဖြူတော်သခင် ဖြစ်ချင်လွန်းသောဆန္ဒဖြင့် မစဉ်းစားမဆင်ခြင်ဘဲ အိုးထိန်းသည် အကြံပေးသည်ကို ယုံကြည်ကာ ခဝါသည်ကို ခေါ်ယူ၍ သူ၏ စီးတော်ဆင်အမည်းကို ဖြူစင်အောင် လျှော်ဖွပ်ပေးစေရမည်ဟု စေလိုက်၏။ ခဝါသည်မှာ ပညာရှိသည်ဖြစ်၍ ဤမမှန်ကန်သောအကြံသည် အိုးထိန်းသည်၏ အကြံဉာဏ်သာ ဖြစ်ပေမည်ဟု တွေးကာ 'ရွှေနန်းရှင်ဘုရား စီးတော်ဆင်ကို ဖြူစင်အောင် လျှော်ဖွပ်ပေးပါမည်။ သို့သော်လည်း ကျွန်တော်မျိုးတို့၏ ခဝါသည်အလုပ်ဆိုသည်မှာ မစင်ကြယ်သောအဝတ်များကို လျှော်ဖွပ်ခြင်း မပြုမီ အိုးတစ်လုံးထဲသို့ ထည့်၍ ပြုတ်ရပါသည်။ ယခု စီးတော်

ဆင်ကိုလည်း ဤသို့ပင် ပြုလုပ်ရပါမည်။ ဤသို့ ပြုလုပ်သည်ကို 'ပေါင်းတင်'သည်ဟု ခေါ်ပါသည်။ သို့ပါ၍ စီးတော်ဆင်ကို ပေါင်းတင်ရန် ပေါင်းအိုးလိုပါသည်ဘုရား၊ ထိုပေါင်းအိုးကို စီးတော်ဆင်ဝင်ထိုင်နိုင်လောက်အောင် ပြုလုပ်ရမည် ဖြစ်ပါ၍ ကာသိကရာဇ်တိုင်း၏ နာမည်ကျော်အိုးထိန်းသည်ထံမှာ အရှင်မင်းကြီးအမိန့်တော်ဖြင့် အိုးတစ်လုံးကို ပြုလုပ်စေတော်မူပါဘုရား'ဟု လျှောက်ထား၏။

အရာရာ၌ ကိုယ်ပိုင်ဉာဏ်နည်းပါးသည့် ကာသိကရာဇ်ဘုရင်သည်လည်း ခဝါသည်ပြောသည့်အတိုင်း ပေါင်းအိုးကြီးပြုလုပ်ပေးရန် အိုးထိန်းသည်ကို ခေါ်ယူ၍ စေခိုင်းလေ၏။ အိုးထိန်းသည်လည်း မိမိပေးသောအကြံဖြစ်သောကြောင့် တပည့်လက်သား ဆွေမျိုး စသည်တို့၏ အကူအညီကိုပါ ခေါ်ယူစုရုံး၍ ဆင်စီးဝင်လို့ ရသည့် ပေါင်းအိုးတစ်လုံးကို အမြန်ပြုလုပ် မီးဖုတ်ကာ ဘုရင်အား ဆက်သလိုက်လျှင် ဘုရင်ကလည်း ခဝါသည်ကို ခေါ်ယူ၍ စီးတော်ဆင်နှင့်တကွ ပေါင်းအိုးကို အပ်နှံလေ၏။ ခဝါသည်လည်း ဆင်ထိန်းနှင့်တကွ စီးတော်ဆင်ကို ခဝါရုံသို့ ခေါ်ယူသွားသည်။ ရောက်လျှင် ပေါင်းအိုးအတွင်းသို့ ရေဆပ်ပြာ စသည်တို့ထည့်ကာ ဆင်ထိန်းအား စီးတော်ဆင်ကို ပေါင်းအိုးထဲသို့ မောင်းနှင်ပေးပါဟု ပြော၏။ သို့သော် ပေါင်းအိုးကြီးသည် မြေနှင့် ပြုလုပ်၍ မီးဖုတ်ထားသည့် အိုးဖြစ်သောကြောင့် စီးတော်ဆင်၏ ခြေတစ်ဖက်သွင်းရုံမျှနှင့်ပင် အစိတ်စိတ်ကွဲလေတော့၏။

ပေါင်းအိုးကြီးကွဲသွားလျှင် ခဝါသည်က 'အိုးတော်လုပ်ဖုတ်ရင်းက မကျက်'ဟု ရေရွတ်ကာ ဘုရင်မင်းကြီးအား ပေါင်းအိုးတော်သည် မီးဖုတ်ရာမှာ မကျက်ပါ၍ စီးတော်ဆင်ခြေတစ်ဖက်ဝင်ရုံမျှနှင့် အစိတ်စိတ်ကွဲသွားပါသည်ဘုရားဟု အိုးကွဲနှင့်တကွ ရှေ့နန်းတော်သို့ ယူဆောင်ကာ

ပြလေ၏။ မင်းကြီးလည်း အိုးထိန်းသည်ကို ခေါ်ယူကာ 'ဟယ် အိုးထိန်းသည် သင့်အိုး ညံ့ဖျင်းလှပါတကား၊ စီးတော်ဆင်၏ ခြေတစ်ဖက်ဝင်သွားရုံမျှနှင့် သင့်အိုးကွဲလေသည်။ ဆင်းနင်းရုံမျှနှင့် အစိတ်စိတ်ကွဲရသည်မှာ 'အိုးတော်လုပ် ဖုတ်ရင်းက မကျက်'၍ ဖြစ်မည်။ ဆင်တော်နင်း၍ ရသည့် အိုးတော်တစ်လုံးကို အမြန်လုပ်စေ'ဟု ခိုင်းလေ၏။

ဤသို့ဖြင့် အိုးထိန်းသည်မှာ မိမိ၏ စေတနာ မိမိကို အကျိုးပေးကာ အိုးတော်လုပ်လိုက်၊ ဆင်တော်နင်း၍ ကွဲပျက်လိုက် ဖြစ်နေသောကြောင့် အခြားသော မိမိ၏ စီးပွားရေးအလုပ်ဖြစ်သည့် အိုးဖုတ်ခြင်းအလုပ်ကို မပြုလုပ်နိုင်တော့ဘဲ ပျက်စီးခြင်းသို့ ရောက်သွားရလေတော့သတည်း။

(ဤအချိန်မှစ၍ နှောင်းလူတို့သည် အလုပ်တစ်ခု မသေမချာ လုပ်မိ၍ ပျက်စီးဆုံးရှုံးသွားရလျှင် 'အိုးတော်လုပ်ဖုတ်ရင်းက မကျက်' ဟူသော စကားပုံကို ခိုင်းနှိုင်း၍ ပြောဆိုကြလေသတည်း။

**(တတိယတန်း မြန်မာဖတ်စာ)မှ**

## ဘုမသိ ဘမသိ

ရှေးသောအခါ မထင်ရှားသော လူတစ်ယောက်သည် မြွေခဲသော ဝေဒနာဖြင့် အိပ်ရာထဲ၌ လဲလျှင် သူ၏ မိန်းမဖြစ်သူအား 'ရှင်မ ငါသေလျှင် ကြာကြာမထားနှင့် ဖောင်တစ်ခုပေါ်တင်ပြီး ရေမှာ မျှောပါ'ဟု မှာကြားကာ သေလေ၏။ မိန်းမသည်လည်း လင်ဖြစ်သူမှာခဲ့သည့်အတိုင်း အလောင်းကို ကောင်းမွန်စွာ ပြုပြင်၍ စောင်တစ်ခုဖြင့် လွှမ်းကာ ဖောင်ပြုလုပ်၍ ရေမှာ မျှောလိုက်၏။

ထိုဖောင်သည် ရေကြောအလိုက် မျောသွားလျှင် ရွာတစ်ရွာ၏ ရေဆိပ်၌ သစ်ပင်၏ အမြစ်နှင့် ညိကာ ရပ်တန့်သွားလေ၏။ ထိုရွာရှိ မြွေဆရာကြီးတစ်ဦး၏ သမီးသုံးယောက်တို့သည် သူတို့၏ ရေချိုးနေကျဖြစ်သည့် မြစ်ဆိပ်သို့ ရေချိုးလာကြလျှင် အကြီးဆုံးသမီးက ဖောင်ကို မြင်၍ ညီမနှစ်ယောက်ကို ညွှန်ပြ၏။ ထိုအခါ ဒုတိယသမီးသည် ဖောင်ရှိရာသို့ ကူးသွား၏။ ဖောင်ပေါ်မှ လူကိုမြင်လျှင် သေနေသည် မသိ၍ ဖောင်ကို ကမ်းသို့ ဆွဲယူလာ၏။ ကမ်းသို့ရောက်လျှင် တတိယသမီးက ဖောင်ပေါ်မှ လူကို သေချာစွာကြည့်၍ မြွေအဆိပ်မွှန်နေကြောင်းကို သိကာ ဖခင်ဆရာကြီးနှင့် ကုသပေးမည်ဟု အိမ်သို့ အမြန်ပြေး၍ ဖခင်ကို ခေါ်၏။ ဖခင်သည်လည်း ဆေးအိတ်ကို ယူ၍ လူနာထံလိုက်လာကြည့်လျှင် သမီးငယ်ပြောသည့်အတိုင်း မြွေဆိပ်မွှန်နေကြောင်း ဖြစ်သည်ကို သိ၍ ဆေးကုသပေးလျှင် အသက်ပြန်ရှင်လာ၏။

ထိုလုလင်သည် ဤသို့ဖြင့် အသက်ချမ်းသာရလာလျှင် ညီအစ်မသုံးယောက်လုံးက ချစ်ခင်ကြသဖြင့် အစ်မကြီးဖြစ်သူက 'ဖောင်ကို ငါက အရင်ဆုံးမြင်သူဖြစ်၍ ငါနှင့်သာ ရထိုက်သည်'ဟု ပြောလေ၏။ ညီမအလတ်က ထိုစကားကို လက်မခံ 'ကျွန်မ ရေကူးပြီး ဖောင်ကိုသွားဆွဲလာလို့ ကမ်းကို ရောက်လာရတာ၊ ကျွန်မ ရထိုက်သည်'ဟု ဆို၏။ အငယ်ဆုံးညီမက 'အစ်မတို့ ဘာပဲပြောပြော မြွေဆိပ်မွှန်နေတာကို ကျွန်မသိပြီး ဖခင်ကို ပြေးခေါ်ပြီး ကျွန်မ ဆေးကုစေလို့ သူအသက်ရှင်လာရတာ ကျွန်မနှင့်သာ ရထိုက်သည်'ဟု ငြင်းဆို၏။

ထိုအခါ အစ်မကြီးဖြစ်သူက 'တို့ညီအစ်မတွေ ယောကျ်ားတစ်ယောက်နှင့် ပတ်သက်ပြီး ခုလိုဖြစ်နေကြရတာ လူကြားလို့ မကောင်းပါဘူး။ ရှက်စရာချည်းပါ။ ဒါကြောင့် သူသွားလိုရာကို သွားပါစေတော့

မမှာရှိတဲ့'ခြည်မန်းကွင်း'နှင့် သူ့လည်ပင်းကို စွပ်ပေးလိုက်မယ်၊ သဘောတူကြလား'ဟုမေးသည်။ သဘောတူသည်ဟု ခေါင်းညိတ်ကြလျှင် လုလင်၏ လည်ပင်းတွင် ခြည်မန်းကွင်းကို အိပ်ပျော်နေခိုက်၌ စွပ်ပေးလိုက်ရာ လုလင်သည် 'ကျက်တူရွေး'ကလေးဖြစ်ကာ အဝေးသို့ ပျံထွက်သွားလေ၏။

ဤသို့ဖြင့် ကျက်တူရွေးသည် အစာရှာဖွေစားသောက်ရင်း ဘုရင့် ဥယျာဉ်တော်သို့ ရောက်သွားကာ ဥယျာဉ်တော်အတွင်းရှိ အရသာချိုမြိန် ကောင်းမွန်သော သစ်သီးများကို ထိုးဆိတ်စားသောက်လျှင် ဥယျာဉ်မှူး က မြင်တွေ့သွား၍ ဘုရင်မင်းမြတ်ကို လျှောက်၏။ ဘုရင်မင်းမြတ်က ထိုကျက်တူရွေးကို အရှင်ရအောင် ထောင်ဖမ်းစေဟု ငှက်ခတ်သမားများ ကို စေသဖြင့် ကျက်တူရွေးကို အရှင်ဖမ်းမိလေ၏။ ထိုအခါ မင်းအား ဆက်လိုက်ကြလျှင် မင်းသည်လည်း ကျက်တူရွေးကလေးအား ချစ်သည်ဟု သမီးတော်စံရာ တစ်ပင်တိုင်နန်း၌ မွေးထားစေဟု လှောင်ချိုင့်နှင့်တကွ သမီးတော်အား ပေးလိုက်၏။

တစ်နေ့တွင် သမီးတော်သည် ကျက်တူရွေး၏ လည်ပင်း၌ စွပ်ထားသည့် ခြည်မန်းကွင်းကို မြင်၍ ချွတ်ပေးလိုက်လျှင် ကျက်တူရွေးသည် သူ၏ မူလပကတိဖြစ်သော လုလင်အဖြစ်သို့ ပြောင်းသွားကာ သမီးတော်နှင့် မေတ္တာမျှကြလေ၏။ ဤအကြောင်းကို ဘုရင်က ကြားသိလျှင် သမီးတော်အဆောင်သို့ ဝင်ကာ ဖမ်းဆီးစေဟု မင်းမှုထမ်းများအား လွှတ်လိုက်၏။ သမီးတော်လည်း လုလင်အား ခြည်မန်းကွင်းကို ပြန်စွပ်ပေးကာ ကျက်တူရွေးအဖြစ်နှင့် အဆောင်မှ လွှတ်ပေးလိုက်လေတော့၏။

ကျက်တူရွေးသည်လည်း ကြောက်လန့်စွာ ပျံသန်းလာရင်းဖြင့် အိမ်တစ်လုံး၏ ပြတင်းဝသို့ ရောက်လာကာ နားလိုက်လျှင် ခြည်မန်းကွင်းသည် သူ၏ လည်မှာ မရှိတော့ဘဲ လုလင်အဖြစ်သို့ ရောက်သွားတော့၏။

ထိုအိမ်တွင် အိမ်ရှင်နှင့် ‘ဘု’အမည်ရှိ သမီးတစ်ယောက်သာရှိ သည်ဖြစ်၍ ဖခင်နှင့် ဘုတို့ ထမင်းထိုင်၍ စားနေကြစဉ် လုလင်ကို မြင် သွားကာ သနားသဖြင့် ထမင်းဝင်စားပါဟု ခေါ်ပြီး အတူထမင်းစားကြစဉ်ခိုက် သမီးတော်အဆောင်သို့ ဝင်ရောက်ဖမ်းဆီးကြသည့် ဘုရင့်အမှုထမ်းများ ရောက်ရှိလာကာ စစ်ဆေးတော့၏။ ဤအိမ်မှာ လူတစိမ်းရှိသလားဟု မေး၏။ အိမ်ရှင်က မရှိပါ၊ ဒီအိမ်မှာ သမီး၊ သမက်နှင့် ဖခင်ဖြစ်သူသာ ရှိပါတယ်ဟု ဖြေ၏။ ရှာဖွေသူများ ပြန်သွားသောအခါမှ ဖခင်က သမီးကို မေးသည်။

“သမီးဘု ဒီလုလင်ကို သိသလား ”

“ဘု မသိပါဘူး၊ ဘနှင့်ရော သိသလား ”

“ဘနှင့်လည်း မသိဘူး၊ ဒါပေမဲ့ ခုနက သမက်လို့ အစစ်ခံလိုက်မိပြီ၊ ဘုရောဘပါ မသိပေမဲ့ ထမင်းလက်ဆုံစားပြီးဖြစ်လို့ သမီးကို ဒီလုလင်နှင့် ထိမ်းမြားပေးရမယ်ဟုဆိုကာ ဖခင်ဖြစ်သူက ထိမ်းမြားပေးလိုက်၏။ သို့သော် သမီးတော်ကလည်း သူ၏ ချစ်သူထွက်ပြေးသွားသည့်နေ့မှစ၍ ချစ်သူအား စွဲလမ်းကာ စိတ္တဇဝေဒနာစွဲကပ်လျက် မအိပ်နိုင် မစားနိုင်ဖြစ်နေလျှင် ဘုရင်မင်းမြတ်သည် သမီးတော်အား ချစ်သနားသည့်အတွက်ကြောင့် လုလင်အား ပြန်လည်တွေ့ရှိရန် စီမံရတော့၏။

စီမံပုံကား မင်းရင်ပြင်တွင် သဘင်ပွဲကြီးခံကာ မြို့တော်ရှိ သူဌေး၊ သူကြွယ်၊ ဆင်းရဲသားများပါမကျန် ဤသဘင်ပွဲကြီးသို့ တစ်ယောက်မကျန် လာရောက်ကြည့်ရှုကြရမည်ဟူသော အမိန့်တော်ကို ထုတ်ကာ စည်လည် စေခြင်းပင် ဖြစ်လေ၏။

ထို့ကြောင့် လုလင်သည်လည်း ဘုနှင့်အတူ ယှဉ်တွဲ၍ သဘင်ပွဲသို့ လာရောက်လျှင် သမီးတော်က မြင်တွေ့သွားပြီး ‘ဤသူသည်ပင် ငါ၏ ချစ်သူဖြစ်တော့သည်’ဟု ဆိုလေ၏။ ထိုအခါ သဘင်ပွဲသို့ ရောက်

လာကြသည့် မြွေဆရာကြီး၏ သမီးသုံးယောက်ကလည်း ‘ဤသူသည် ငါတို့၏ ချစ်သူဖြစ်သည်’ဟု ဆိုကြ၏။ သဘင်ပွဲသို့ ရောက်လာရသည့် လုလင်မြွေခဲမခံရမီက ပေါင်းသင်းခဲ့သည့် မယားဖြစ်သူကလည်း ‘ဤသူသည် ငါ၏ ယောကျ်ားဖြစ်သည်’ဟု ဆိုလေ၏။ ဘုကလည်း ‘ငါ့ဖခင်က ထိမ်းမြားပေးသည်ဖြစ်၍ ဤသူသည် ငါ၏ခင်ပွန်းဖြစ်သည်’ဟု ဆို၏။

ဤသို့ အငြင်းအခုန်ဖြစ်ကြလျှင် ဘုရင်မင်းမြတ်က ‘ငါသည် မင်းဖြစ်သော်လည်း အနိုင်အထက်မပြုလို၊ ဤပြဿနာကို သုဓမ္မစာရီမင်းသမီး၏ တရားခုံရုံးသို့တင်ကာ အဆုံးအဖြတ်ခံကြစေ’ဟု မိန့်တော်မူလိုက်၏။

သုဓမ္မစာရီမင်းသမီးထံသို့ ရောက်ကြလျှင် ဖြစ်ခဲ့သည်များကို အားလုံး စစ်ဆေး၍ ဆုံးဖြတ်မှုပေးသည်မှာ ‘ပထမဆုံးပေါင်းသင်းခဲ့သည့် မယားသည် သူ့လက်မှာ သေခဲ့ပြီဖြစ်၍ အလောင်းကိုပင် ရေမှာ မျော၍ သင်္ဂြိုဟ်ပြီးခဲ့လေပြီ။ ညီအစ်မသုံးယောက်တို့ကလည်း အသက်ရှင်လာအောင် ပြုပေးသည့် ကျေးဇူးရှင်များသာ ဖြစ်ကြ၏။ ဘုရင့်သမီးတော်မှာလည်း ခမည်းတော်ဖြစ်သူက မင်းမှုထမ်းများကို လွှတ်ကာ ဖမ်းဆီးခဲ့စဉ်အခါက အကယ်၍ ဖမ်းမိချေလျှင် သမီးတော်ကိုယ်တိုင် တားဆီးနိုင်ဖွယ်ရာမရှိ၊ အသက်ဆုံးရှုံးဖွယ်ရာသာ ရှိပေ၏။ ယခု လက်ရှိဇနီးမှာမူ အုပ်ထိန်းသူမိဘကိုယ်တိုင်က လုလင်၏ အသက်ကို ကယ်ဆယ်လိုက်သည့်အပြင် မိဘကိုယ်တိုင်က ထမင်းလက်ဆုံ စားစေပြီး ထိမ်းမြားပေးခဲ့သည်ဖြစ်၍ လက်ရှိမယားသာလျှင် ပိုင်ဆိုင်ခွင့် ရှိပေသည်ဟု ဆုံးဖြတ်စီရင်ပေးလိုက်လေသတည်း။

(ဤဖြစ်ထုံးကို အကြောင်းပြု၍ နှောင်းလူတို့၏ ဆိုစကားတွင် ‘ဘုမသိ၊ ဘမသိ’ဟူသော စကားပုံကို အသုံးပြုလာကြခြင်း ဖြစ်သတည်း။)

**(သုဓမ္မစာရီမင်းသမီးဖြတ်ထုံး) မှ**

# နိဂုံး

သင်ခန်းစာလည်းဖြစ်စေ 'ပညာလည်း ရစေသော အကြောင်းရင်း ဗျူပ္ပါတ်နှင့်တကွ စကားပုံများစွာတို့သည် ရှာဖွေစုဆောင်းနိုင်ပါလျှင် များစွာ ရှိနေပါသေးသည်။

စကားပုံဟု အမည်ပေးထားကြသည့် (အတုလဆရာတော်၊ ကျည်း ကန်ကိုရင်ကြီး၊ ပေါက်ကန်မောင်ချို၊ ဘိုးသူတော် ဦးနုနှင့် နှစ်ထပ်ကြော့ စကားပုံများဟူ၍လည်း တွေ့ရပါသည်။ နှစ်ထပ်ကြော့ စကားပုံဆိုသည် မှာ–

* 'မတော်တာကို မကြိုက်နှင့် မခေါ်ရာကို မလိုက်နှင့်။
  မတော်တာကြိုက်က မကြည်ညို၍ ပျက်တတ်သည်။ မခေါ်ရာကို လိုက်က အမြင်တို၍ မျက်တတ်သည်။
* တရားမမှန်တာကို မဟောနှင့်၊ စကားမမှန်တာကို မပြောနှင့်
  တရားမမှန်တာကိုဟောက၊ ပြည်သူတလွဲမှတ်တတ်သည်။
  စကားမမှန်တာကိုပြောက၊ သေသူငရဲကျတတ်သည်။

ဟူ၍ ဖြစ်လေသည်။ ဤသည်ကား စကားပုံများမဟုတ်၊ ဆုံးမစာများသာ ဖြစ်သည်ဟု ရှေးပညာရှိများက ဆိုခဲ့သည်။

အတုလဆရာတော်စကားပုံများမှာလည်း–

* ပညာရှိသော်လည်း သတိရခဲသည်။
အစကောင်းမှ အနှောင်းသေချာသည်။
အကြောက်ရှိမှ၊ အရှက်ရှိသည်။
အမှန်ကိုသိမှ ကဝိခံရာသည်၊ ဤသည်တို့မှာလည်း စကားပုံဟူ၍ မဆိုနိုင်သော ဆုံးမစာများဖြစ်နေသည်ကို လေ့လာနိုင်ပေသည်။

ပေါက်ကန်မောင်ချိုနှင့် ဘိုးသူတော်ဦးနုတို့၏ စကားပုံများမှာလည်း ဤသို့ပင် ရွတ်ဆိုကျက်မှတ်ရ ကောင်းစေရန်အတွက် လင်္ကာများဖြင့် ရေးဖွဲ့ထားကြသည်ဖြစ်လေရာ ဆုံးမစာများပင် ဖြစ်သည်ဟု ဆိုရချေပါမည်။ ပေါက်ကန်မောင်ချို၏ စကားပုံများတွင်–

* အသုံးကြီးသော် မပြီးမစီး၊ စကားလုံးကြီးသော် အချည်းနှီး။
အကြံယူသော် ပြီးမြောက်သည်၊ ဝီရိယရှိသော် ခံစားရသည်။
ဉာဏ်ရှိသော် အမှန်အကန်ကို သိမြင်သည်။

* မမြင်ရာသည် ဆေးသမား၊ မကြားရာတွင် တရားသူကြီး။
မနီးနှောရာသည် မင်းလုလင်၊ မတိုင်ပင်ရာသည် ရှေ့နေရှေ့ရပ်၊
မစေအပ်ရာသည် မိန်းမလျာ၊ မလာမသွားရာသည် နတ်စင်။

စသည်တို့မှာလည်း စကားပုံများအဖြစ် စာရင်းသွင်းရမည်ထက် ဆုံးမစာများပင် ဖြစ်သည်ဟု မှတ်ယူသင့်လှပေသည်။ ဘိုးသူတော်ဦးနု၏ စကားပုံများဟူ၍လည်း များစွာ သီကုံးစုဆောင်းခဲ့သည်ကို တွေ့ရပါသည်။ ဤသည်တို့မှာလည်း–

* သေရည်ကို မသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်

သေရည်သောက်က အပါယ်ဘုံကျတတ်သည်။
ရေကြည်သောက်က အနယ်အမှုန်တို့ ထတတ်သည်။
* ထင်တိုင်းလည်း နိုပ်၍မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍ မမြိုနှင့်
ထင်တိုင်းနိုပ်၍ဆိုက ရန်အသွယ်သွယ်ပွားတတ်သည်။
ဝင်တိုင်းသိပ်၍ မြိုက၊ အန္တရာယ်များတတ်သည်။

ဆုံးမစာများပင် ဖြစ်နေပါ၍ စကားပုံအလင်းပြစာရင်းသို့ မသွင်းဘဲ ချန်လှပ်ထားခဲ့လေသည်။

သို့ပါ၍ အကြောင်းရင်း ဗျုပ္ပတ်နှင့်တကွ သင်ခန်းစာလည်းဖြစ် စေ၊ ပညာလည်းရစေသော စကားပုံများကိုသာ စုဆောင်း၍ဖော်ပြလိုက် ပါသည်။ ဆက်လက်စုဆောင်းနိုင်ပါလျှင်လည်း ခိုင်ခံ့၍ဗျုပ္ပတ်နှင့်တကွ သော စကားပုံများစွာတို့ ရှိပါသေးသည်။ ယခုသော်လက်လှမ်းမီသမျှ သာ စုဆောင်းနိုင်ပါသေးသည်။

အချို့သော စကားပုံတချို့တွင် 'ကောသလအိပ်မက် တစ်ဆယ့်ခြောက်ချက်၊ ငါးတစ်ကောင်ရ ငါ့သမီးရှင်ထွေး ဈေးတင်ဘို့လေး၊ ဘုန်းကြီးရှေ့ကကြွ၊ မသာနောက်ကလိုက်' စသည်တို့ကို စကားပုံများအနေဖြင့်မှတ်တမ်းပြုထားကြသည်ကိုလည်း အများအပြား တွေ့ရပါသည်။ သို့ပါ၍ မျိုးဆက်သစ်လူငယ်များအတွက် ရှေးမြန်မာကြီးများ၏ မြန်မာမှုတစ်ရပ်အနေဖြင့် လေးစားစွာ လိုက်နာပြောဆို ကျင့်ကြံရှောင်ကျဉ် စသည်များဖြင့် တစ်သက်လုံးမမှားစေမည့် လက်သုံးစကား၊ စကားပုံများကို ဗျုပ္ပတ်ဟူသော အကြောင်းရင်းနှင့်တကွ အလင်းတည်းဟူသော ကျမ်းတစ်စောင်အဖြစ် စုဆောင်းရေးသားလိုက်ရပါသည်။

ပညာကြွယ်ဝ၊ သုတနှင့် ပြည့်စုံကြပါစေ။

**ကြည်ဦး**

**၁၈-၂-၂၀၀၄**